

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် · · · · · ၅၀၀၄၇၅၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက် · · · ၅၀၀၅၅၇၀၅၁၁

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၁၁ ဇွန်လ

အုပ်ရေ - ၁၀၀၀-အုပ်

တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ -L လင်း

စီစဉ်သူ -ဒေါ်ငွေငွေမော်

၈၉၅·၈၃

ဆုလေးနွယ်

ဂုဏ်ယူလိုသောအချစ်ကြောင်း / ဆုလေးနွယ်။ -

ရန်ကုန်

ဉာဏ်ဝင်း စာပေ ၂၀၁၁၊

၂၅၆ - စာ ၊ ၁၂·၅ X ၁၇·၅ စင်တီ။

(၁) ဂုဏ်ယူလိုသောအချစ်ကြောင်း

ဒေါ်ငွေငွေမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ သုခစံကီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇) ၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ…

ဂုဏ်ယူရတဲ့အချစ်ကလည်း…

ငါ့နှလုံးသားကို…

မငြိမ်းချမ်းစေပြန်…။

တစ်နေ့မှာ…

သူက အမှတ်မထင်…

အသစ်ပေါ်လာပြီး…

ငါ့ရင်ထဲက အချစ်တွေကို…

ကျစ်ဆံမြီးလို…

တစ်ပင်ပြီးတစ်ပင်…

အသာအယာ ကျစ်ယူသွားတယ်…။

အဲဒီ ကျစ်ဆံမြီးဟာ…

ဘယ်မှာအဆုံးသတ်မလဲဆိုတာ…

သူလည်း သိပုံမရပါဘူး…။

ငါကတော့

သစ္စာရှိဖို့ လေ့ကျင့်ရင်း…

တစ်ခါတစ်ခါ…

အသက်ရှူတွေ ကျပ်နေတယ်…။

နေနေလုံ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေးအတွက် ပုဗ္ဗန်ဖက်ထုပ်ကင် ဝင်ဝယ်ပြီးနောက် နွေလုံက ကောင်တာနားမှ ပြန်ထွက်လာသည်။

မနက်ခင်း စောစောမို့ လက်ဖက်ရည်ဆိုင်လေးထဲ လူသိ မများသေး။

အမိုးကျယ်ကျယ်...အခင်းပြန့်ပြန့်နှင့် အကာအရံ နှစ်ဖက်သာ ရှိပြီး စားသောက်ဖွယ် အစုံအလင် ရနိုင်သော ဤဆိုင်လေးမှာ ကျယ်ဝန်းသားနားပြီး သန့်ပြန့်တာကြောင့် မနက်ပိုင်းဆို ကိုယ်ပိုင်ကားတွေ ဆိုင်နံဘေးက လမ်းကလေးထဲ စီတန်းနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံသည် မနက်ပိုင်း စက်ဘီးလေးနှင့် အိမ်ကထွက် ကန်ပေါင်ပေါ် လျှောက်ပြီးလျှင် အပြန်ကျ ဉာလက်ဖက်ရည်ဆိုင် လေးထဲ ဝင်ကာ ဒေါ်လေးသိန်းစားဖို့ တစ်ခုခု ဝင်ဝယ်နေ ဖြစ်သည်။

ဒေါ်လေးသိန်းက မေမေ့ညီမဝမ်းကွဲဆိုပေမယ့် သူမအ ချစ်ခင်ရှာသည်။ မေမေ မရှိတဲ့နောက်ပိုင်း ဒေါ်လေးနှင့်သာ အ နေထိုင် ကြီးပြင်းခဲ့ရသော နွေနွေလုံကလည်း ဒေါ်လေးကို အမေ လို သဘောထား ပြုစုလုပ်ကျွေးပါသည်။

ရတဲ့လခကို ဒေါ်လေးဆီ တစ်ဝက်အပ်ကာ ကျန် ပိုက်ဆံ ကိုသာ ကိုယ်ရေးကိုယ်တာ သုံးစွဲသည်။ အပြင်ထွက် ဒေါ်လေး ကြိုက်တတ်တဲ့ မုန့်တစ်ခုခု ဝယ်နေကျလည်း ဖြစ်သ

ဖော့ဘူးထည့်ထားတဲ့ ကြွပ်ကြွပ်အဖြူလေးဆွဲကာ ဆိုင်ပြင်သို့ ထွက်လာစဉ် သူမရှေ့ ကတ္တရာလမ်းပေါ်မှာ ဟန်း ပြောရင်း လျှောက်သွားတဲ့ လူရွယ်တစ်ယောက်ကို တွေ့ရသ

ဘောင်းဘီခပ်ပွပွ ထူထူအိအိ အနက်ရောင်မှောင်မှောင် အပေါ်က တီရှပ်လက်ရှည်မှာ အသားရောင်အခံပေါ် ကော် လက်တို့မှာ ပန်းရောင်နှင့် ခရမ်းရောင် ရောစပ် ဒီဇိုင်းဖော်ထား



ကျောပြင်မှာလည်း စတစ်ကာအရုပ်တွေ ရှုပ်ယှက်အောင် ပါသဖြင့် လုံလုံက ဘာရယ်မဟုတ် ထိုလူ ဖုန်းပြောရင်း လျှောက်သွားတဲ့ ဟိုင်လိန့်နှင့် သူ့ကျောပြင်နောက်ပိုင်းကို အမှတ်တမဲ့ ကြည့်နေမိ သည်။

လုံလုံ ဆိုင်အဝင်အနားရောက်တဲ့အချိန်မှာ သူက ပြိုင်ကား ပုံစံ ဖက်ဖူးစိမ်းရောင်တောက်တောက်ကလေးပေါ် ဖျတ်ခနဲ တက်၍ စက်နိုးလိုက်သည်။

BURMESE CLASSIC

လူပုံစံက သားနားကြော့မတ်သလို ကားလေးကလည်း အမိုက်စားဖြစ်သည်။ မီးလုံးအဝိုင်းကြီးတွေနှင့် ဘောနက်လေး ပြည့်တတ် ပြောင်လက်နေပုံမှာ အင်မတန် ပုံစံကျသည်။

ဖုန်းပြောရင်းတန်းလန်းက ကားကို ကျွမ်းကျွမ်းကျင်ကျင် ဘက်ခ်ဆုတ်ထွက်နိုင်တာဟာ တော်သားပဲဟု စိတ်ထဲက ချီးမွမ်း၍ ဆုံးမီပင်…

"ဒုတ်…ဝုန်း…ဂျိုင်း…"

ဆိုတဲ့ အသံတွေ ဆက်တိုက်ကြားရပြီး နောက်ဘက်က နုတ်နံရံနား ကပ်ထောင်ထားတဲ့ စက်ဘီးတစ်စီးကို တိုက်ချလိုက်ပြီ ဆိုတာ မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ…

အခုမှ ရင်ဘတ်ကလေး ဖိမိလိုက်သည်။

သူ တိုက်ပစ်လိုက်တာ…လဲပြိုကျိုးကျေကုန်တာ လုံလုံ

စက်ဘီး…။

မနေ့ကမှ မမဆုန် လက်ဆောင်ပေးထားတဲ့ အသစ်စက်

စက် စက်ဘီးကလေး…။

အရောင်ကလည်း လှုံလုံကြိုက်တဲ့ ဇီးညိုရောင်အရင့်လေး

နှမြောစိတ်နှင့် လုံလုံက အပြေးသွားကြည့်သည်။

စက်ဘီးမှာ တပ်ဆင်ထားတဲ့ အလှအပ မီးသီးလေး

ကွဲကြေရုံမက၊ စပုတ်တိုင်တွေလည်း ကျိုး၊ ဘီးလည်း ခွင်

စက်ဘီး လေးဟာ ရစရာပင် မရှိတော့…။

အခုမှပဲ ကိုယ်တော်ချောက 'ကျွတ်' ဟု ရေရွတ်လျှ

ကားပေါ်က ပြန်ဆင်းလာပါသည်။

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ ဟင်"

"တိုက်မိသွားပြီလား…ဒါ မင်းစက်ဘီးလား"

"ဟုတ်တယ်…ကျွန်မ စက်ဘီး"

မျက်ခုံးလေးရှုံ့ကာ သူ့ကို စူးစူးရဲရဲ မကျေမနပ် ကြည့်လိ





သော ကောင်မလေးကို ကြည့်မိတော့ သူ့ရင်ခွင်တစ်ခုလုံး ငြိမ့်ခနဲ

လှိုင်းတစ်ခု စီးဖြာနွေးသွားသလို ခံစားရသည်။

လှလိုက်တဲ့ မျက်နှာလေးကွာ…ချစ်စရာလေးပါလား။

သူ သတိလက်လွတ် ငေးမောသွားရတဲ့အထိ သူမ မျက်နှာ

လေးက ဖြားယောင်းနိုင်သည်။

ပြောလက်စ စကားတို့ပင် ရပ်တန့်ကုန်ရ၏။

"ဆောရီးပဲ…မတော်တဆ အရှိန်များသွားတာပါ"

"အို…ရှင် ဆောရီးပြောလို့ ပြီးမလား"

"ဒါဆို ကျွန်တော် ဘယ်လိုပြောရမလဲ"

"ဒီမှာ စက်ဘီးပုံကိုလည်း ကြည့်ဦးလေ"

"တွေ့ပါတယ်ဗျာ"

"ဘာရှင့်"

"ဘယ်လိုလုပ်ပေးရမလဲ စဉ်းစားနေတာ"

သူ့နှုတ်ခမ်းတွေက အေးအေးဆေးဆေး အမြဲးမပျက်ပေ။

နွေနွေလုံ့မှာတော့ ပျက်စီးသွားတာ ကိုယ့်ပစ္စည်းမို့ မပြုံးနိုင်။

အာကာချမ်းထက်က သူမရဲ့ ချစ်စရာကောင်းတဲ့ ပေါ်နံပန်

သေးဆီက ချက်ချင်း အကြည့်မလွဲနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ညိုပျော့ပျော့ စင်းစင်းလေးတွေကို နောက်ဘက်မှာ စုစည်းချည်နှောင်ထားသဖြင့် မျက်နှာရှင်းရှင်းလေးက ဝင်းပနေသလို လည်တိုင်လေးကလည်း နုမွတ်ကြော့ရှင်းနေသည်။ တီရှပ် အနက်ရောင် လက်တိုလေးကို ဝတ်ထားတာ ဘာမှ မဆန်းဘဲနှင့် အရမ်း ကြည့်ကောင်းနေသည်။

ဘောင်းဘီရှည်က အညိုရောင်ဘေးလိုင်းပါသော ဆွဲသား ဘောင်းဘီအသားရောင်၊ ကင်းဘတ်ရှူးလေးကလည်း အသားရောင်နှင့် အနက်ရောင် အစပ်လေး ဖြစ်သည်။

အသားလေးက ဖြူနုဝင်းဝင်းမွတ်နေတော့ ဘာပဲဝတ်ဝတ် လှနေမယ့် ကောင်မလေးပါပဲ။

အထူးခြားဆုံးကတော့ မျက်တောင်ကော့တို့ ဝန်းရံထားတဲ့ သူမရဲ့ နက်ရွှန်းရွှန်း မျက်လုံးဝိုင်းဝိုင်းလေးပါပဲ။ အရည်ကြည်လဲ့နေတာ လူတစ်ဖက်သားရင်ကို လှုပ်ခတ်စေနိုင်မယ့် မျက်ဝန်းကလေး ဖြစ်သည်။ ကြည့်လိုက်တာနှင့် အသက်ရှူမှားစေသည်။

အာကာချမ်းထက် မင်သက်သွားရတာပဲ ကြည့်...။

သူသည် ခဏနေမှ စက်ဘီးကို ပြန်ထောင်ပေးဖို့ သတိရသည်။





"ကျွန်တော် ပြန်လျော်ပေးပါ့မယ်ဗျာ"

လို့လို့မျက်နှာလေးက မကြည်လင်နိုင်။ မှုန်ကုပ်ရှုံ့မဲ့နေသည်။

နှမြောစိတ်မကောင်း ဖြစ်နေဟန်ရှိတဲ့ သူမရဲ့မျက်လုံးလေးတွေကြောင့်...

"ကျွန်တော် ဘယ်လောက် လျော်ပေးရမလဲ"

"ဘယ်သိမလဲ...စက်ဘီးပြင်ဆိုင်ပို့မှ သိမှာပေါ့"

သူမက ဘုကျကျလေး ပြန်ဖြေသည်။

"ပြင်ဆိုင်က ဘယ်မှာလဲ"

"ကျွန်မလည်း မသိဘူး"

ဘာပဲဖြစ်ဖြစ် ကားနောက်ခန်းထဲ တင်လိုက်မှပဲဟု တွေးကာ အာကာချမ်းထက်က စက်ဘီးကို မယူ၍ ကားထဲ ထည့်သည်။

သူ့ကားက အမိုးဖွင့်ဖြစ်၍ အဆင်ပြေပါသည်။

"ဒီမှာ...ကျွန်တော့်ကားလည်း ဘောဒီဆေးပွန်းသွားပြီ"

"ဩော်...ရှင့်ကားထိတာ ရှင့်အပြစ်ပဲ၊ ဒါပြောနေစရာ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဗျာ…ဟုတ်ပါတယ်၊ ပြောမိတာ မှားပါတယ်"

သူ ရယ်လိုက်မိလျှင် ကောင်မလေးက သူ့ကို မျက်စောင်းရွယ်သည်။

သူမရဲ့ မျက်စောင်းချိုပုံလေးမှာ အာကာချမ်းထက် အသည်းကို လှုပ်ခါယိမ်းထိုးသွားစေသည်။

"မထူးပါဘူး…ကျွန်တော် အသစ်တစ်စီး ဝယ်ပေးပါ့မယ်ဗျာ"

သူ ဒီလို ပြောလိုက်တော့လည်း လုံလုံ အားနာသွားမိပါသည်။ စက်ဘီးက တစ်စီးလုံး ပစ်ရသွားအောင် ပျက်စီးတာတော့ မဟုတ်ပါ။ ပြင်လိုက်ရင်…ဘီးအသစ်လဲလိုက်ရင် မြန်ကောင်းနိုင်သေးတဲ့ အခြေအနေပါ။

"ဒီစက်ဘီးက မနေ့ကမှ လက်ဆောင်ရထားတာ"

သူမ စိတ်လိုလက်ရ တစ်ခွန်းပြောလိုက်မိသည်။

"ဟုတ်လား…စိတ်မကောင်းပါဘူး"

"ရှင်အချိန်ရရင် စက်ဘီးပြင်ဆိုင် ပို့ပေးလိုက်ပါလား"

"ဟုတ်ကဲ့…ပို့ပေးပါ့မယ်"





ဘာပဲဖြစ်ဖြစ် သူမစကားကို ခေါင်းညိတ်တာ အကောင်းဆုံး မဟုတ်လား။

တကယ်တော့ အာထက်က စက်ဘီးပြင်ဆိုင် မဆိုထားနှင့် ကားဝပ်ရှော့ပင် သွားချင်တဲ့သူ မဟုတ်။

မတော်တဆ သူ့ကား လမ်းမှာတစ်ခုခု ထိခိုက်မိရင်တောင် အိမ်ကို ချက်ချင်း ဖုန်းဆက်ပြီး ဒက်ဒီတပည့်တစ်ယောက်ယောက်ကို လွှတ်ဖြေရှင်းခိုင်းနေကျ…။

သို့သော် ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ သူ မခေါ်ချင်ပါ။ ဒီကိစ္စကို ကိုယ်တိုင်ပဲ ဖြေရှင်းချင်သည်။

ကောင်မလေး မျက်နှာမြင်လိုက်ရကတည်းက သူ့စိတ်တွေက ဘာဖြစ်မှန်းမသိ၊ ဘာမဆို ရှေ့က ဆောင်ရွက်ပေးချင်မိတော့တာပဲ။

နွေနွေလုံသည် သူ့ကို ဤသို့ လွှတ်ခနဲပြောမိပြီးမှ မှားပြီလားဟု တွေးသည်။

"ဒါဆို မင်းလည်း ကားပေါ်တက်မှ ဖြစ်မှာပေါ့၊ ဘာကြည့် နေတာလဲ"

နွေနွေလုံက အနည်းငယ် တွေဝေတုန့်ဆိုင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုမှ သိရ…တွေ့ရတဲ့ လူရွယ်တစ်ယောက်ရဲ့ ကားပေါ် တက်လိုက်သွားလို့ ကောင်းပါ့မလား…။

ပြီးတော့ သူ့ကားက ထူးခြားလှပနေတဲ့ ပြိုင်ကားပုံစံ။

တွေ့တဲ့လူတွေ အလွယ်တကူ မှတ်မိနိုင်စရာပဲ။ မတော် တဆ တစ်ယောက်ယောက် တွေ့သွားခဲ့ရင် သူမကို ဘယ်လို ထင်မလဲ။

ကဲလေ…ဒါတွေ စဉ်းစားနေဖို့ အချိန်မှမရှိဘဲ…။

နွေနွေလုံက သူ ကားတံခါးဖွင့်ပေးကာ ခါးညွတ်ပြီး ဖိတ် ခေါ်ဟန်ပြုလျှင် ခပ်တည်တည်နှင့် သူ့ကားပေါ် ထိုင်လိုက်ပါတော့ သည်။

ထို့နောက် စက်ဘီးတင်ဆောင်ထားသော ကားကလေး သည် ပြည်လမ်းပေါ်သို့ ရောက်လာသည်။

တကယ်တော့ မနက်စောစောမို့ မည်သည့်ပြင်ဆိုင် လည်း မဖွင့်သေးပါ။

ဟိုဒီပတ်ရှာရင်း အာကာချမ်းထက်က သူ့နံဘေး ကောင်မလေးကိုသာ ခိုးခိုးကြည့်မိသည်။

ကောင်မလေးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်





ထားက တည်လှတာမို့ သူလည်း အလာပသလ္လာပ စကားပင် ဆိုရဲ အောင် ဖြစ်နေရသည်။

ဘာပဲဖြစ်ဖြစ် ကောင်မလေး ဘေးနားပါတော့ ကားမောင်း ရတာ ပျော်စရာကောင်းသည်။

လေနုအေးလေးက သူတို့ကို တိုးဝှေ့တိုက်ခတ်နေတာပင် တစ်မျိုးကြည်နူးစရာကောင်းသည်။

သူမက နဖူးပေါ်က လွင့်နေတဲ့ ဆံနွယ်လေးတွေကို သက်ချောင်းလေးတွေနှင့် ပြန်ဖိချသည်။

ဆံပင်လေးတွေ လေမှာ လွင့်နေတဲ့ သူမဟန်ပန်မှာ တစ်မျိုး ဆန်းဆန်းသည်။

ဈေးနားက စက်ဘီးပြင်ဆိုင်တစ်ခုမှာ စက်ဘီးကို ချပြီး ပြင်ဖို့အပ်ထားလိုက်ပြီးတဲ့အခါမှာတော့…

“မင်းကို ဘယ်ပို့ပေးရမလဲ”

“ရပါတယ်…ကိစ္စမရှိဘူး”

“အားမနာပါနဲ့”

“အားနာလို့ မဟုတ်ပါဘူး”

“ဒါဆို ကျွန်တော့်ဖုန်းနံပါတ် ယူထားပါလား”



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးလျော်ကြေး ရစရာရှိတာမို့ နွေနွေလုံက သူပြောတဲ့ ဖုန်းနံပါတ်ကို မှတ်ထားလိုက်ပါသည်။

"မင်းရဲ့ဖုန်းလည်း ပေးဦးလေ"

စတွေ့ကတည်းက နိုကီရာ ဖုန်းပြာပြာ ပါးပါးလေးကို လည်မှာဆွဲထားတာ အာထက်မြင်သည် မဟုတ်လား။

နွေနွေလုံ ငြင်းမည်ပြင်ပြီးမှ သူ့အကြည့်က ဖုန်းဆီ ရောက် ပြီးသားမို့...

(ဖိုက်ဝမ်းဖိုးဖိုး.....) ဟု ပြောပြလိုက်မိသည်။

သူက သူ့ဖုန်းထဲမှာ မယ်မိုရီသွင်းလိုက်သည်။

မယ်မိုရီ သွင်းရင်းက မသိမသာနှင့် သူမမျက်နှာလေးကို အသာခိုး၍ ဓာတ်ပုံ ရိုက်ယူလိုက်သည်။

ပြီးလျှင် မလုံမလဲနှင့် ကောင်မလေးကို သူ ပြုံးပြသည်။ ကောင်မလေးက အားတုံ့အားနာဟန်နှင့် မပွင့်တပွင့် တုန့်ပြန်ပြုံး[illegible] သည်။ ဖျတ်ခနဲ ခွေလိုက်တဲ့ အပြုံးလေးဟာ မင်သက် ဝေးချင်စရာ[illegible]

မပီပြင်လှသော အားနာပြုံးလေးကိုပင် သူ့မှာ စွဲစွဲမက်[illegible] ဖြစ်သွားရသည်။ ပွင့်ပွင့်လင်းလင်း ပြုံးရယ်နေလျှင် အတော်လှ[illegible] ဟုလည်း ခန့်မှန်းမိသည်။





"ကျေးဇူးပဲဗျာ...ကျွန်တော့်ကို ဆက်သွယ်လိုက်ပါ၊ [illegible]ဘီးရတဲ့နေ့ ကျွန်တော် လာပို့ပေးပါ့မယ်"

ကောင်မလေးက ခေါင်းညိတ်သည်။ ထို့နောက် ပြောစရာ [illegible]တော့သလို သူ့အနားက ထွက်ခွာဖို့ ခြေလှမ်းပြင်သည်။

သူမကို ကြည့်ရတာ သူစိမ်းယောကျ်ားလေးတစ်ယောက် [illegible] သိကျွမ်းရင်းနှီး မိတ်ဖွဲ့လိုပုံ မရပါ။

သူ့ကိုမြင်ရင် ကောင်မလေးတွေက မဆွတ်ခင်က [illegible]ချင် ချင်...ကြွေချင်ချင် ဖြစ်နေတာပဲ၊ မကြာခဏ ကြုံဖူးသော [illegible]ထက် ဟာ-သူမရဲ့ တည်ငြိမ်အေးစက်သော ဆက်ဆံရေးကို [illegible]တာသြ ဖြစ်မိတာလည်း အမှန်ပါ။

"ပြန်တော့မလို့လား..."

သူ တစ်ခွန်း ကမန်းကတမ်း မေးသည်။

"အင်း"

သူမက 'အင်း' တစ်ခွန်းပဲ ဖြေပြီး ဆက်လျှောက်သွား[illegible] အာထက်က ကားပေါ် အမြန်တက်ပြီး သူမနောက်က ဘီး [illegible]လိုမှချင်း အသာအယာ မောင်းလာမိသည်။

လမ်းထိပ်ရောက်လျှင် ဘတ်စ်ကားမှတ်တိုင်ဆီ ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွား၏။ ကားကမလာသေးလျှင် သူမက ကားမှတ်တိုင်… ထိုင်ခုံလေးမှာ အေးအေးဆေးဆေး ထိုင်စောင့်နေပါသည်။

အာထက်က သူမကို လက်ပြရင်း ကားနှင့် ဖြတ်မော… သွားရသော်လည်း ရင်ထဲမှာ သူမအေးနားက မခွာချင်သေး… ဆန္ဒကသာ ကြီးစိုးနေပါသည်။

မင်းက ဘယ်လိုလေးမှန်း မသိဘူးနော်…။





ခြံဝင်းရဲ့ သံဇကာကွက်တံခါးလေးကို ပတ္တာဖြုတ်၍ ဖွင့်…ကာ လှမ်းဝင်လာသော နွေနွေလုံကို ဝိုက်ခံပျဉ်ထောင်အိမ်…ထပ်လေးရဲ့ အိမ်တံခါးဝကနေ ဒေါ်လေးက ဆီးကြိုလှမ်းကြည့်…

"ဟဲ့…စက်ဘီးရော၊ သွားတုန်းက စက်ဘီးနဲ့မဟုတ်လား"

စက်ဘီးအသစ်လေးနှင့် ဟန်ကျပန်ကျ နင်းသွားတဲ့ လုံလုံ့…နောက်တုန်းက သဘောတကျ ကြည့်နေမိခဲ့သေးတာကြောင့်…လေးက မျက်ခုံးပင့်ရင်း မေးသည်။

"မပြောချင်တော့ပါဘူး ဒေါ်လေးရယ်၊ လုံ့စက်ဘီး ခဏ…ထားခဲ့တာကို ကားတစ်စီးက နေရင်းထိုင်ရင်း အသားလွတ်…ချပစ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်...ဟုတ်လား၊ စက်ဘီးပျက်စီးသွားပြီပေါ့"

"သူက လျော်ပေးမယ် ပြောပါတယ်၊ အခုလည်း ပြင် မှာ သူပဲ အပ်ပေးခဲ့တယ်"

"ဒီလောက်အစောကြီးမှာ ကားကို ရမ်းရမ်းကား မောင်းတဲ့သူက ရှိသေးတယ်၊ လူငယ်ပဲလား"

"အင်း...ငယ်တာပေါ့၊ လုံလုံတို့အရွယ်ပဲ"

နွေနွေလုံက စကားတပြောပြောနှင့် အုတ်လှေကား လေးကို လှမ်းတက်လာခဲ့သည်။

"သူ့ကြောင့် အချိန်တောင် နောက်ကျနေပြီ၊ ဒေါ်လေးဖို့ ဝယ်လာတဲ့ ဖက်ထုပ်ကြော်လည်း အေးကုန်ပြီ၊ စား ဦးနော်၊ လုံလုံ ရေချိုးလိုက်ဦးမယ်"

"အခုမှလာတာ၊ ချွတ်ချင်း ချိုးမလို့လား၊ နားဦး"

"နားနေရင် ရုံးနောက်ကျနေမယ် ဒေါ်လေးရဲ့၊ ရှစ်နာရီ ထိုးနေပြီ"

"အေး...အေး၊ ချိုးလို့ဖြစ်ရင်လည်း ချိုးပေါ့"

နွေနွေလုံက သူမရဲ့ အခန်းထဲသို့ တန်းဝင်လာကာ အစားလဲ၍ ထမီရင်လျားလေးနှင့် ပြန်ထွက်လာသည်။





အိမ်မှာ သူမနှင့် ဒေါ်လေးသိန်းပဲရှိရာမို့ လွတ်လပ်သည်။ အခန်းနှစ်ခန်းဖွဲ့ထားပြီး ဒေါ်လေးတစ်ခန်း၊ လုံလုံတစ်ခန်း သည်။ နောက်ဘက် မီးဖိုချောင်မှာ ရေချိုးခန်း၊ အိမ်သာက လျက်။

လုံလုံက ရေချိုးခန်းထဲ အမြန်ဝင်ကာ တံခါးပိတ်လိုက်၏။ ရေချိုး ပြင်ဆင် အဝတ်အစားလဲပြီးတာနှင့် ထွက်ရုံပဲလေ။ သူမတို့ ရုံးမှာ ထမင်းချိုင့်တွေဘာတွေ ယူစရာမလို။ အန့်တီကြည်က သဘောကောင်းကောင်းနှင့် နောက်ကျ လည်း ဆူတဲ့သူမဟုတ်။

ပြီးတော့ နေ့လည်စာကိုလည်း ရုံးရှေ့ မလှမ်းမကမ်းမှာရှိတဲ့ သောက်ဆိုင်ကြီးကနေ ကြိုက်တာမှာယူစားသောက်ရုံမို့ အရမ်း ဆင်ပြေသည်။

လုံလုံ ရုံးသွားလျှင် ဒေါ်လေးက သူ့ဟာသူ ချက်ပြုတ်စရာ ချက်ပြုတ်လျှော်ဖွတ်ပြီးလျှင် စက်ကလေးတစ်လုံးနှင့် အထည် ထိုင်ချုပ်နေတော့မည်။

တူအရီးနှစ်ယောက်သားဘဝမှာ ပူပင်ကြောင့်ကြမှု အေးလူလူ နေထိုင်ရသောဘဝမို့ ကျေနပ်စရာကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံသည် ကမန်းကတမ်း ရေချိုး၊ အလှပြင်နေမိ

ကာပဲ အတွေးထဲမှာ အခုန ပြိုင်ကားနှင့်လူအကြောင်း ဖျတ်

ရောက်လာမိသေးသည်။

လုံလုံ့ကိုများ ပြုံးပြုံးကြီး စိုက်ကြည့်နေလိုက်

မျက်တောင်ပင် ခတ်မှ ခတ်မိရဲ့လား မသိ။

ရှင်ကတော့ လူပျို လူလွတ် မဟုတ်မဟုတ် ကျွ

မသိဘူး။

ဒါပေမယ့် ကျွန်မဆီမှာ ချစ်သူရှိတယ် ရှင့်···။



“ဟက်လို···”

တစ်ဖက်က ထူးသံတိုးလေး ပေါ်လာလျှင် အာကာချမ်းထက်

ခနဲ ရင်တစ်ချက် ခုန်သွားရသည်။

“ဟက်လို···ကျွန်တော်ပါ၊ အခုပြောနေတာ စက်ဘီးနဲ့

ာင်မလေးလား”

နွေနွေလုံက မျက်မှောင်လေး ကုပ်သွားမိ၏။

“ပြိုင်ကားပိုင်ရှင်လား”

“ဟုတ်ပါတယ်”

သူ့အသံသည် ချိုရှရှနှင့် ဆွဲဆောင်မှုရှိနေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်စားပွဲမှာ ဓာတ်ပုံတွေ၊ စာရွက်တွေ ရှုပ်ယှက်ခတ်နေ
(Lap top) လက်တော့ပ် ကွန်ပျူတာလေးပါ ဖွင့်ချထားလက်
လုံလုံမှာ သူနှင့် စကားလက်ဆုံကျနေဖို့ အချိန်မရ။

မနက်ဖြန်ဆိုပဲ မဂ္ဂဇင်းက ဖောင်ပိတ်တော့မှာ...။

စီမံမှု အယ်ဒီတာတစ်ယောက်ဖြစ်တဲ့ သူမမှာ ဒီလိုရက်
လုံးဝမအားချေ။

"ပြောပါ...ဘာများလဲ"

"မင်းကိုတွေ့ခဲ့တဲ့ လက်ဖက်ရည်ဆိုင်မှာ ဒီမနက် ကို
စောင့်ကြည့်နေတယ်၊ မင်း မလာဘူးနော်၊ လမ်းလျှောက်မထွက်
လား"

"အင်း...မထွက်ဖြစ်ဘူး"

"ဘာလို့လဲ...စက်ဘီးမရသေးလို့လား"

"မဟုတ်ပါဘူး"

"အပ်ထားတဲ့ စက်ဘီးကို ကိုယ်သွားမေးကြည့်သေး
ကွ၊ မြင်လို့ မပြီးသေးဘူး"

"ဟုတ်ကဲ့...ကိစ္စမရှိပါဘူး"

"ရရင် ဘယ်ကိုလာပို့ပေးရမလဲ"





"ကျွန်မ ရှင့်ဆီ ဖုန်းဆက်လိုက်ပါ့မယ်၊ အခု ဒီမှာ နည်း
နည်း အလုပ်များနေလို့ပါ၊ ဒါပဲနော်"

စကားလည်းဆုံး၊ ဖုန်းလည်းကျသွားသဖြင့် အာကာချမ်း
ထက် မျက်နှာမှာ မအီမလည် ရှုံ့မဲ့မဲ့ကြီး ဖြစ်သွားရပါသည်။

သူ့မှာတော့ ဖုန်းခေါ်ဖို့အရေး ညကတည်းက တွေးနေမိ
တာ။

ဘာပြောရင် ကောင်းမလဲပေါ့...။

ကောင်မလေးကတော့ အရေးပင်မစိုက်...။

ပြောတဲ့ပုံက ခပ်တင်းတင်း။

အလုပ်များနေတယ်တဲ့။

တောက်...။ ဘာအလုပ်တွေ ဒီလောက်များလို့
စကားလေး တစ်ခွန်းနှစ်ခွန်းတောင် မပြောနိုင်ရတာလဲ။

သူမအတွက် တကယ်ပဲ ဒီလောက်အထိ အချိန်ရှားပါးနေ
သလား။

ဒါဖြင့်...သူကရော...။

သူက အလုပ်မရှိ အကိုင်မရှိ အားအားလျားလျား ဖုန်း
လိုက်ဆက်နေတဲ့ကောင်စားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အာထက် မကျေမနပ်နှင့် နှုတ်ခမ်းကိုချွန်ကာ ငြိမ်နေမိသည်။

သူ့ဖက်ကတော့ ဒီအဖြစ်အပျက်ကလေးအပေါ်မှာ ကြည်နူးရ၊ ပြန်တွေးရ၊ စိတ်ကူးယဉ်ရ၊ မျှော်လင့်ရ၊ စိတ်လှုပ်ရှားရနှင့် ရင်ထဲ တကူးတကကြီး ထည့်ထားမိတာ။

သူမဖက်က တုန့်ပြန်မှုက အားမရှိစရာပါလား…။

ဒါပေမယ့် အာကာချမ်းထက်ဘ၀မှာ အရာအားလုံးက အလွယ်တကူသာ ရနေကျမို့ ခက်ခဲတဲ့အရာကို သူ ပို သဘောကျမိသည်။

ကိုအာကာနဲ့ ပြောချင်လို့ပါဆိုတဲ့ ကောင်မလေးတွေရဲ့ ဖုန်းခေါ်သံနှင့် နှိုင်းယှဉ်လျှင် အလုပ်များနေလို့…ဒါပဲနော်လို့ ဖုန်းချပစ်လိုက်တဲ့ ကောင်မလေးရဲ့အသံက ပိုစိတ်ဝင်စားစရာကောင်းသည်။

နှုတ်ခမ်းချွန်လျက်သားနှင့်ပဲ လျှင်မြန်စွာ စိတ်ပြေသွားတဲ့ အာထက်က ဖုန်းစခရင်ပေါ်က သူမမျက်နှာလေးကို အလွမ်းပြေ ပြန်ကြည့်မိသည်။

ရင်ကို အေးမြစေနိုင်တဲ့ မျက်နှာလေးမို့ သူ့နှုတ်ခမ်းတွေက





နူးညံ့စွာ တဖြေးဖြေး ပြုံးလာမိသည်။ မင်းက အမှတ်တမဲ့နဲ့ ငါ့ရင်ထဲထိ ရောက်လာတော့လည်း မတတ်နိုင်ဘူးပေါ့။

မင်းနာမည်က ဘယ်သူလဲ။

ငါ ဘာလို့ မေးဖို့ မေ့သွားတာလဲ။ မင်း ဘယ်မှာနေတာလဲ။

သူတို့ စတွေ့တဲ့ လက်ဖက်ရည်ဆိုင်လေးနှင့် သိပ်မဝေးလောက်ဘူးဆိုတာတော့ အာထက် တွက်မိသည်။

သို့သော် လမ်းလျှောက်လို့ သင့်တော်တဲ့ အနေအထားလောက်လည်း မကနိုင်။

ဒါကြောင့် သူမက စက်ဘီးလေးနှင့် လာတာပေါ့။

ဘာအကြောင်းပြချက်မှ မရှိဘဲ ဒီကောင်မလေးကို သူ ချစ်စနိုး ဖြစ်နေမိသည်။

ရုပ်ကလေးက ချစ်စရာကောင်းသလို၊ မျက်နှာထားလေးကလည်း တည်ငြိမ်ကျနေရလှသည်။

အာထက်က မိန်းကလေးဆိုလျှင် အဲလိုမျိုး ကျနေတင်းတင်း လွှမ်းခြုံထားမှ နှစ်သက်သည်။

ယောကျ်ားလေးတစ်ယောက်ကို လွယ်လင့်တကူ ပိုက်လျှော မျက်နှာသာပေးတာမျိုး သဘောမကျပေ။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာလေးကို ခပ်ကြာကြာ ပြုံးငေးကြည့်နေမိကာ ပြီးမှ ဇော်ထွန်းဆီ ဖုန်းဆက်ဖို့ သတိရသည်။

ဇော်ထွန်းတို့ အိမ်က ကြိုးဖုန်းကို ခေါ်လိုက်လျှင်…

"ဟက်လို…"

"ဇော်ထွန်း…အိမ်လာခဲ့ကွာ"

"ဟာ…ငါ ဒီမှာ ရေတောင်မချိုးရသေးဘူး၊ ထမင်းလည်း မစားရသေးဘူး"

"ရေမချိုးရင် မသန့်ဘူးလားကွာ၊ ဒီလောက်အေးနေတာ ထမင်းက ဒီရောက်မှ စားပေါ့"

"မင်း ဘာအရေးကြီးနေတာလဲ"

"ဘုရင့်နောင်ဘက် ခဏသွားရအောင်"

"ဘာလုပ်ဖို့လဲ"

ဇော်ထွန်း ပြန်မေးလျှင် သူ မျက်ခုံးကို ဖွဖွကုတ်မိရင်း…

"ဟိုဟာပါကွာ…စက်ဘီးတစ်စီးလောက် သွားဝယ်မလို့"

"ဘာလုပ်ဖို့လဲ…မင်းတို့အိမ်မှာ ကလေးလည်း မရှိဘဲနဲ့ ကလေးစီးဆိုရင် ဒီမြို့ထဲတင် ဝယ်လို့ရတာပဲ"





"ကလေးစီး မဟုတ်ပါဘူး"

"ဘာလုပ်ဖို့လဲကွ၊ မင်း ခြံထဲမှာ ပတ်စီးမလို့လား"

ဇော်ထွန်းက ရွဲ့မေးလျှင် အာကာချမ်းထက် ရယ်နေမိသည်။

"မင်း မသိပါဘူး၊ ဘာမှ ငါ မင်းကို ပြောစရာရှိတာ ပြောပြမယ်"

"ဖုန်းထဲက ပြောလေကွာ"

"မပြောဘူး"

"ဒါဆို တိုက်တယ်လ်ပေး"

"စက်ဘီးလေးအကြောင်း"

"သွားစမ်းပါ…မင်း တိုက်တယ်လ်ကြီးက"

"ဒါဆို…ထပ်ဖြည့်ပေးမယ်"

"အေး…ဖြည့်ကြည့်စမ်း"

"စက်ဘီးဖူးစာ"

"ဖူးစာ"

ဇော်ထွန်းက သံယောင်ရေရွတ်၏။

"အေး…ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား…ဘယ်တုန်းကဇာတ်လမ်းလဲ"

"မနေ့တစ်နေ့ကမှ အသစ်စက်စက်ပါကွာ"

"သေချာရဲ့လား"

"ဟေ့ကောင်…သိပ်စကားမများနဲ့၊ နာရီဝက်အတွင်း ရောက်အောင်လာ၊ ဒါပဲ"

အာကာချမ်းထက်က ဇော်ထွန်း ကလိကလိဖြစ်အောင် ဖုန်းကို မြန်မြန်ဖြတ်ချလိုက်ပါသည်။

ပြီးလျှင် လေကလေး ချွန်ရင်း လှေကားမှဆင်းလာခဲ့သည်။



စက်ဘီးရပြီဆိုသဖြင့် နွေနွေလုံက သူနှင့် ဆုံခဲ့သည့် လက်ဖက်ရည်ဆိုင်လေးမှာ လာစောင့်နေမိသည်။

ဖုန်းထဲကနေ လိပ်စာမေးပေမယ့် လုံလုံက မပြော။

သူ လာပို့ပေးမယ်ဆိုတော့ လက်ဖက်ရည်ဆိုင်ကိုပဲ ချိန်းလိုက်တာ ဖြစ်သည်။

ဆိုင်နံဘေးက ကတ္တရာလမ်းထိပ်လေးမှာ လုံလုံ ရပ်နေရုံ ရှိသေး…။

သူ့ကား ဖက်ဖူးစိမ်းရောင်လှလှလေးက လမ်းထဲသို့ ချိုးကွေ့ဝင်လာသည်။

အချိန်က နံနက်ခင်း စောစောပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်နီပျိုးစ အချိန်လေးပါ။

စက်ဘီးကို သူ ဘယ်အချိန်က သွားယူလာသည် မသိ။

နောက်ဘက်မှာ တင်ဆောင်လာသည်။

နွေနွေလုံကို နည်းနည်းကျော်ကာ သူ့ကားက အေးနားကပ်ပြီး ရပ်လိုက်သည်။

"ရောက်နေတာ ကြာပြီလား"

တကယ်တော့ မကြာသေးဘူးဆိုတာ အာထက် သိသည်။ သူမ လမ်းကူးလာကတည်းက သူ လှမ်းကြည့်နေတာပဲလေ။

"အိမ်က စောင့်နေရင်ပြီးရောဗျာ၊ အိမ်အထိ လာပို့ပေးမှာပေါ့၊ ဘာလဲ…အိမ်သိသွားမှာစိုးလို့လား"

နွေနွေလုံက ပြုံးရုံသာ ပြုံးနေသည်။

နွေနွေလုံက ကားပေါ်ကဆင်းလာပြီး သူမနှင့် မျက်နှာချင်းဆိုင်မှာ ရပ်လိုက်သည်။

အခုလို နီးနီးကပ်ကပ် မျက်နှာချင်းဆိုင်တွေ့လိုက်ရတော့ သူ့ရင်ထဲက တောင့်တမှုတစ်ခု ပြည့်စုံသွားသလို ခံစားရသည်။

သူမကို ပြင်းပြင်းပြပြ တွေ့ချင်နေမိတာ၊ သတိရနေမိတာ သူ ဝန်ခံရင်တောင် သူမက ယုံမည်မထင်။





"ဘာရိုက်ဖတ်စ်စားရအောင်…လာလေ"

"ကျွန်မ စားပြီးပါပြီ"

"စားပြီးလည်း ကော်ဖီဖြစ်ဖြစ် ပြန်သောက်ပါ…ပါ"

သူ အတင်းခေါ်တာကို ခေါင်းလေးရမ်းပြီး…

"ကျေးဇူးတင်ပါတယ်…မသောက်တော့ပါဘူး"

"ကိုယ်တို့ မိတ်ဆွေဖြစ်နေပြီပဲကွာ၊ ဘာလို့လဲ… မငြင်းပါဘူး"

"ကျွန်မ သိပ်အချိန်မရလို့ပါ"

"ဪ…ဪ"

အာကာချမ်းထက်က ခေါင်းဆတ်ရင်း သူမကို အလိုမကျစွာ စေ့စေ့ကြည့်နေမိသည်။

"ကျွန်တော့်ကို ဘယ်လိုထင်လို့လဲ၊ တမင်ရောနေတယ် ထင်လို့လား"

"မထင်ပါဘူး"

"ခင်ဗျား ဘာလို့ မာနကြီးတာလဲ၊ ငါးမိနစ် ဆယ်မိနစ်လောက်တောင် အချိန်မပေးနိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှပဲ အချိန်ပေးပါ့မယ်"

"ကောင်းပြီလေ…ဒါဆိုလည်း ခင်ဗျားစက်ဘီး ချပေး
မယ်"

အထက် စိတ်တိုတိုနှင့် ကားဆီ လွှားခနဲသွားကာ စက်
ကို မ,ချလိုက်သည်။

ဒီတော့မှပင် လုံလုံလည်း သူမရဲ့စက်ဘီးကို သေချာကြ
မိတော့သည်။

ဟော်တော့…စက်ဘီးက အသစ်စက်စက်ပါလား၊ အ
ပတ်ကင်ဖြေထားတဲ့ပုံ။

ကျိုးကြေပျက်စီးသွားတဲ့ သူမရဲ့စက်ဘီးနဲ့ အမျိုးအစား
အရောင်တူလေး ဖြစ်သည်။

"ဒါ ကျွန်မစက်ဘီးမှ မဟုတ်တာ"

"ကျွန်တော် အသစ်ပဲ ဝယ်လိုက်တယ်"

"ဘာလို့ ဝယ်တာလဲ၊ ဟိုဘီးလေးပဲ ပြင်လိုက်ရင်ရတာ

"ကျွန်တော့်ကြောင့်ဖြစ်တာ ကျွန်တော့်တာဝန်ပဲ၊ အား
ပါနဲ့၊ ဒါပဲ စီးလိုက်ပါ၊ ဟိုစက်ဘီးက ခုထိ မရသေးဘူးဗျ၊ ရ
ကျွန်တော် လာပေးပါ့မယ်"





"အို…နေပါစေလေ၊ ဟိုစက်ဘီးကို ရှင် ရွေးပေးစရာမှ
တော့တာ၊ ကျွန်မအတွက် ဒီမှာ အသစ်တစ်စီးရပြီပဲဟာ"

"ဟိုဟာလေးက လက်ဆောင်ရထားတာဆို"

"ဒါဖြင့်လည်း ကျွန်မဘာသာပဲ သွားယူပါ့မယ်၊ ပြင်စာ
ပေးလိုက်ရုံနဲ့ ကျွန်မက စက်ဘီး နှစ်စီးတောင် ရသွားသလို
နေမှာပေါ့၊ ပြန်စဉ်းစားဦးနော်…ရှင် နစ်နာနေရင်လည်း
ကောင်းဘူးပေါ့"

"အဲလို သဘောမထားပါဘူးဗျာ"

သူ့စေတနာတွေ မြင့်မိုရ်တောင်လောက်ကိုတော့ မမြင်ဘဲ
စေ့လောက်ကလေးအတွက်ကို အားတုံ့အားနာ ဆိုနေသည်။

"ကျေးဇူးပဲ…ဒါဆိုရင် ကျွန်မ သွားလိုက်ပါဦးမယ်"

သူမက စက်ဘီးကလေးတွန်းယူရင်း သူ့ကို နှုတ်ဆက်
သည်။ အာကာချမ်းထက်က နေရာမှာပင် ခြေစုံရပ်၍ လက်မိုက်
နေမိသည်။

ဒီနေ့တော့ ပန်းနုရောင်အင်္ကျီနှင့် ဘောင်းဘီရှည်ပန်းရောင်
ကို ဝတ်ထားပြီး၊ ဆံပင်တွေကို နှစ်ဖက်ခွဲချည်ထားတာမို့ သူမ
နှာလေးက ကလေးတစ်ယောက်နှင့် တူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုက်မို့ပါမယ် ပြောလည်း လက်ခံမှာ မဟုတ်တ
သိနေတဲ့ အတွက် ဒီတိုင်း ရပ်ကြည့်နေမိတာပါ။

နောက်ဘက်မှာ ခွဲချည်ထားတဲ့ ဆံပင်ပျော့ပျော့လေး
တလှုပ်လှုပ်နှင့် စက်ဘီးကို တွန်းသွားတဲ့ပုံလေးကပင် ကြည့်ကော
လှသည်။ လမ်းမပေါ်မှာ တွန်းသွားပြီး ဟိုဘက်ရပ်ကွက်ထဲ ရော
မှ စီးနင်းသွားဖို့ စိတ်ကူးရှိပုံရသည်။

စိတ်ထဲမှာ ရုတ်တရက် နောက်ကလိုက်ကြည့်ချင်မိ
လည်း သူမက မဖိတ်ခေါ်၊ မဖော်ရွေတဲ့အတွက် စိတ်လည်း ခု
တဲ့ အာထက်ဟာ လိုက်လံကြည့်ရှုဖို့ရာ ရှက်လည်း ရှက်နေ
သည်။

တကယ်ဆို သူမက သာမန်လေး သဘောထားရင်
လည်း သာမန်လောက်ပဲ ခံစားသင့်သည်။

သူမက အပေါ်ယံလေး ဆက်ဆံလျှင် သူလည်း အပေ
ပဲ ဖြစ်သင့်သည်။ ရင်ထဲအထိ နက်နက်ရှိုင်းရှိုင်း ထည့်သွင်းတ
ထားနေစရာ မလို။

အာထက်သည် ကားပေါ် ပြန်မတက်နိုင်သေးဘဲ
ထွက်ခွာသွားရာဘက် မျက်စိတဆုံး လိုက်လံငေးကြည့်နေမိသ





ပန်းနုရောင်လေး သူ့မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ
သက်ပြင်းတစ်ချက်နှင့် ကားပေါ် ပြန်တက် စက်နှိုးထွက်ခွာသည်။

သူနှင့် ကောင်မလေးရဲ့ တွေ့ဆုံမှုဟာ ဒီလိုနှင့် အပြီးသတ်
မှာပဲလို့တော့ ရင်ထဲ မမျှော်လင့်တာ အမှန်။

အနည်းဆုံး ခင်မင်ရင်းနှီးခွင့်ရဖို့ လမ်းစလေးတစ်ခုလို့
ထင်ထားမိတာ။

အခုတော့ ထင်သလို မဖြစ်နိုင်တာ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟက်လို"

"ချစ်လေးလား"

"ဟယ်…မောင် ◆မ်းသာလိုက်တာ၊ ဘယ်က ဆ
တာလဲဟင်၊ လုံလုံ အီးမေးလ်တွေ ပို့ထားတာ မဖတ်ရသေ
လား"

"မောင် ခရီးထွက်နေရလို့"

"ဟင်…ဟုတ်လား"





"ဒီမနက်ကမှ ပြန်ရောက်တာ၊ အဲဒါကွာ…ပင်ပန်းလိုက်
တာမပြောနဲ့၊ မနားနိုင်သေးဘူးကွာ၊ ချစ်လေးကို အရမ်းသတိရလို့"

"တကယ်လား"

"လုံလုံရော…မောင့်ကို သတိမရဘူးလား"

"လုံက မောင့်ကို လွမ်းနေတာ"

"ချစ်လား…"

"အရမ်းချစ်တယ်…သိလား"

သူမေးတာကို တီးတိုးလေး ဖုန်းထဲ ကပ်ကာပြောရင်း ဒေါ်လေး ထွက်လာမလားဟုလည်း ကြည့်ရပါသေးသည်။

ချစ်သူနှင့် ဖုန်းထဲပဲ အလွမ်းသယ်ရတာမို့ လူကြီးဖြစ်တဲ့ ဒေါ်လေး ကြားသွားမှာလည်း သူမ ရှက်မိပါသေးသည်။

ဒေါ်လေးက သူမတို့အကြောင်း မသိတာတော့ မဟုတ်။ မင်းဇံနှင့် နွေနွေလုံတို့က ဆယ်တန်းဝိုင်းမှာ အတူတက်ရင်း
ရင်းနှီးခင်မင်ခဲ့တဲ့ သူငယ်ချင်းတွေဖြစ်တာမို့ မင်းဇံက အိမ်ကို
ည်း ရောက်လာနေကျ ရှိပါသည်။

နွေနွေလုံရဲ့ အဒေါ်ကိုလည်း ရိုသေလေးစားရှိပါသည်။

ချစ်သူတွေ ဖြစ်သွားတော့လည်း လုံလုံက ဒေါ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဟအသိပေးခဲ့တာမို့ သူ့ကို အရေးတယူ တိုင်တိုင်ပင်ပင်ရှိ
လုံလုံကို ဒေါ်လေးကလည်း ကြည်ဖြူနားလည်ပေးခဲ့ပါသည်။

ဒါကြောင့်မို့ မင်းဖုံနှင့် နွေနွေလုံတို့ရဲ့ ချစ်ခရီးလမ်း
ပြဿနာ မရှိခဲ့။ ဆူးငြောင့်ခလုတ်ကင်းသည်။

မင်းဖုံရဲ့ မိသားစုတွေကလည်း နွေနွေလုံကို သဘော
နှစ်သက်သည်။

မင်းဖုံမှာ အစ်မနှင့် ညီမနှစ်ယောက် ရှိသေးပေ
ညီမက စင်္ကာပူ ထွက်သွားပြီ။ ဒီမှာ အစ်မနှင့် အမေပဲ ကျန်သ

အမေကလည်း သဘောကောင်းသည်။ မင်းဖုံ့အစ်မ
ကြီးကလည်း အရမ်းအေးသည်။ သို့သော် မင်းဖုံတို့ဟာလည်း
ငါလို မရှိမရှားထဲကသာဖြစ်ပြီး ချမ်းသာပြည့်စုံနေတာ မဟု

ဒါကြောင့်လည်း ရှေ့ရေးကို တိုင်ပင်စဉ်းစားပြီး မင်း
နိုင်ငံခြားထွက်၍ အလုပ်လုပ်ခဲ့တာ ဖြစ်သည်။

မင်းဖုံဦးလေးတစ်ယောက်ရဲ့ အကူအညီနှင့် စက်
အလုပ်ရခဲ့သည်။

ရတဲ့လခ ဒေါ်လာတွေကို မင်းဖုံက အမေ့ဆီထ
ပို့သည်။





တချို့တစ်ဝက်ကိုလည်း လက်ထပ်ကြဖို့အတွက် ရည်ရွယ်ပြီး စုထား သည်။

မကြာသော အချိန်ကာလတစ်ခုဆီရောက်လျှင် မင်းဖုံ ရန်ကုန်ပြန်လာပြီး နွေနွေလုံနှင့် လက်ထပ်မှာ ဖြစ်သည်။

သူတို့နှစ်ဦးရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့က မဝေးတော့ပါ။

အလွမ်းရက်ရှည်တို့ တဖြေးဖြေး ကုန်လွန်တော့မှာလေ။

"လုံလုံကွာ…ထပ်ပြောစမ်းပါ၊ ချစ်လေးအသံ ကြားရတာ ကြည်နူးလိုက်တာ"

"မောင်ရော ကောင်မလေးတွေ လျှောက်ကြည့်နေသေးလား…ပြော"

"နေပါဦး…မောင့်ကိုအသာထား၊ ချစ်လေးနားကိုရော ဘယ်ကောင်တွေ လာကပ်သေးလဲ"

"အမယ်…ကပ်စရာလား"

"မောင့်ရည်းစားက အရမ်းလှတော့ အနားကပ်မိတဲ့ ကောင် ရှိမှာပဲလေ"

"သိပ်မမြှောက်နဲ့…ဟွန်း…"



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံက နှုတ်ခမ်းစူမိသော်လည်း မောင့်စကားလေး
ကြောင့် ကြည်နူးဂုဏ်ယူရတာလည်း အမှန်။

တစ်ယောက်သောသူရဲ့ မျက်ဝန်းအကြည့်ငေးကိုလည်
မရည်ရွယ်ပါဘဲ လှစ်ခနဲ ပြန်သတိရမိသည်။

ဒါပေမယ့် ဖျတ်ခနဲ တွေးမိရုံလေးပါ။

ချစ်သူအပေါ် သစ္စာမပျက်ပါဘူးနော်။

လုံလုံတို့ နီးစပ်ကြဖို့ အတူတူနေခွင့်ရဖို့ ရေခြားမြေခြားမှာ
အားကြိုးမာန်တက် အလုပ်လုပ်နေတဲ့ ချစ်သူအပေါ် လုံလုံကရော
သစ္စာမဲ့ရက်ပါ့မလား။

ကိုယ့်အတွက် သူ ရှာဖွေနေတာလေ။ ကွယ်ရာမှာ ဖြူဖြ
စင်စင်လေးပဲ နေထိုင်ရင်း စောင့်စားနေမှာပါ။

ပြန်ဆုံတဲ့ အချိန်လေးရောက်ဖို့ မျှော်လင့်နေတာ
မောင်လည်း သိမှာပါ။

သိမှာပင်မက…ထပ်တူ ခံစားမှုတွေ ရှိမှာပါ။

"မောင့်ဘော်ဒါတွေတော့ မှာထားပါတယ်၊ ချစ်လေးကို
စောင့်ရှောက်ထားပါလို့"

"စောင့်ကြည့်ထားပါလို့ မှာတာမဟုတ်လား"





"ဒါပေါ့…မောင် မရှိတုန်း ကြားဖြတ်ဝင်မယ့်ကောင်
ရှိရင် သတင်းပို့စမ်းပါလို့"

"လုံလုံ့ကို မယုံဘူးလား ဟင်"

"ယုံတာက ယုံပါတယ်ကွာ၊ ဒါပေမယ့်လည်း စိတ်မချ
တာက စိတ်မချတာ အမှန်ပဲ"

"မောင်ကလည်း နော်"

"လုံလုံ…အလုပ်တွေ သိပ်မဖြင်နဲ့နော်"

"ပြင်အားပါဘူး…တစ်နေ့တစ်နေ့ မဂ္ဂဇင်းကိစ္စ၊ ရုံးကိစ္စ
နဲ့ အချိန်ကုန်နေတာ"

"ဟာ…အဲလိုတော့ မဖြစ်ဘူး၊ မောင့်ကို လွမ်းဖို့တော့
အချိန်နည်းနည်း ချန်ထားရဦးမှာပေါ့"

"သွားပါ…သူကျ နေနိုင်ပြီးတော့"

"မလွဲသာလို့ပါ ချစ်လေးရာ…မောင်လည်း ပြန်လာချင်
တာပေါ့"

"နှစ်ကုန်ရင် ရန်ကုန်တစ်ခေါက် ပြန်ရဦးမှာမဟုတ်လား"

"လာမှာပါကွာ…မောင်လည်း ဒါပဲ စောင့်နေတာ။ဘော့စ်
က ပြန်ဆိုရင် ပြေးလာပြီပဲ မှတ်၊ တခြားနေရာ လည်ပတ်ချင်

www.burmeseclassic.com

www.burmeseclassic.com



သလား၊ အိမ်ပြန်ချင်သလား မေးတာ၊ အိမ်··အိမ်လို့ အမြန်ဖြေလို့ မောင့်ကို ဝိုင်းရယ်နေကြတာ၊ အားလုံးထဲမှာ မောင်က အိမ်အလွမ်းဆုံးကောင်ပါ ချစ်လေးရာ···သိရဲ့လား”

မောင့်စကားလေး ကြားရတာ ဝမ်းနည်းသလို ခံစားချက်နှင့် ကရုဏာပင် သက်သွားမိပါသည်။

မင်းဇံ ပြန်လာမယ့်အချိန်ကို လွမ်းဆွတ် မျှော်လင့်စောင့်စားနေသူတွေထဲမှာလည်း လုံလုံက အဖြစ်အသည်းဆုံးပဲပေါ့။

အတူတူ လွမ်းတာပါပဲ။

ဒီအတွက် တစ်ချိန်ချိန်တော့ အတိုးချ ပျော်ခွင့်ရဦးမှာပါ မောင်ရယ်···။





အာကာချမ်းထက်က ကော်ဖီအေးခွက်ကို စားပွဲပေါ် ပြန်တင်ကာ ဖုန်းထဲက ကောင်မလေးဓာတ်ပုံကို သတိတရ ဖွင့်ကြည့်နေမိသည်။

သူ့သူငယ်ချင်း ဇော်ထွန်းက အပြင်ဘက် ကော်ရစ်မှာ ဖြတ်သွားဖြတ်လာ လျှောက်နေကြတဲ့ မိန်းကလေးတို့ကို လိုက်လံငေးမောရင်း မျက်နှာက ပြုံးစိစိ ဖြစ်နေသည်။

ကောင်မလေးတို့ရဲ့ ဝတ်စားဆင်ယင်ဟန်ကလည်း ပြုံးချင်စရာ၊ ရင်ခုန်စရာလေးတွေ ဖြစ်နေတာကိုး···။



www.burmeseclassic.com

www.burmeseclassic.com



*သူတို့က ဒိုးနှတ်ဆိုင်လေးရဲ့ မှန်ချပ်နှင့် ကပ်နေတဲ့ စားပွဲမှာ* ထိုင်နေတာမို့ မှန်ချပ်ထဲကတစ်ဆင့် ဖြတ်သွားဖြတ်လာတို့ကို အနီးကပ် ရှုစားနိုင်သည်။

တစ်ခါတစ်ရံဆို အလွန်ကိုလှတဲ့ ရင်သပ်ရှုမော ဖြစ်ချင်စရာ မျက်လုံးမလွှဲချင်စရာ အဝတ်အစား အဆန်းအပြားတို့နှင့် မဒီလေးတွေရဲ့ နောက်ကို ဖော်ထွန်းမျက်လုံးတိုက ကပ်ငြိပါသွားသည်။

ပလာဇာတွေ၊ ရှော့ပန်းမောတွေကို ဝတ်လာတဲ့ ဒီဇိုင်းတွေကလည်း လန်တယ်လေ…။

ရှူးဖိနပ် အမြင့်လေးနဲ့ စကာဒ်အတို ခဲသားရောင်လေးနဲ့ လျှောက်သွားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နောက်ပိုင်းခြေတံအလှဟာ တကယ်ပဲ စာဖွဲ့လို့မမီ။

ထိုနားက ရှိသမျှသော ယောကျ်ားလေးတို့ရဲ့ အကြည့်ဟာ သူမနောက်သို့ တက်ညီလက်ညီ စီးမျောလိုက်ပါသွားကြ၏။

မကြည့်မိတာဆိုလို့ ဒီကောင် အာထက်တစ်ယောက်ပဲ ကျန်သည်။ အာကာချမ်းဆက်ကို ဘော်ဒါတွေက အာထက်၊ ဒါမှမဟုတ် အာကြီးဟု ခေါ်ကြသည်။





အာကြီးရဲ့ ထူးခြားချက်ကတော့ အင်မတန် ရေလျှံတာပါပဲ။

ကျန်တဲ့သူငယ်ချင်းတွေထဲလည်း ဆင်းတောင့်ဆင်းရဲဘယ်သူမှ မပါပေမယ့် အာထက်လောက်တော့ မချမ်းဘူးပေါ့။

စတိတ်ရှိုး ကြည့်တာပဲဖြစ်ဖြစ်၊ ကလပ်တက်တာပဲဖြစ်ဖြစ်၊ ဘီယာပါ့ခ် ထိုင်တာပဲဖြစ်ဖြစ်၊ ရှော့ပင်ထွက်တာပဲဖြစ်ဖြစ် အာကြီးက ရှေ့ကနေ အနှမြောမရှိ ကုန်ကျခံတတ်တာမို့ ဘော်ဒါတွေဆဲတော့ သူ မပါလျှင် ပွဲမစည်။

"အာထက်…ဟောကောင်…နည်းနည်းရှိုးစမ်းပါ"

"ဘာလဲကွာ"

"ဟိုမှာလေ"

"နေစမ်းပါ"

*အာကာချမ်းထက်က ဖုန်းစခရင်ပေါ်က မျက်နှာနုနုလေး*ကိုသာ ကြည့်နေလျက်…

"မင်းဟာလေးက အရည်မရ အဖက်မရနဲ့ကွာ"

"အောင်မာ…မင်းဟာတွေကရော ဘာရလို့လဲ၊ ကြည့်ပြီးသွားရည်ယိုမနေနဲ့၊ အငမ်းသန်သလောက် ခုထိ စွံသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



အာထက်ရဲ့ တုန့်ပြန်စကားကို ဇော်ထွန်းသူက စိတ်မဆိုးဘဲ ခပ်သဲ့သဲ့ပင် ရယ်မောလိုက်သည်။

"မင်းလိုတော့ မစွံဘူးပေါ့ကွာ"

သူတို့ထဲမှာ အာထက်က ရုပ်ရည်ကြောင့်ရော၊ ဥစ္စာဂုဏ်ကြောင့်ရော နာမည်သတင်းကြီးတဲ့သူလေ…။

ကွန်စထရပ်ရှင်လုပ်ငန်းနှင့် နာမည်ကျော်ကြားတဲ့ ရွှေဆောက်လုပ်ရေးပိုင်ရှင် ဦးထက်ရွှေရဲ့ တစ်ဦးတည်းသောသားဆိုတာ သိလိုက်တာနှင့် ကောင်မလေးတွေက အလိုလို ဖိန့်ဖိန့်တုန်အောင် ရင်ခုန်ချင်ကြတာ မဟုတ်လား။

နဂိုက ဇော်ထွန်းလိုလို၊ ပိုင်ဇေလိုလို၊ မိုးကျော်လိုလို ဝေခွဲမရဖြစ်နေတဲ့ မိန်းကလေးတို့ဟာ အာထက်နဲ့လည်း အကြည့်ချင်းဆုံရော…အာထက်မှ အာထက်ဖြစ်သွားကြလေရော။

ဒါတွေ ကြုံပါများလို့လည်း အချစ်စစ်ဆိုတာ တွေ့ရခက်တဲ့အရာလို့ ဇော်ထွန်း နားလည်လာပါသည်။

တစ်ခါတလေတော့လည်း အာထက်ကြီးကို မနာလိုဖြစ်မိသည်။ သူ့နေရာမှာ ငါသာဆိုရင်ဆိုတဲ့ အတွေးမျိုးက ဝင်တတ်သည်။





သေချာတာက အာထက်နေရာမှာ သူဆိုရင်တော့ ငွေကို အသုံးပြီး ကောင်မလေးတွေ ဝိုင်းဝိုင်းလည်အောင် တွဲပစ်လိုက်ပြီး ကဲပစ်လိုက်မည်။ အစွမ်းကုန် ပျော်ပစ်လိုက်မည်။

အခုတော့ ဘေးကနေသာ ကြုံးဝါးနေရ၏။

ပိုက်ဆံသာ ချမ်းသာသော်လည်း ခုထက်ထိ ရိုးသားအေးအေးဆေးနေထိုင်တတ်သော အာထက်ကိုလည်း အားမလိုအားမရ ဖြစ်မိတာအမှန်။

ကြည့်လေ…လမ်းမှာတွေ့ခဲ့တဲ့ သာမန်ကောင်မလေးအကြောင်း တဖွဖွ ပြောကာ ရင်ခုန်သာယာနေတတ်သေးသည်။

"သူ့မျက်နှာလေးက အေးချမ်းလိုက်တာကွာ၊ ယန်းကလေးပွင့်လို ဖြူစင်နေတယ်၊ မယုံရင် ကြည့်"

အာထက်မျက်နှာက ပြုံးမြမြ ကြည်နူးနေလျက် ဖုန်းထဲက ဓာတ်ပုံကို သူ့ဘက် ထိုးပြသည်။

"မင်းကို ကြည့်ရုံလေး ကြည့်ခိုင်းတာနော်"

"ကြည့်ရုံလေးထက်ရော ပိုစရာလားကွာ၊ ဘာမှ ဆွဲဆောင်မှုမရှိတဲ့ပုံကိုများ"

ဇော်ထွန်းက ရှုံ့မဲ့မဲ့ ဝေဖန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မစေဖန်ခိုင်းဘူးနော်၊ စေဖန်တာတွေ အကြဲ
တာတွေဆိုတာ တစ်ဖက်လူက မကောင်းဆိုဘဲနဲ့ အလကား လို
လိုက်ပေးရတာ မဟုတ်ဘူးကွ"

"မပေးပါဘူး…အလုပ်ရှုပ်လွန်းလို့ပါ၊ ပြောသာနဲ့
နားညည်းနေပြီ"

"မင်းတစ်ယောက်တည်း ပါလာတာ၊ မင်းပဲ နားထော
မှာပေါ့"

"အကြောင်းအရာ အသစ်ပြော၊ ကဲ…"

"သူက ထူးခြားတယ်ကွ၊ မင်းတို့ပြောသလိုမျိုး ငွေမ
မိန်းကလေးထဲက မဟုတ်ဘူး"

"ငါတော့ သိပ်မယုံဘူး ဟော့ကောင်၊ မိန်းကလေးတွေ
တာ မာယာက ခပ်များများ"

"သူ့မျက်နှာလေးပေါ်မှာ အဲဒီမာယာတွေ မရှိဘူးဆိုမှ

"မင်း အရမ်းစွပ်အထင်ကြီးမနေနဲ့ဦး"

"အထင်ကြီးတာ မဟုတ်ဘူး၊ သူ ငါ့ကို စည့်စည့်
တစ်ချက်လောက် စိုက်ကြည့်ရင်ကို ရင်ဘတ်ထဲက ကလီစာ
ပြောင်းဆန်ကုန်တာကွ"





"မင်း ကလီစာတွေကလည်း လွန်လွန်းပါတယ်"

ဇော်ထွန်းက ရှုံ့မဲ့ရုံမက မျက်စောင်းကြီးပါ ထိုးတော့
တ် ဖြစ်လာသည်။

"မင်း ဖုန်းဆက်တာ မကိုင်ဘူးဆို၊ ဘဝင်ခပ်မြင့်မြင့်ထဲက
မှာပေါ့၊ မင်းကသာ ညွှန်းနေတာ"

"သူ အလုပ်မအားဘူးလို့ ပြောတာပါကွာ"

အာထက် ကြည့်ရတာ ဘယ်လိုပြောပြော အဲဒီကောင်မ
အပေါ် အပြစ်မြင်မှာ မဟုတ်တော့…။

ဇော်ထွန်း ကောင်းကောင်း အကဲခတ်နိုင်သည်။

"မင်း ကြွေနေတာက ဘုမသိဘမသိနဲ့၊ ယောကျ်ားသာရှိ
င်တော့…"

ဇော်ထွန်းစကားမဆုံးခင် အာထက်ရဲ့ လက်သီးတစ်ချက်
င်လာပါသည်။ ဒါတောင် ကော်ဖီဆိုင်ထဲမှာမို့လို့ ဒီကောင့်ကို
း မအုပ်တာ။

"သဘောပြောတာလေကွာ၊ ဟား…ဟား…"

အံကြိတ်ကြည့်နေတဲ့ အာထက်ပုံစံကြောင့် ဇော်ထွန်းက
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထွန်းပုံစံကို ကြည့်မရတဲ့ အာကာချမ်းထက်က မ
မနပ်ရုပ်ကြီးနှင့်ပဲ အပြင်ဘက်သို့ အလိုအလျောက် မျက်လုံးရော
သွားလေသည်။

မျက်စိကို အေးမြသွားစေတဲ့ (Green) ကာလာလေ

အစိမ်းရောင်ဝတ်စုံလေးနှင့် ဒီဖက်ကို လျှောက်လာ
မိန်းကလေးတစ်ယောက်။ ဆံပင်ဖြောင့်စင်းစင်းလေးတွေ
မျက်နှာကို ဖုံးကွယ်ထားသလို ဖြစ်နေသည်။

သူမက ဟိုဖက်က ဖက်ရှင်ဆိုင်တွေဘက် ေး
လျှောက်လာတာမို့ သူမမျက်နှာလေးကို သေချာမသဲကွဲ။

သို့သော် အာကာချမ်းထက် ရင်ထဲက နှလုံးသား
တစ်စုံတစ်ရာက အလိုလို ချက်ချင်း မက်ဆွေချ်ပို့သည်။

သူ့ရင်ထဲမှာ လှုပ်ခနဲ့ နွေးခနဲ တစ်မျိုးကြီး ဖြစ်သွားသ
သူမထံသို့ မမှိတ်မသုန် ကြည့်နေမိသည်။

"ဟာ…စက်ဘီး…စက်ဘီးလေးပဲကွ"

အနားက ဇော်ထွန်းကို ဝမ်းသာအားရ ပြောမိသည်။
လေး ဒီဖက်ပြန်လှည့်လာချိန်မှာ သူမမျက်နှာလေးကို တွေ့လိုက်
လေ။ ပန်းဝတ်လွှာလေးလို နူးညံ့အေးမြတဲ့မျက်နှာ…။





ဇော်ထွန်းက မှန်ချပ်မှတစ်ဆင့် လျှောက်လာနေသော
လေးတလေးတွေကို မျက်လုံးကစား၍ ရှာဖွေလိုက်ပါသည်။

"ဘယ်မှာလဲ…ဘယ်သူလဲ"

"ဟိုကလာနေတဲ့ Green ဂရင်းလေး"

ရိုးရာထည်ပုံစံ အင်္ကျီလက်ရှည် အစိမ်းရောင်လွင်လွင်နှင့်
ထဘီအရှည် အစိမ်းရောင်လေးကို ဝတ်ထားတဲ့ ကောင်မလေးဆီ
ဇော်ထွန်းအကြည့် ဖျတ်ခနဲ ရောက်သွားရသည်။

သူမ ဝတ်ထားတဲ့ စကဒ်က အပေါ်ပိုင်းမှာ ပုဂံခေတ်ရဲ့
ဆမ်ပုံစံမျိုးဖြစ်ပြီး အောက်ခြေမှာ အလွှာပါးပါးလေးတစ်ထပ် ဝဲကျ
နေသည်။

စီးထားတဲ့ ဖိနပ်နှင့် ကိုင်ထားတဲ့ လက်ကိုင်အိတ်လေးက
သည်း ကြိမ်နဲ့ပြုလုပ်ထားတဲ့ ဒီဇိုင်းပုံစံလေးမို့ အားလုံးထဲမှာ အမြင်
တစ်မျိုးဆန်းနေတာတော့ အမှန်။ ရိုးရိုးလေးနှင့် ဖက်ရှင်ကျအောင်
ဝတ်တတ်တဲ့ကောင်မလေးပါပဲ။

"မင်းပြောတဲ့ စက်ဘီးလေးက…"

"ဟော့ကောင်…ထ…ထ၊ ငါတို့ သူ့နောက် လိုက်ကြည့်ရ
အောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မင်းဥစ္စာက ပေါ်တင်ကြီး"

"လာစမ်းပါ…မင်းကလဲ"

အရေးထဲ ဇော်ထွန်းက သူ ရှိုးလုပ်ပြီး တပ်လာတဲ့ ရေ
မျက်မှန်ကို စားပွဲပေါ် တင်ထားရာက ပြန်ကောက်တပ်သ
အာထက်ကားကိုလည်း ဒီကောင်ပဲ မောင်းလာတော့ ကားသေ
လည်း ရှာနေသေးသည်။

ပြီးတော့ ဖစ်ပိုမီးခြစ်၊ စီးကရက်ဘူး၊ ပိုက်ဆံအိတ်
ဒီကောင့်စားပွဲပေါ်မှာ ကောက်သိမ်းစရာတွေက သိပ်များနေသ

အာကာချမ်းထက် စိတ်မရှည်။

သူ စက်ဘီးလေးနောက်က လိုက်ကြည့်ချင်လှပြီ။

ကော်ဖီဆိုင်ရဲ့ အပြင်ဘက်ကို ရောက်ဖို့က စားပွဲတွေ အ
ကြီးကို ကွေ့ပတ်ထွက်လာရသေးသည်။ အာထက်က သူ့အ
မြင့်မြင့်ကြီးနှင့် လွှားခနဲ လျှောက်သွားချင်တာ။

စတိုင်လ်ဘောင်းဘီ ဆင်စွယ်ရောင်နှင့် အပေါ်က ရှပ်အ
အသားရောင် ခပ်ပျော့ပျော့ကို ဝတ်ဆင်ထားတဲ့ အာထက် ဒီနေ့
လည်း တွေ့တဲ့လူက မော့ငေးကြည့်ချင်စရာ၊ ရှင်းသန့်သားနာ
အရောင်ထွက်နေပါသည်။





သို့သော် သူက ဆိုင်ထဲက လူတွေကို ဂရုမပြုဘဲ မျှော်ယ
ထာဖြင့် ဆိုင်ပြင်တံခါးဝသို့ လှစ်ခနဲ အပြေးတစ်ပိုင်း ထွက်သွား
ါသည်။

ဒီဘက်ပြန်ကြည့်တော့ ဇော်ထွန်းက ပါမလာသေး။

အခုမှ စားပွဲက ထတုန်းရှိသေးသည်။ ဒီကောင် တုံ့နှေး
နှေးလုပ်ပုံနှင့်တော့ မျက်ခြေပြတ်သွားတော့မှာပဲ။

အာထက် စိတ်မရှည်လက်မရှည်ပုံစံ ပေစောင်းစောင်း
ကြည့်မှပဲ ဇော်ထွန်းက ကမန်းကတမ်း နောက်မှလိုက်လာသည်။

ဇော်ထွန်းက သူ့နား ရောက်တော့ ကောင်မလေးက
တ်လှေကားမှ ဆင်းသွားနေပြီ။ နောက်ဘက်မှာလည်း လူတွေနှင့်
ှယ်နေတာမို့ အစိမ်းရောင်တောက်တောက်လေးကို မြင်ကွင်းမှ
ျောက်မသွားအောင် အလျားဖားလျားလှမ်းကြည့်ထားရသေးသည်။

"မင်းရဲ့ စက်ဘီးလေးကလည်း မြန်လိုက်တာကွာ"

အသည်းအသန်လိုက်လာတဲ့ အာထက်နောက်သို့ ဇော်ထွန်း
ဲ့ညည်းညည်းနှင့် ပါလာသည်။

"ကျွိ…"

သူတို့ဆင်းနေဆဲမှာ စက်လှေကားက ဘာကြောင့်မှန်းမသိ

www.burmeseclassic.com

www.burmeseclassic.com



တအိအိနှင့် ရပ်သွားပါသည်။ ဒီတော့ ကိုယ့်ခြေထောက်ပဲ အား
ပြီး အမြန်ဆင်းလာရ၏။

အချိန်က ဘယ်လိုပဲဖြစ်ဖြစ် နည်းနည်းပုပ်သွားရတ
ရှေ့က ကြော့ကြော့လေး ဆင်းသွားပြီဖြစ်တဲ့ စက်ဘီးလေ
ကျောပြင်ကိုပင် မမြင်ရတော့ပါ။

"ဘယ်ရောက်သွားပြီလဲ"

တစ်စွန်းတစ်စမှပင် မတွေ့ရတော့တာမို့ နှစ်ယောက်သ
ဟိုဟိုဒီဒီ ခေါင်းလည်အောင် ရှာဖွေရသည်။

စက်လှေကားအဆင်းမှာလည်း ဆန်းဒေးမို့ ပရိုမိုးရှ
ကောင်တာတွေ များနေသည်။

အထူးသဖြင့် အလှအပ ဖန်စီပစ္စည်းလေးတွေ ခင်းကျ
ထားတဲ့ နေရာမှာ မိန်းကလေးတစ်အုပ်ကြီး စုပြုံအုံခဲနေသည်။

"ဒီနားတင် ပျောက်သွားတာကွ"

ဖန်စီဆိုင်တွေရှေ့ပဲ တိုးဝင်သွားသလား၊ ဒီဘက်က ဖေ
မက်တစ်ပစ္စည်းဆိုင်တွေထဲပဲ ဝင်သွားသလား၊ အပြင်
ထွက်သွားသလား ခန့်မှန်း၍ မရသဖြင့် အာထက်နှင့် ဇော်ထွန်း
ခြေစုံရပ်၍သာ ကျိုးကန်းတောင်းမျှောက် ရှာဖွေနေမိသည်။





"ဇော်ထွန်း...ငါတို့ လူခွဲရှာမှ ဖြစ်မယ်၊ မင်း ဒီဆိုင်တွေ
နား ပတ်ရှာ၊ ငါ အပြင်ဘက် ကားစတန်းမှာ တစ်ချက်ကြည့်လိုက်
မယ်"

"အေး...ကောင်းတယ်၊ သွား...သွား"

အာကာချမ်းထက်က ခြေလှမ်းကျဲနှင့် ထွက်လာခဲ့ပြီး
ဇော်ထွန်းကတော့ အစိမ်းရောင်မင်းသမီးလေးကို လူအုပ်ကြားထဲ
ရှာဖွေရင်း ကျန်ခဲ့သည်။

ကားတွေ ရပ်ထားရာဆီ အပြေးအလွှား လာကြည့်တဲ့
အာကာချမ်းထက်မှာ လက်သီးနှစ်ဖက်ဆုပ်လျက် မချင့်မရဲ ဖြစ်သွား
ရပါသည်။

ကြိမ်ဖိနပ်လေးနှင့် တတောက်တောက် လျှောက်သွားတဲ့
စက်ဘီးလေးဟာ ဟိုးရှေ့နားမှာ ရပ်ထားတဲ့ကားအဖြူရောင်လေး
တစ်စီးပေါ် ဖျတ်ခနဲ တက်ပြီးတာနှင့် ကားက ထွက်ခွာသွားတာကို
သူ ခပ်ဝေးဝေးမှသာ လှမ်းမြင်လိုက်ရသည်။

"ကျွတ်"

စက်ဘီးလေး ပါသွားပြီ။

ကားနံပါတ်လည်း မသိကွဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆလွန်းကား အဖြူရောင် ခပ်သန့်သန့်တစ်စီးဆိုတာ
လောက်ပဲ တွေ့မြင်ရတာ။ ရုပါဆလွန်း အလုံးဆန်ဆန်ပုံစံလေး
ဖြစ်သည်။

အာထက်သည် ထွက်ခွာသွားပြီဖြစ်သော ကားအဖြူလေး
ကို မျက်စိတဆုံး လိုက်ကြည့်နေမိသည်။

သူမကို လိုက်တာနှင့် ဘေးဘီပတ်ဝန်းကျင်ကို ဂရုမပြုနိုင်
လောက်အောင်ပင် သူ့စိတ်တွေက သူမထံ တန်းတန်းမတ်မတ်
သတိလက်လွတ် နစ်မြောသွားမိတာ ဆန်းကျယ်သည်။

အာကာချမ်းထက်က သူ့အဖြစ်သူ သုံးသပ်ရင်း မလုံမလဲ
ပြုံးမိလေသည်။

ဒါဟာ မိန်းကလေးတစ်ယောက်နောက်ကို လိုက်မိတဲ့
ပထမဦးဆုံး ကသောကမျော ခြေလှမ်းတွေပါပဲ။

စက်ဘီးလေးဟာ သူ့ကို အရင်ကနှင့်မတူတော့အောင်
ပြောင်းလဲစေနိုင်စွမ်းရှိသူလေး တစ်ယောက်ပါလား။



ရှော့ပင်က ပြန်လာတဲ့ ဂျူမကို ဒေါ်လေးသိန်းက ငေးကြည့်
နေမိသည်။

ကိုယ့်ဂျူမမို့ ပြောတာမဟုတ်ပါဘူး။

ရုပ်ရည်ကလေးက တကယ်ကို အထက်တန်းကျပြီး နန်း
ဆန်တဲ့ကလေးမ။ သူကလေးဟာ အမြင့်တစ်နေရာကို ရောက်ကို
ရောက်ဦးမှာဟု ဒေါ်သိန်းရီ ထင်သည်။

သာမန်ဘဝလေးနှင့် ပြီးသွားမယ့်သူ မဟုတ်။

ကြိမ်ထည်ပိုက်ဆံအိတ်လေးကို လက်ထဲရှုရှုလေးကိုင်
လျှက် လှမ်းလာပုံကပင် ခန့်နားတင့်တယ်ပြီး ကျော့ရှင်းစတိုင်ကျ
လှတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးရေ…လုံလုံ ပြန်လာပြီ"

"ငါက ဒီမှာဟေ့"

ခြံထဲက ပန်းအိုးအကြိုအကြားထဲ မြေဆွေးခပ်နေတဲ့ ဒေါ်သိန်းရီက လှမ်းအသံပြုမှပဲ လုံလုံ ဒီဘက်ကို လှည့်ကြည့်မိတော့ သည်။ ပြီးတော့ ဒေါ်လေးနားသို့ လျှောက်လာသည်။

"သမီးကို ဘယ်သူလိုက်ပို့တာလဲ"

"အန်တီကြည်တို့အိမ်က ကားနဲ့လေ၊ သူ့ ဒရိုင်ဘာ ဦးလေးကြီးကို ချောဆွဲရတာပေါ့"

"လုံလုံရယ်…ဒီလိုကျတော့လည်း တကယ့်သူဌေးသမီး လေး အတိုင်းပဲ"

"ဒေါ်လေးကလည်း…အခုရော ဆင်းရဲနေတာကျနေ တာပဲ"

"သမီးစီးဖို့ ဆလွန်းကားကောင်းကောင်းလေး တစ်စီးမှ မရှိဘဲ"

"မင်းဖုံ ပြန်လာရင် ဝယ်မှာပေါ့ ဒေါ်လေးရဲ့"

"မောင်မင်းကြီးသားဆီမှာ အဲလောက် ငွေပိုငွေလျှံလည်း ပါဦးမှကိုး"





"မပါတော့လည်း နောက်တစ်ခေါက်ပေါ့၊ လုံလုံက ကား ဒီလောက် မလိုပါဘူး၊ ကုမ္ပဏီကလည်း ဖယ်ရီရှိသားပဲ ဒေါ်လေးရဲ့၊ ဒေါ်လေး အပြင်သွားရင်သာ တက္ကစီနဲ့ သွားနေရတာ လုံလုံ မကြည့် ချင်တာ"

"အမယ်လေး…တက္ကစီနဲ့ပဲဟာ၊ ဘက်စ်ကားမတိုးရတာ ဘဲ တော်ပါပြီအေ"

အရင်က ဒေါ်လေးသိန်းဆီမှာ အက်စ်အီးကားလေး ရှိခဲ့ပါ သည်။ ကားက အင်ဂျင် နည်းနည်းကျလာတဲ့အချိန်၊ ကားဈေးက လည်း တက်လာချိန်မှာ စိတ်ပျက်ပျက်နှင့် ရောင်းထုတ်ခဲ့တာ မှားသွားတာ။

နောက်ပိုင်း ကားတစ်စီး ပြန်ဝယ်မစီးနိုင်ခဲ့။ လက်လှမ်း မမီတော့တာ ဖြစ်သည်။

ဒါကိုပဲ အမြဲပြန်ပြောကာ ဒေါ်လေးက တနုံ့နုံ့ ဖြစ်နေတတ် သည်။ အမှိတကကတော့ လုံလုံ့အတွက် သူ ပြောနေတာပါ။

"ကဲ…အခု ဒေါ်လေး ဘာတွေလုပ်နေတာလဲ၊ အပေါ် တက်ကြစို့လေ၊ လုံလုံ ဒေါ်လေးဖို့ ပုဝါလေးတစ်ခု ဝယ်လာတယ် သိလား၊ ချောကလက်ရောင်လေး…ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလိုက လက်ကိုင်စက္ကူအိတ်လှလှလေး တစ်ခုကို ဟပြလိုက်သည်။

"အေးဟဲ့ . . အရောင်လေးက စိုသားပဲ"

"လာပါ . . အပေါ်မှာ သွားခြုံကြည့်ရအောင်"

ဒေါ်လေးက ပုဝါဖက်ရှင်ကို သဘောကျတတ်သူမို့ စိတ်ဝင်စားသွားပါသည်။

မြေးချွေးကိုင်လက်စ လက်အိတ်နှစ်ဖက်ကို ဆွဲချွတ်ကာ အိမ်ပေါ် အတူတက်ဖို့ ခြေလှမ်းပြင်သည်။

"ဪ . . ဒါနဲ့ လုံလုံရေ၊ အခုန သမီးမမသုန် ဖုန်းဆက်တယ်"

"ဘာတဲ့လဲ ဒေါ်လေး"

"မနက်ဖြန် ဆန်းဒေးမို့လား၊ ညနေပိုင်း ထမင်းစားပွဲရှိတာ လှမ်းသတိပေးတာ တဲ့"

"ဪ . . ဟုတ်သားပဲ၊ ဒီတစ်ခေါက် မမသုန်အိမ်မှာပဲ၊ ဖူးဖူးဆီလည်း ဆက်ရမယ်၊ ကေကေလေးဆီလည်း ဆက်ရမယ်"

နွေနွေလိုက ပျော်ရွှင်တက်ကြွသွားလေသည်။

မနက်ဖြန် ညီအစ်မလေးယောက် ဆုံမယ့်ရက်လေ။





အတူတူ နေခွင့်မရတဲ့ ညီအစ်မတွေမို့ တွေ့ဆုံစကားပြောဖြစ်ချိန်လေးကို လုံလုံ အင်မတန်မှ တန်ဖိုးထားပါသည်။

များသောအားဖြင့် မမသုန်ရဲ့အိမ်မှာ စုစည်းဖြစ်တာ များသည်။

ဖူးဖူးတို့အိမ်ကကျတော့ စားသောက်ဆိုင်ဖွင့်ထားတာမို့ မိသားစု ညစာစားရင် ဆိုင်ထဲမှာပဲ ဝိုင်းဖွဲ့စားရတာမို့ လုံလုံက သိပ်မကြိုက်။ သီးသန့် မဆန်ဘူးပေါ့။

မိသားစုထမင်းဝိုင်းဆိုတာ နွေးနွေးထွေးထွေးနှင့် တသီးတသန့်လေးရှိမှ ကောင်းတာ။

လုံလုံသည် သူ့ဘဝ . . သူ့မိသားစုလေးအကြောင်း ပြန်တွေးစားရင်း မျက်နှာလေးမှာ ခံစားချက်တစ်မျိုးနှင့် ခပ်တွေတွေလေး ဖြစ်သွားရပါသည်။

လုံလုံ မှတ်မိသလောက် ပိုးခပ်ငယ်ငယ်တုန်းက လုံလုံတို့ မိသားစုလေး ပြည့်စုံချမ်းသာခဲ့သည်။ မိစုံဘစုံနှင့် သိုက်သိုက်ဝန်းဝန်းလေး ရှိခဲ့သည်။ ကေကေလေးကို မေမေမွေးခဲ့ပြီး နောက်ပိုင်းမှာမှ ဖေဖေ့ဆီမှာ နောက်ထပ် ဇနီးတစ်ယောက်ရှိတာ သိခဲ့ရသည်။

သိတဲ့အချိန်မှာပဲ ပြဿနာက စ,ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မေမေ့ကိုသာမက မိသားစုနှင့်ပါ လမ်းခွဲလျက် ဇနီးသစ်နှင့်အတူ နိုင်ငံရပ်ခြားမှာ သွားရောက်အခြေချ နေထိုင်ခဲ့သည်။

ဇနီးနှင့် သမီးလေးယောက်ရဲ့မျက်နှာကို တစ်ချက်ကလေး မှပင် ပြန်မကြည့်ခဲ့။

ရိုးသားအေးချမ်းပြီး အတန်းပညာ နည်းရှာတဲ့ မေမေဟာ သမီးလေးယောက်နှင့် ဘာမှ လုပ်ကိုင်မစားတတ်။ ဖေဖေထားခဲ့တဲ့ ဥစ္စာပစ္စည်းလေးတွေ ထုခွဲရောင်းချရင်းသာ လုံလုံတို့ကို ပညာသင် ပေးခဲ့တာ။

နောက်ပိုင်း ခြိုးခြံသုံးစွဲခဲ့သော်လည်း အိမ်စရိတ်၊ စားစရိတ် သမီးလေးယောက် ပညာသင်စရိတ်နှင့် မေမေ့ခမျာ လုံးချာလည် လိုက်ကာ ပင်ပန်းဆင်းရဲခဲ့ရသည်။

နောက်ဆုံး နေတဲ့အိမ်ကို ပေါင်ထားရတဲ့ အခြေအနေမှာ မေမေ ကျန်းမာရေး ဖောက်လာခဲ့တာ။

ဖြစ်တဲ့ရောဂါကလည်း အသည်းကင်ဆာမို့ ကုလို့ မရ တော့ပါ။

ထိုအချိန်မှာ ကေကေလေးက လေးတန်းပဲ ရှိသေးသည်။





ဖူးဖူးက ခြောက်တန်း၊ လုံလုံက ရှစ်တန်း၊ မမသုန်သုန်က အရေးကြီးတဲ့ ဆယ်တန်း စာသင်နှစ်။

ပြောရမည်ဆိုလျှင် မေမေ လောကကြီးကို စွန့်ခွာထားရစ် ခဲ့ချိန်မှာ ဘယ်သူမှ ပညာမစုံသေးပါ။

လုံလုံတို့ မျက်နှာငယ်၊ ဘဝပျက်မှာ စိုးရိမ်တဲ့ မေမေဟာ သူ တတ်စွမ်းသမျှ စီမံပေးခဲ့သည်။

မမသုန်ကို ဖေဖေ့ရဲ့လုပ်ငန်းတူ မိတ်ဆွေဖြစ်ပြီး ဖေဖေ့ အခါ သဘောမနောကောင်းလှတဲ့ ဒေါ်ခင်မမကြီးဆီကို ပို့ခဲ့သလို၊ လုံလုံကိုကျ သူ့ညီမဝမ်းကွဲ ဒေါ်လေးသိန်းထံ မွေးစားဖို့ အပ်နှံခဲ့ သည်။

ဖူးဖူးကိုတော့ ကလေးမရှိတဲ့ သူ့သူငယ်ချင်း လင်မယားဆီ သမီးတစ်ယောက်အဖြစ် စာချုပ်စာတမ်းနှင့် အမွေစားအမွေခံအဖြစ် မွေးစားဖို့ စီစဉ်သည်။

ကေကေလေးကျတော့ ငယ်စဉ် ဆေးရုံတက်ရစဉ်က ကတည်းက အရမ်းချစ်လွန်းတဲ့၊ မွေးစားဖို့ တောင်းဆိုထားဖူးတဲ့ ဆရာဝန် ဇနီးမောင်နှံအိမ်မှာ နေစေခဲ့သည်။

ကလေးတစ်ယောက်မှ မရှိရှာတဲ့ ဆရာဝန်လင်မယားက



www.burmeseclassic.com

www.burmeseclassic.com



ကေကေလေးကို တုန့်နေအောင် ချစ်သည်။ ကျောင်းကောင်းကော

မှာ ထားပေးသည်။ အခုအချိန်မှာတော့ လုံလုံတို့ ညီအစ်

လေးယောက်ထဲမှာ ကေကေလေးက ပြည့်စုံ ချမ်းသာဆုံး

ဆိုရမည်။

မမသုန့်ကိုတော့ စိန်ရွှေရတနာဆိုင်ရှိတဲ့ ဒေါ်ခင်မကြီး

ကျောင်းပြီးတာနှင့် သူ့အလုပ်ထဲ သင်ကြားခေါ်ယူခဲ့သလို

တစ်ဦးတည်းသောသား လူပျိုကြီးဖြစ်တဲ့ 'ကိုကောင်းစံကြီး'

လည်း လက်ထပ်ထိမ်းမြားပေးခဲ့သည်။

မမသုန့်က သူ့အိမ်ထောင်နှင့်သူ အခြေကျကာ သူ

လက်ရှိ တိုက်နှင့်ခြံမှာပဲ ဆက်နေထိုင်သည်။

ဒေါ်ခင်မကြီးရဲ့ ချွေးမလည်း ဖြစ်သွားပြီမို့ တစ်အိမ်

သူ့ခြေ သူ့လက် စီမံခန့်ခွဲနေကာ စိတ်ချမ်းသာပုံလည်း ရပါသ

ဖူးဖူးသည်လည်း အခြေအနေမဆိုးပါ။

စားသောက်ဆိုင်ရဲ့ ကက်ရှ်ိယာစားပွဲမှာ ထိုင်ရ

ဖြစ်သည်။

မွေးစားမိဘက သမီးရင်းနှင့်မခြား သူ့ကို ကြော

မော့မော့ထားပါသည်။





လုံလုံကတော့ ဒေါ်လေးဆီ နေခွင့်ရခဲ့တာမို့ သူ့မဘဝကို

သူမ ကျေနပ်နှစ်သိမ့်နိုင်သည်။

ပြောရမည်ဆိုလျှင် ညီအစ်မတွေ ဘယ်သူမှ နိမ့်နိမ့်ကျကျ

ရှိချေ။ အားလုံး သူ့ဟာနှင့်သူ အဆင်ပြေ ကံကောင်းကြပါသည်။

သို့သော် လုံလုံ ဖြစ်ချင်တာလေးတစ်ခု ရှိသည်။

ကိုယ့်ညီအစ်မလေးယောက်သား စုစုစည်းစည်း ပြန်နေ

ထိုင်ခွင့် ရချင်သည်။

သို့သော် အဲဒါဟာ သိပ်မဖြစ်နိုင်တော့ဘူးဆိုတာလည်း

ကိုယ့်ဘာသာ တွေးမိပါသည်။

အဲလို တွေးမိတဲ့အခါ ရင်ထဲ ဝမ်းနည်း စိတ်မကောင်း

ဖြစ်ရသည်။

ကျွန်ဘဝ၌ ညီအစ်မရင်းတွေ ဖြစ်သော်ငြားလည်း

တစ်အိမ်တည်း၊ တစ်မိုးအောက်တည်းမှာ အတူနေထိုင်ခွင့် မကြုံပါ

ဘူးဟု တွေးမိတိုင်း စိတ်ထိခိုက်ရသည်။

အရင်အချိန်လေးများကိုလည်း ပြန်လည် လွမ်းဆွတ်

တမ်းတမိသည်။

ဒေါ်လေးသိန်းက သူ့ရဲ့ပုဝါကို ကိုယ်ပေါ် လွှမ်းခြုံကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ မှန်ရှေ့ရပ်ရင်း သဘောကျနေချိန်မှာ လုံလုံက အဝတ်အစား မလဲနိုင်သေးဘဲ ငိုင်တွေနေမိပါသည်။

ညှော်ခန်းက ကျွန်းဆက်တီပေါ် မှီထိုင်နေမိတဲ့ လုံလုံ ဒေါ်လေးက…

“သမီး…မော်လာပြီထင်တယ်၊ သံပုရာရည်ေ သောက် မလား”

“ဟင့်အင်း…လုံလုံ ရိုးရိုးရေပဲ သောက်မယ်”

ရေသန့်စက်ကလေးထဲမှ ရေအေးအေးတစ်ခွက်ကို ဖွ သောက်ရင်း ပင့်သက်ကလေး ရှိုက်မိသည်။

ထို့နောက်တော့ လုံလုံဟာ ဖြေးလေးသော ခြေလှမ်းတ အခန်းထဲ ဝင်လာခဲ့သည်။



ညီအစ်မသုံးယောက်သား ခြံပြင်သို့သာ လှမ်းမျှော်ကြည့်နေ ကြသည်။

“ကေလေး…နောက်ကျနေပါလား”

“လုံလုံ ဖုန်းဆက်ထားပါတယ်၊ ဝိုင်းကျူရှင်ရှိလို့ အဖြန်မှ ပို့ပေးမှာတဲ့”

“သြော်…ဟုတ်လား”

ကေကေလေးပင် အပျိုကြီးဖားဖားဖြစ်ကာ ဒီနှစ် ဆယ်တန်း ရှိတော့မှာ ဖြစ်သည်။

အငေးသင်တက်သည့် ဖူးဖူးကလည်း ခါတိုင်းထက် အလှ ထွက်လာကာ မိုဒယ်ကောင်မလေးလို ကြွကြွရွရွ လှပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စတိုင်လ်ဘောင်းဘီအကျပ် လီမွှော်ရောင်လွှင်လွှင်နှ[illegible] အပေါ်က နှစ်ထပ်အင်္ကျီ အကွက်စိပ်ကလေးကို ဆန်းပြားရှုပ်ယှ[illegible] ခတ်အောင် ဝတ်ထားပုံမှာ ထင်းခနဲလင်းခနဲ ကြည့်ချင်စရာလေ[illegible] ဖြစ်နေသည်။

မမသုန်ကတော့ အိမ်နေရင်းမို့ ဘလောက်စ်အင်္ကျီ မန်[illegible] ရောင်ပွပွနှင့် ဇိန်မိုက်ကယ်သား ထမီလေးကိုသာ ခပ်ရိုးရိုး ဝတ်ထ[illegible] သည်။

နွေနွေလုံက ဒီနေ့တော့ ရှားစေးရောင် ချင်းရိုးရာထည်[illegible] ဆန် ဝမ်းဆက်လေးကို ဝတ်ဆင်ထားသည်။ အင်္ကျီက ချ[illegible] သေသပ် ကျနသော ရင်ဖုံးလက်ပြတ်ကလေးမို့ သွယ်လျဖြူန[illegible] သူမကိုယ်လုံးလေးကို ပို၍ ပေါ်လွင်နေစေပါသည်။

နှစ်ထပ်တိုက်ကြီးရဲ့ အောက်ထပ်တစ်ခုလုံးမှာ သူမ[illegible] ညီအစ်မ သုံးယောက်သာ ရှိသည်။ ဒေါ်ခင်မမကြီးက အပေါ်ထ[illegible] ဆင်းမလာသေး။ မမသုန်ယောက်ျား ကိုကောင်းစံကလည်း အ[illegible] သွားနေသည်။

လုံလုံတို့ သုံးယောက်မှာ အိမ်ပြင်သို့သာ တမျှော်မျှ[illegible] ဖြစ်နေသည်။



တအောင့်လောက်အကြာမှာတော့ ကေကေလေးတို့အိမ်က [illegible]ခ်တူးအဖြူရောင်က ခြံဝင်းထဲ ဝင်လာပါတော့သည်။

"ဟော…ကေလေးလာပြီ"

ညီမအငယ်ဆုံးလေးကို သုံးယောက်သား ဝမ်းသာအားရ [illegible]ကြိုကြပါသည်။

"ကေလေးရယ်…နောက်ကျလိုက်တာ"

"အဟင်း…ဟင်း…ကျူရှင်က အခုမှ ပြီးတာ မမကြီးရဲ့၊ [illegible]…မမဖူးက အရမ်းမိုက်နေပါလား၊ မမလုံကျ ယဉ်ယဉ်လေး"

"နင့်ကျတော့ရော…ကေကေနော် ဒီနှစ်ဆယ်တန်း ဂရု[illegible]ပြီး စာကို သေချာလုပ်"

တွေ့တွေ့ချင်း ဆုံးမစကား အရင်ဆုံးခြွေတဲ့ လုံလုံ့ကို [illegible]ကလေးက ပါးကို ရှုတ်ခနဲ လှမ်းမွှေးလိုက်သည်။

ပြီးတော့ မမသုန်နှင့် ဖူးဖူးကို အနမ်းနှင့် နှုတ်ဆက်ပြန် [illegible]သည်။

လေးယောက်သား လုံးထွေးဆုံညှ် နှုတ်ဆက်ရင်း ထမင်း [illegible]ခန်းဆီသို့ ဝင်လာကြသည်။

ကေလေးက ထမင်းအုပ်ဆောင်းကို ဖွင့်ကြည့်ပြီး…

www.burmeseclassic.com



"မမကြီး…ဒီနေ့ ဘာတွေလက်စွမ်းပြထားလဲ"

"ညည်းလေး အကြိုက်တွေချည်းပါတော်"

"ကောင်မလေးနော်…အစားမက်ဖို့က အရင်"

"မမလုံရော…ဘာချက်ထားလဲ"

သူက အထူးဟင်းလျာပဲ တန်းမေးတာ။

"ကလေးကြိုက်တဲ့ ပုဇွန်လုံးကင်ရော၊ ကြက်သား ကြော်ရော၊ ဂဏန်းပေါင်းရော အကုန်ပါတယ်၊ ဒီမှာ…ကြည့်

"မမလုံ့ဂူမှ ချက်တတ်သေးတယ်၊ မမဖူးက ရက်စ ရင့်ရှိပြီး ဘာမှလည်း မလုပ်တတ်ဘူး"

"အောင်မယ်…ဆိုင်မှာ ငါ လုပ်ရတာမှ မဟုတ်တာ၊ ငါ ကက်ရှာ…သဘောပေါက်"

"ကက်ရှာဆိုရင် မုန့်ဖိုးပေး"

"ကြည့်စမ်း…သူ့မှာ လျှံနေတဲ့ဥစ္စာ"

"လျှံနေလည်း အစ်မတွေက မုန့်ဖိုးပေးရမှာပဲ၊ ဒါပဲ–

လုံလုံက ကလေးပါးကို ချစ်စနိုး ဆွဲလိမ်မိသည်။

"ကဲ…ကဲ…ထိုင်ကြ၊ ထမင်း အရင်စားရအောင်"

မမသုန်က ဟင်းတွေ ကျက်တာနှင့် ယောက်ချမနှင့် ခ





အတွက် ဦးဖယ်ထားပြီးသားမို့ ညီအစ်မတွေ ပျော်ပျော်ပါးပါး လက်စုံ စားကြရပင်။

နောက်တစ်ပတ်ကျ ဖူးဖူးတို့ဆိုင်မှာ။

ပြီးလျှင် လုံလုံတို့အိမ်မှာ…။

ကလေးဆီတော့ သိပ်မသွားဖြစ်ကြပါ။

သူကလေးက ဒီနှစ် ဆယ်တန်းလည်းဖြစ်၊ အငယ်ဆုံးလေး လည်း ဖြစ်တာမို့ ကလေးဆို ဘာမှ တာဝန်မပိုစေချင်။

ထမင်းစားရင်း စကားလက်ဆုံတွေလည်း ပြောမကုန်ပေ။

"လုံလုံ…အန်တီသိန်း ဖုန်းထဲမှာပြောတာ နင့်စက်ဘီးကို ကားက ဝင်တိုက်လို့ဆို"

"မဟုတ်ပါဘူး…ရပ်ထားတဲ့ စက်ဘီးကို ကားနောက် ဆုတ်ရင်း နည်းနည်း ထိမိတာပါ"

"နည်းနည်းထိတာနဲ့ စက်ဘီးအသစ် လျော်ပေးလား"

"မမလုံတော့ ဇာတ်လမ်းပဲ"

"ဟဲ့…ဘာတွေလျှောက်ပြောနေတာလဲ၊ ကလေးက ကလေးစကား ပြောစမ်း"

"မင်းနဲ့ကရော ဘယ်တော့ ပြန်လာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိသေးဘူး… ဒီဇင်ဘာလောက် ဖြစ်ချင်ဖြစ်မယ်"

"အေးပေါ့… ခရစ္စမတ် ပိတ်ရက် ပြန်ရမှာပေါ့"

"သူ ပြန်လာရင် လုံလုံက လက်ထပ်တော့မှာလား"

ဖူးဖူး မေးတာကို လုံလုံက ခေါင်းလေးရမ်းရင်း…

"ခဏလေး ပြန်လာမှာကို"

"စာချုပ်က နောက်တစ်နှစ် ကျန်သေးတာလား"

"အင်း"

"အပျိုဘဝမှာပဲ ကြာကြာနေကြစမ်းပါဟယ်၊ ဒီလွတ်လပ်မှုကို နောင်ဘယ်တော့မှ ပြန်ရနိုင်တာမဟုတ်ဘူး ဟဲ့"

အိမ်ထောင်သည် အစ်မကြီးစကားကြောင့် ဖူးဖူးနှင့် လုံလုံတို့က မျက်ခုံးပင့်ကြည့်မိကြသည်။

"အောင်မာ…ငါတော့ ယူပြီး နင်တို့ကျ မယူနဲ့ဦး တားတယ်ပေါ့လေ…ဟုတ်လား"

"ငါယူတာက မေမေကြီးက မြန်မြန်စီစဉ် လိုက်လို့နော်… ဟွန်း…"

"ထားပါတော့…ထားပါတော့"



နှစ်ယောက်သား လူရွှင်တော်တွေလေသံနှင့် လုပ်ပြောလိုက်ကြသဖြင့် ရယ်သံတို့ ထွက်လာသည်။

ထမင်းစားပြီးနောက် သစ်သီးတွေ၊ အချိုပွဲတွေစားရင်း ချည်ပျော်ရွှင်နေကြသည်။ အချိန်တွေ ကုန်လို့ ကုန်မှန်းပင် မသိလိုက်။

စကားပြောရင်း စားရင်းသောက်ရင်း ည ကိုးနာရီ ထိုးနေပြီ။

ကလေးကို ပြန်ကြိုတဲ့ မာ့ခ်တူးလည်း ရောက်လာပြီ၊ ဖူးဖူးအိမ်က ဗင်ကားလေးလည်း ရောက်လာပြီမို့ အိမ်ပြန်ကြဖို့ ပြင်ကြပါသည်။

မနက်ဖြန် မနက်ရောက်တဲ့အခါ ကိုယ်စီကိုယ်စီ တာဝန်တွေရှားတို့နှင့် အားလပ်မှာ မဟုတ်တော့။

"ကလေးရေ…စာလည်း ကျက်တာကျက်ပေါ့၊ အိပ်ရေးတော့ အပျက်မခံနဲ့နော်၊ ကျန်းမာရေး ဂရုစိုက်…ကြားလား"

"အင်းပါ…မမလုံရယ်၊ ဒါပေမယ့် ကေက ဆရာဝန်ဖြစ်ချင်တာဆိုတော့ ဇအား ကျုံးထားရမှာပဲလေ"

ကလေးက ဆရာဝန်မိဘတွေဆီ ရောက်သွားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စာလည်း တော်ပါသည်။ ခုနောက်ပိုင်း အဆင့်တစ်တွေချည်းပဲ ရနေကျ။

လုံလုံသည် ရှည်မှန်းချက်ကြီးသော ညီမငယ်လေးကို ကား နားထိ လိုက်ပို့ နှုတ်ဆက်ရင်း ပါးလေးကို နမ်းလိုက်သည်။

သူ့မကတော့ ဖူးဖူးအိမ်က ကားနှင့်ပဲ ပြန်မှာဖြစ်သည်။

ထို့နောက် ကားပေါ်မှာ နှစ်ယောက်သား စကားတွတ်ထိုး ရင်း လိုက်ပါလာခဲ့ကြသည်။



ဘီးကလေးနှင့် နောက်တစ်ကြိမ် ဆုံတွေ့မှုဟာ ထိုတစ်ပတ် ထဲမှာပဲ မမျှော်လင့်ဘဲ ပေါ်ပေါက်လာခဲ့ရလေသည်။

အဲဒီနေ့က ကောင်းကင်ကြီးက ပြာလဲ့ကြည်လင်ပြီး နေမပူ၊ မိုးလည်း မရွာဘဲ အလွန်ကို သာယာနေတဲ့ နေ့ကလေး တစ်နေ့ပါပဲ။

ရာသီဥတု သာယာသဖြင့် ရေကူးရတာ မျက်စိမရှုးရှဘဲ သာတောင့်သက်သာ ရှိပါသည်။

ဟိုတယ်ဝင်းကြီးရဲ့ နောက်ဘက်မှာ တည်ရှိသော ရေကူး ကန်မှာ ကျယ်ဝန်းပြီး ပြာလဲ့သန့်ရှင်းနေသည်။ မြက်ခင်းနှင့် ပန်းအိုး လေးတွေ၊ စဥ့်အိုးလေးတွေ စီစီရီရီ အလှဆင်ထားတာမို့လည်း

www.burmeseclassic.com



ကြည့် လိုက်တာနှင့် ကြည်နူးစိတ်ချမ်းသာစရာလေး ဖြစ်နေသည်။ ပိတ်ရက်ဖြစ်သော်လည်း ထိုနေ့က ရေကူးကန်မှာ လူသိပ်မများပေ။

အာကာချမ်းထက်က ရေကို အကြာကြီး ကူးပစ်ပြီးနောက် မောသလောက်ရှိမှသာ အပေါ်သို့ တက်လာသည်။ ပြီးလျှင် ရေချိုး ခန်းဘက် ပြေးကာ ရေချိုးပြီးတာနှင့် အဝတ်အစားလဲပြီး ပြန်ထွက် လာခဲ့သည်။

သူ ဆံပင်တွေပင် ရေစိုနေဆဲ။

သူက ဆံပင်ရေစိုတွေကို ဘယ်တော့မှ ခြောက်သွေ့အောင် မသုတ်တတ်။ ဒရိုင်ယာနှင့် မှုတ်ဖို့ကတော့ အဝေးကြီး။

ဟိုတယ်က ဖြူဖြူဇာစပါးမှာ ဆံပင်သွားတိတဲ့ ဇော်ထွန်း ပြန်မလာသေး။

အာထက်က ဟိုတယ် အဆောက်အအုံထဲ ဝင်စောင့်ရ မျှင်းသဖြင့် ရေကူးကန်အနီးက အပန်းဖြေထိုင်ဖို့ ချထားတဲ့ ကြိမ် ဝိုင်းတစ်ခုမှာပဲ ထိုင်လိုက်သည်။

ရေကူးပြီးစမှာ လေကလေးက တသုန်သုန် တိုက်ခတ် သဖြင့် အေးမြလန်းဆန်းကာ အပန်းတွေ အားလုံး ပြေသွားသကဲ့ ခံစားရသည်။





တီရှပ်အဖြူနှင့် ကာကီရောင် ကွာတားပင်န် ပွပွကို ဝတ် ထားသော အာထက် ခုံမှာ ခြေချိတ်ထိုင်ရင်း အာရုယ်မဟုတ် ဟိုဒီ ငေးနေမိသည်။ ထိုအချိန်မှာပင် သူ့ကိုယ်ကြီးကို မတ်ခနဲ ဖြစ်သွား စေတဲ့ မြင်ကွင်းတစ်ခုကို မြင်လိုက်ရတာ ဖြစ်သည်။

ကန်ပတ်လမ်းလေးအတိုင်း ဖြေးဖြေးလျှောက်လာတဲ့ မိန်းကလေးတစ်ယောက်ကို မြင်တာနှင့် သူ့ရင်ဘတ်ထဲမှာ နွေးခနဲ ဖြစ်အောင် အံ့ဩဝမ်းသာသွားရသည်။

ဘီးကလေး…။ ကိုယ့်ရဲ့ဘီးကလေးပါလား…။

သူမကို ရေကူးကန်မှာ တွေ့ရလိမ့်မည်ဟု မထင်။

လိမ္မော်ရောင် အထပ်အထပ်ဆင့်ကာ ချုပ်ထားတဲ့ စကတ် အရှည်လေးနှင့် ပုခုံးကြိုးသိုင်းအကျီ လိမ္မော်နုလေးကို ဝတ်ထားတာ မို့ နတ်သမီးလေးလို ဝင်းဝင်းပပ လှနေသည်။

သူမလည်း ရေကူးပြီး အဝတ်အစားလဲပြီး ထွက်လာပုံရပါ သည်။ မျက်နှာလေးက ပြောင်တလင်းနှင့် နီရောင်ပြေးနေသည်။

အာထက်က ကြိမ်ခုံမှာ ထိုင်နေရာကနေ ဖြုန်းကနဲ ထတ်တပ် ရပ်လိုက်မိသည်။ ဒီတစ်ခါတော့ သူမကို မျက်နှာချင်းဆိုင် ဘည့်တည့် နှုတ်ဆက်ရမှ ဖြစ်မည်။

www.burmeseclassic.com



အာထက်က သူမရှေ့သို့ တည့်တည့်ဆုံအောင် လျှောက် သွားလိုက်သည်။ နှစ်ကိုက်လောက် အကွာသို့ ရောက်မှ သူမက အာထက်ကို ဘွားခနဲ တွေ့မြင်သွားပါသည်။

"အော်..."

ပြုံးမြမြ ကြည့်နေတဲ့ အာကာချမ်းထက်ကိုမြင်တော့ အော[...] ဟု တိုးတိုးလေး ရေရွတ်သည်။

"ရေလာကူးတာလား"

"ဟုတ်ကဲ့"

"တစ်ယောက်တည်းလား"

"အဖော်ပါပါတယ်"

အာကာချမ်းထက်က သူမျက်နှာလေးကို ကြည့်မိသ[...] ဖူးဖူးပြည့်ပြည့် နှုတ်ခမ်းစိုစိုလေးနှင့် အဖွင့်အပိတ်ကိုလည်း မျက်တောင်မခတ် ငေးနေမိသည်။

မထိတထိလေး စိုက်ငေးကြည့်နေကာ ရှေ့ကနေ မဖယ်[...] အတွက် လုံလုံလည်း သူ့ရှေ့က ထွက်သွားဖို့ ခက်နေပါသည်။

"ဟိုနေ့က ပလာဇာမှာ တွေ့လိုက်သေးတယ်"

"ဟုတ်လား..."





"ကော်ဖီဆိုင်ကနေ ပြေးထွက်ကြည့်တော့ ခင်ဗျားက ပျောက်သွားပြီ"

သူ့စကားကြောင့် လုံလုံက မျက်မှောင်လေး မသိမသာ [...]သွားရသည်။ ဘာကြောင့်များ ပြေးထွက်ပြီးတော့တောင် [...]ကြည့်ရတာတဲ့လဲ။ ဘာကိစ္စများလဲ။

အာထက်က သူမရဲ့အကြည့်ကို သဘောပေါက်သလို...

"ဘာရယ်တော့ မဟုတ်ပါဘူး၊ ဘီးလေးကိုတွေ့တော့ [...]ဆက်ချင်လို့ပါ"

"ဘီးလေး..."

"ခင်ဗျားကို ပေးထားတဲ့ နာမည်လေ၊ ခင်ဗျားက နာမည် [...]ပြောမပြဘဲ၊ ဖုန်းဆက်တော့လည်း ဆေးဖော်ကြောဖက် မလုပ် [...]ဘူးဆိုတော့ ထပ်တစ်ခေါက်ဆက်ဖို့ ဝန်လေးမိတာပေါ့ဗျာ"

သူ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်မိသည်။

ဒီတော့လည်း သူမက အားနာပြုံးလေးနှင့်...

"ဖုန်းဆက်တုန်းက တကယ်အလုပ်များနေလို့ပါ"

"အခုရော..."

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အခုရော အချိန်ရမလား၊ ကော်ဖီသောက်ရင်း စ
ပြောခွင့်တောင်းချင်လို့"

"အားနာစရာတော့ ကောင်းနေပြီ"

"ဘာလဲ··ဒီတစ်ခါလည်း ငြင်းဦးမယ်ပေါ့ ဟုတ်လား"

"တမင်ငြင်းတဲ့ သဘောတော့မဟုတ်ပါဘူး၊ ကျွန်
ချိန်းထားတဲ့ကိစ္စလေးတစ်ခု ရှိလို့ပါ"

"ဟုတ်ပါပြီဗျာ···ရပါတယ်···ရပါတယ်"

သူက ကလေးဆိုးကြီးလို မကျေမနပ်ဆိုသည်။ ငေး
ရွန်းသော သူ့အကြည့်ထဲမှာ တစ်စုံတစ်ရာသော အဓိပ္ပာယ်က
ဝင်လျက် နူးညံ့ပျော့ပျောင်းနေသည်။

ဒါကို ရိပ်မိတဲ့ လုံလုံက သူ့ကို မျက်နှာသာ မပေးရဲပါ
လုံလုံ့မှာ သက်ဆိုင်သူတစ်ဦး ရှိနှင့်ခဲ့ပြီးသားလေ။

"ဒါဆို ကျွန်မကို ခွင့်ပြုပါဦး"

"နေပါဦး"

"ရှင်"

"ဘီလေးလို့ပဲ ဆက်ခေါ်ရမှာလား"

"ဒါတော့···ရှင့်သဘောပဲလေ"





"နာမည်လေးတော့ သိခွင့်ပေးသင့်ပါတယ် ဗျာ"

"နွေနွေလုံပါ···ဒါပဲနော်"

ပြောလည်းပြော၊ ခြေလှမ်းလည်း စ,မှီ သူ တားဆီးထားဖို့
ခဲ့နိုင်။

နွေနွေလုံ···။

အမည်လေးကို ဖွဖွရေရွတ်ကြည့်ရင်း အာထက် သူမကို
တ်လံငေးကြည့်နေမိသည်။

အကြောင်းပြချက်မရှိဘဲနှင့် ခင်ဗျားကို ကျွန်တော် စိတ်ဝင်
ာယ် နွေနွေလုံ···။ အဲဒါကို ခင်ဗျား သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ အခုန ရပ်စကားပြောနေတာ ဘယ်သူလဲ လုံ

ဖူးဖူးက ကားပေါ်ရောက်လျှင် ရှေ့ခန်းက ဒရိုင်ဘာ

ရအောင် တိုးတိုးပြောလိုက်သည်။

နွေနွေလုံနှင့် ဖူးဖူးငုံတို့က အထက်အောက် မတိမ်း

ညီအစ်မချင်း ဖြစ်တဲ့အပြင် အရွယ်ရောက်ပြီး အပျို

နှစ်ယောက်မို့ နင်တွေ ငါတွေနှင့် တရင်းတနှီး ပြောဆိုကာ ကို

ကိုယ်တာတွေလည်း အချင်းချင်း တိုးတိုးဖော် တိုင်ပင်ဖော်

ရတာ အမှန်ပင်။

အထူးသဖြင့် နှလုံးသားရေးရာကိစ္စတွေနှင့် ပတ်

တစ်ယောက်ကိုတစ်ယောက် ရင်ဖွင့်လေ့ရှိသည်။





နားလည်မှုပေးနိုင် မှုလည်း ရှိတာမို့ အတူမနေရသော်လည်း

တဲ့အခါ ပြောဆို နှီးနှောမိသည်။

မတွေ့လည်း ဖုန်းကလေးနှင့်ဖြစ်ဖြစ် အတွင်းရေးကိစ္စလေး

ဖွင့်ဟတိုင်ပင်တတ်တာမျိုး ရှိလေသည်။

လုံလုံ့ကို သူတို့မိဒီယာဂရုက အယ်ဒီတာချုပ်တစ်ဦးဖြစ်တဲ့

ကြီးကြည်က ဒီဟိုတယ်မှာ မင်ဘာကဒ် လုပ်ပေးထားတာမို့

ကလည်း တစ်ခါတစ်ရံ အတူတူ အားကစားလုပ်၊ ရေကူးလို့

အောင် ဒီမှာပဲ မင်ဘာဝင်ခဲ့သည်။

"နင်တွေ့လိုက်လား"

"တွေ့သားပဲ...နင့်ကိုကြည့်တာများ မျက်နှာကြီးက ပြုံးမြ

သူ့အမူအယာကို ကြည့်တာနဲ့တင် နင့်ကိုကြွေနေတာ သိသာတယ်"

"မဟုတ်တာ...ဖူးဖူးရယ်၊ ဒီတိုင်း နှုတ်ဆက်တာပါ"

"သူက ဘယ်သူလဲ၊ ရုပ်က မိုက်တယ်နော်"

"ငါ့ကို စက်ဘီးတစ်စီး လျှော်ပေးတာ သူပေါ့"

"ဩော်...ဒီလိုလား၊ နင်က မမသုန်မေးတုန်းက ဒီလို

ချင်းမှ မပြောဘဲ၊ သားသားနားနား နတ်သားလေးတစ်ယှုလို့မှ

ပြောဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူစီးနေတာ အခုနတွေ့တဲ့ ဖက်ဖူးရောင်ပြိုင်ကား
ပေါ့ ဟုတ်လား...မိန်းကလေးတွေ ဝိုင်းနေမှာပဲ"

"ဝိုင်းရော ငါနဲ့ ဘာဆိုင်သလဲဟယ်"

"နင်က နင့်ဘဲဘဲပဲပေါ့နော်၊ နည်းနည်းလေးမှ
မပြောင်းဘူးလား၊ အခုလို နှုတ်သားလေးကို တွေ့တုန်းတွေ့ခိုက်
လေ"

"ပြောင်းစရာလား ဖူးဖူးရယ်၊ ဘာတွေလျှောက်
နေတာလဲ"

"နင်တို့နှစ်ယောက် ရုပ်စကားပြောနေတာ ကြည့်
ကောင်းလိုက်တာ၊ ရုပ်ရှင်ကားထဲက စုံတွဲလိုမျိုး လိုက်ဖက်နေတယ်"

"တော်စမ်းပါ...ဘယ်သူမှန်းမသိ ဘယ်ဝါမှန်းမသိ"

"သူနဲ့ ခင်သွားပြီမှတ်လား"

"မခင်ပါဘူး"

"နင်က ကြိုတင်ပြီး အနီကဒ်တွေ ပြနေတာပေါ့
အဲဒါကိုက သူ စိတ်ဝင်စားနေတာကို နင် ရိပ်မိလို့ပေါ့"

"ရိုးရိုးဆိုရင်တော့ ခင်ချင်ပါတယ်ဟာ၊ ဒါပေမယ့် န
တဲ့အတိုင်းပဲ၊ မင်းဇံက ငါ့ကို သိပ်ပြီး သဝန်တိုတာ"





"တို့မှာပေါ့...နင်က လှပြီး သူကမှ ရုပ်မချောတာ"

"အံမယ်...မချောပေမယ့် ခန့်ပါတယ်"

"မခန့်ပါဘူး...ရှမ်းကြိုက်လို့သာ နွားချောနေတာ"

"ကြည့်စမ်း...နွားလို့ ပြောတာပေါ့"

"ဟီး...ဟီး...မဟုတ်ပါဘူး"

နွေနွေလုံက ဖူးဖူးပေါင်ကို တစ်ချက် ထုပစ်လိုက်သည်။
ချစ်သူဘက်က အမြဲရပ်တည်သွားဖို့ စိတ်ကူးရှိတာ
သော်လည်း ဖူးဖူးစကားတွေကြောင့် ရင်ထဲ အနည်းငယ် ပူနွေး
ရတာ ဝန်ခံပါသည်။

နူးညံ့ချိုမြိန်သော သူ့မျက်လုံးတွေကို ဖူးဖူးပင် အကဲခတ်မိ
ယ်ဆိုတော့ ရင်ထဲမှာလည်း တစ်မျိုးကြီးတော့ ဖြစ်ရသည်။

"ငါ မင်းဇံအပေါ် သစ္စာရှိချင်တယ်၊ နာမည်ပျက်မှာလည်း
တယ်၊ ဒါကြောင့် သူ့ကို နာမည်တောင် ပြောမပြဘူး၊ အခုန
အတင်းမေးမှ အားနာလို့ ပြောလိုက်တာ"

"ဒါဖြင့်...သူ့နာမည်ကရော"

"မသိဘူးလေ"

"ကောင်းရောပဲ...ငါ့အစ်မကတော့ ရှားပါတယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက်ထိအောင်တော့လည်း မတုံးစမ်းပါနဲ့ လုံလုံရယ်၊ နှင့်မင်း…
ရော ဟိုမှာ နှင့်လိုမျိုး သစ္စာ စောင့်စည်းမှာတဲ့လား”

“စောင့်စည်းမှာပေါ့”

“ငါတော့ မထင်ပါဘူး၊ ယောကျ်ားလေးတွေကို ယုံ…
မယုံတာ”

“မယုံရအောင် နင်က ရည်းစားထားဖူးလို့လား”

“အဟိး…အခုမှ ထားမလို့ စိတ်ကူးတုန်း”

“တကယ်လား…ဆိုင်ကို လာလာရှိုးနေတဲ့သူရော…”

“ရှိသားပဲ”

ဖူးဖူးငုံတို့ရဲ့ ရက်စတောရင့်လေးဆီ ညတိုင်းလိုလို လာ…
တတ်တဲ့လူတစ်ယောက်အကြောင်းကို ဖူးဖူး ပြောပြဖူးသဖြင့် …
သိနေပါသည်။

ရုပ်က သိပ်မချောဘဲ ခန့်ညားရုံလောက်သာ ရှိတာ…
ဖူးဖူးက ခုထိ အသိအမှတ် မပြုသေးတာ။ သူက သိပ်အချောမ…
ကောင်မလေးလေ။

မင်းဇံအကြောင်း စကားစတိုင်း ရုပ်မချောတာကို …
ရှုံ့ချနေကျ။





“နင့်ကို ပရိုပို့စ်လုပ်ပြီလား”

“အံမယ်လေးနော်…မေးမနေနဲ့၊ ပိုက်ဆံရှင်းတိုင်း ဝိတ်တာနဲ့ စာတစ်စောင်တော့ ထည့်ပေးတာချည်းပဲ၊ ရှေးဦး နည်းလမ်းကြီးနဲ့လေ၊ စိတ်ညစ်တယ်”

“ဆိုင်ဖုန်းသိတာပဲ၊ မဆက်ဘူးလား”

“ဆက်တယ်…ဖေကြီးကိုင်တော့ ဟိုဒီ လျှောက်မေးပြီး ကြောက်ကြောက်နဲ့ ဖုန်းချသွားတာပေါ့၊ ဟား…ဟား”

“နင်နော်…သူများခံစားချက်ကို သိပ်ဟားမနေနဲ့”

“သူ့ပုံက ရယ်ရတာကိုး…”

“အသက်က သုံးဆယ်လောက်လား”

“ထင်တာပဲ”

“အသက်ကြီးတော့လည်း တည်ငြိမ်တာပေါ့ဟယ်၊ ကိုယ့်အပေါ် ပိုပြီး နားလည်နိုင်တာပေါ့”

လုံလုံကတော့ ကြံဖန်အကောင်းဖက်က တွေးပေးမယ့် ဖူးဖူး တ မျက်နှာလေး ရှုံ့မဲ့လိုက်သည်။

မကြိုက်ပါဘူးနော်…

ရှေးရိုးပုံစံကြီးကို…



www.burmeseclassic.com

www.burmeseclassic.com



အခုန လုံလုံ့ကို သဘောတကျ ေးကြည့်နေတဲ့ အစ်ကိုကြီးလို ခပ်မိုက်မိုက်ပုံစံကိုမှ ဖူးဖူးက နှစ်သက်တာ။

"နင် လေ့လာကြည့်သင့်တယ် ဖူးဖူးရဲ့၊ လူကောင်းသူကောင်းဆိုရင် အန်တီနဲ့အန်ကယ်လ်လည်း သဘောတူမှာပဲလေ၊ နင်တို့ကျောင်းက ကောင်လေးတွေတော့ ငါ့မျက်စိထဲ သိပ်မတွေ့ပါဘူး"

လုံလုံက ဟေးလားဝါးလား ကောင်လေးအုပ်စုကို ကြည့်မရ။ အဲဒီထဲက တစ်ယောက်ယောက်နှင့် ကြိုက်သွားမိမှာ စိုးရိမ်သည်။

"ဂျပန်တို့…ဝါးတားတို့ကို ပြောတာလား"

"အေးပေါ့…တွေ့လိုက်ရင် ဗရုတ်ကျနေတာချည်းပဲ"

"သူတို့က ပျော်တတ် နောက်တတ်လို့ပါ လုံလုံရယ်၊ ငါနဲ့လည်း သူငယ်ချင်းလောက်ပါပဲ"

"သိပ်မရောစမ်းပါနဲ့ ဖူးဖူးရယ်၊ ဣန္ဒြေရရလေး နေမှပေါ့"

"အေးပါ…မရောပါဘူး"

စကားကောင်းနေတုန်းမှာပဲ ကားက ဖူးဖူးတို့ဆိုင်ရှေ့သို့ ရောက်လာပါသည်။





"နင် ဆင်းဦးမလား"

ဖူးဖူးအမေးကို ခေါင်းယမ်းမိလျက်…

"မဆင်းတော့ဘူး"

"ပြောစရာ ကျန်သေးရင် ဖုန်းဆက်လိုက်ပေါ့"

"အိုကေ…ဆက်မယ်၊ ညကျမှ…"

"ဒါဆို…တာ့တာ"

ဖူးဖူး ကားပေါ်က ဆင်းသွားပြီးလျှင် ဖူးဖူးတို့အိမ်က ဒရိုင်ဘာ ကိုစိုးက လုံလုံတို့ကို အန်တီကြည်တို့ တိုက်အောက်ခြေထိ လိုက်မောင်းပို့ပေးသည်။

ဒီနေ့ညနေမှာ လုံလုံတို့ မဂ္ဂဇင်းက ပင်တိုင်ဓာတ်ပုံဆရာနှစ်ယောက်နှင့် ဓာတ်ပုံစတူဒီယိုသွားပြီး မျက်နှာဖုံးကာဗာ ဓာတ်ပုံရိုက်စရာ ရှိသည်။

မင်းသား…မင်းသမီး စုံတွဲတစ်တွဲ။ အဆိုတော်ပေါက်စ စုံတွဲလေးတစ်တွဲ၊ နှစ်တွဲ တစ်ပြိုင်နက် ချိန်းထားသည်။

ဓာတ်ပုံသတင်းဆောက်ဆီလည်း ဖုန်းဆက်ရဦးမည်။

အန်တီကြည်နှင့် တွေ့ပြီးမှ အစီအစဉ်တွေ ညှိနှိုင်းရမှာမို့ လုံလုံက အန်တီကြည်တို့အိမ်ကိုပဲ လာလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



လုံလုံတို့မဂ္ဂဇင်း ဝိုင်းတော်သားတွေမှာ ညီညီညာညာ မရှိ မကပ် ကြိုးစားကြသူတွေချည်းပဲမို့ အန်တီကြည်က သဘောကျသည်။

ထိုအထဲမှာမှ နွေနွေလုံက သူမရဲ့လက်စွဲတော် ဖြစ်သည်။

သတင်းထောက်၊ Marketing၊ ဒီဇိုင်းဆရာ၊ စာစီစာရိုက် ကွန်ပျူတာ စသဖြင့် ကျန်တဲ့အပိုင်းတွေကို လုံလုံက ဦးစီးခန့်ခွဲရသည်။

နွေနွေလုံသည် သွက်လက်ဖျတ်လတ်စွာဖြင့် ပုခုံးလွယ်အိတ် သနပ်ခါးရောင်လေးကို လွယ်ကာ၊ တိုက်ရဲ့ လှေကားပေါ် ပြေးတက်သွားလေသည်။

ထိုနေ့က အမှတ်မထင် မိုးက ဖြန်းကနဲ ရွာချလိုက်၏။

နွေနွေလုံက ပလက်ဖောင်းလေးအတိုင်း လျှောက်လာခဲ့ချိန်မို့ အိတ်ထဲက ထီးကို ကမန်းကတမ်း ထုတ်ပြီး ဖွင့်ဆောင်းလိုက်သည်။

သူမရဲ့ ခေါက်ထီးအပြာလေးမှာ အလှူမီနီယံ ထီးကိုင်းတွေနှင့် လုပပတလေးမို့ မိုးလေကြမ်းကြမ်း ဒဏ်ကို မခံနိုင်။

မိုးက လေပြင်းပါ တိုက်ပြီး သည်းသည်းထန်ထန်ကြီး ရွာတော့ ထီးကလည်း မလုံနိုင်တော့ပါ။

ထီးရွက်ပင် လေနှင့် လွင့်ပါသွားမတတ်မို့ လုံလုံက ထီးလက်ကိုင်ကို မြဲမြဲဆုပ်ထားရသည်။





www.burmeseclassic.com

www.burmeseclassic.com



“ဟယ်တော့…ဘုရား…ဘုရား”

နှုတ်ကပင် အလန့်တကြား ရေရွတ်မိသည်။

လေစုန်တိုးအဝှေ့မှာ ထိန်းကိုင်ထားတဲ့ကြားက ထီးရွက် လန်သွားသည်။

သူမက ထီးရွက်ကို ကမန်းကတမ်း ပြန်ဆွဲချ၏။

မရတော့…။

ကိုင်းတစ်ချောင်းပါ ပြုတ်ထွက်သွားပြီ။

လုံလုံသည် မိုးကို အပြစ်မတင်သော်လည်း မျက်နှာလေး တော့ စိတ်ပျက်လက်ပျက် ရှုံ့မဲ့မိတာအမှန်။

ဒီလို မိုးကောင်းမှန်းသိ ထွက်မလာပါဘူး။

အိမ်ကထွက်တုန်းက မိုးမရွာပါဘူး၊ ရာသီဥတု ကြည် ကြည်လင်လင်လေးမို့ ထီးဆောင်းစရာပင် မလိုဘူးလို့ ထင်မိတာ။

အခုတော့ ကြည့်…။

လူပါ ရွှဲရွှဲစိုတော့မည်။

မောင် က လုံလုံ့အတွက် လက်ဆောင်ပစ္စည်းတချို့ လူကြုံနှင့် ပေးပို့လိုက်တာမို့ လာယူမည် ဖုန်းဆက်ပြီး ထွက်လာချိန်မှ မိုးက ကောင်းနေသည်။





ဖုန်းဆက်ထားပြီးသားမို့ သွားယူမှပဲ ဖြစ်မှာပေါ့။ နောက် ကြောင်းပြန်လှည့်လို့ကလည်း မဖြစ်။

လုံလုံက ပလက်ဖောင်းအစပ်မှာ ရပ်လျက် လာနေတဲ့ တက္ကစီတစ်စီးကို လက်ဆန့်တန်း၍ တားလိုက်သည်။

တက္ကစီက မရပ်။ ပါစင်ဂျာပါပြီးသားမို့ သူ့ဟာသူ အရှိန် တင် မောင်းသွားလေသည်။

လုံလုံ နောက်တစ်စီး ထပ်တားသည်။

ထိုတစ်စီးကလည်း မရပ်ပြန်။

နောက်ထပ်လာနိုး လည်ကလေးဆန့်ကာ မိုးရွာထဲ မျှော် မိသည်။

ထိုအချိန်မှာပင် သူမအနီးသို့ ကားတစ်စီးက ထိုးဆိုက်လာခဲ့၏။ ကံဗာဖရီနက်ပြာတောက်တောက်လေး…။ ကားက အကောင်း စား။

သူမက ကားကို တစ်ချက်ကြည့်၍ မျက်နှာလွှဲမိစဉ်မှာပင် ကားရှေ့ခန်းရဲ့မှန်ကို နည်းနည်းအောက်ချလိုက်ပြီး တစ်စုံ တစ်ယောက်ရဲ့ မျက်နှာက ပေါ်လာကာ…

“နွေနွေလုံ…”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ရှင်"

"ဘယ်သွားမလို့လဲ၊ တက်..တက်၊ ကျွန်တော် ပို့ပေးမယ်"

"ကိစ္စမရှိဘူး...နေပါစေ"

"လာစမ်းပါဗျာ..ခင်ဗျားကလည်း ဒီလောက် မိုးသည်းနေတာ၊ တက်စမ်းပါ...စေတနာနဲ့ ပို့ပေးမလို့ပါ"

လုံလုံက သူ့ကိုကြည့်ရင်း တခဏ စဉ်းစားချင့်ချိန်နေသည်။ တကယ် လိုအပ်နေတဲ့ အချိန်မှာ မျက်စိရှေ့ပေါ်လာတဲ့ သူ့ကို လုံလုံ ဘယ်လိုငြင်းမလဲ။

ကားတွေ ရပ်တားနေတာလည်း သူ မြင်မှာပဲလေ။

ငြင်းရင်လည်း မာနကြီးရာ ရောက်မည်။

သူ့ကို အားနာစရာ။ ဖျတ်ခနဲ ဆုံးဖြတ်ချက်ချကာ နွေနွေးက ထီးပိတ်၍ သူ့ကားပေါ် ထိုင်လိုက်ပါသည်။

သူ့မျက်နှာက ကျေနပ်ပျော်ရွှင်သွားရပုံနှင့် ဝင်းလက်သွားပါသည်။

သတိရနေတုန်းပဲ မိုးရွာထဲမှာ သူမကို မြင်လိုက်မိတာ တစ်ခါတစ်ရံတော့ ကံကြမ္မာက သူ့ကို မျက်နှာသာ ပေးမှုပေါ့လေ။





"ရေကူးကန်မရောက်ဘူးထင်တယ်နော်၊ ကျွန်တော် သတိမိသေးတယ်"

"ဟုတ်တယ်...အလုပ်တွေ ရှုပ်နေတာနဲ့ မရောက်ဖြစ်ဘူး"

"ခင်ဗျားက အမြဲတမ်း အလုပ်တွေ ရှုပ်နေတယ်နော်"

သူ ခနဲ့တယ်လို့ထင်တဲ့ လုံလုံက...

"ရှင့်ကိုတော့ အမြဲတမ်း ကားတစ်စီးနဲ့ လတ်လျားလတ်လျား တွေ့နေရတယ်နော်"

ဟု မရည်ရွယ်ဘဲ တုန့်ပြန်မိသည်။

သူက ပြုံးလိုက်သည်။ ပြီးတော့ ခေါင်းတစ်ချက်ညိတ်ပြီး...

"ဟုတ်တယ်...ကျွန်တော့်မှာ အချိန်တွေ ပိုနေတယ်၊ ဘာအလုပ်မှ မရှိဘူးဗျ"

သူကလည်း ရွှဲ့ဖြေပုံရ၏။

"ဒါကြောင့်...ခဏ ခဏ တွေ့နေတာ"

"ဒါပါဆိုရင် ကျွန်တော်တို့ နှစ်ယောက်ဆုံတာ ဘယ်နှစ်ခါရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကြောင့် လုံလုံက ကားကို ဖြေးဖြေးလေးမောင်း

နေတဲ့ သူ့ဘက်သို့ အသာလှည့်ကြည့်မိသည်။

"မသိဘူး…ကျွန်မ မှတ်မှထားမိဘူး"

"ကျွန်တော်ကတော့ မှတ်ထားတယ်"

သူက မထိတထိလေး ဖျတ်ခနဲ တစ်ချက်ကြည့်

ပြုံးတုံ့တုံ့ ဆိုသည်။

"နွေနွေလုံကို ခင်လို့ပါ"

ထပ်တစ်ခွန်း ဖြည့်စွက်သည်။

လုံလုံက မျက်လွှာလေး ချလိုက်သည်။ မိုးက သည်

သဖြင့် ရေသုတ်တံဖွင့်ကာ ဖြေးဖြေးဂရုစိုက် မောင်းနေရ

"အခု ဘယ်ကို ပို့ပေးရမလဲ"

"ဗဟန်း ရေတာရှည်လမ်းကိုပါ၊ ဒါပေမယ့် ရှင်

နေရာ ချပေးလည်း ရပါတယ်၊ ရှင်က ဘယ်သွားမှာလဲ"

"ကျွန်တော်က ရပါတယ်၊ အေးအေးဆေးဆေး

ရုံပါပဲ"

"အိမ်က ဘယ်မှာလဲ၊ တကူးတကပို့ပေးရမယ်

အားနာစရာကြီး"





"ကျွန်တော်နေတာ ရွှေဂုံတိုင်ကြားမှာ၊ တကူးတက

လာတာမှ မဟုတ်တာ့ဘူးလေ၊ အားမနာပါနဲ့"

"တော်သေးတာပေါ့…အဲဒါဆိုရင် ကျေးဇူးပဲ"

"နွေနွေလုံအတွက် အရေးကြီးတဲ့ကိစ္စ ထင်တယ်နော်၊

မိုးထဲလေထဲတောင် တစ်ယောက်တည်း ထွက်လာတယ်"

"အင်း…ဆိုပါတော့"

သူမရဲ့ အဖြေက သိုသိပ်သည်။

သူ့ကို အပိုစကားမပြော။ သူနှင့် မရင်းနှီး မခင်မင်ချင်တာ

ကြောင့်လဲ။ အာထက် မျက်မှောင်ကုပ်၍ စဉ်းစားကြည့်မိသည်။

"နွေနွေလုံက စင်္ကာပူလား"

"ရှင်..! ဘာလို့ မေးတာလဲ"

"သိချင်လို့ပေါ့ဗျ"

သူက ရှုတည်တည်လေး ဆိုသည်။

"ဖြေလေဗျာ"

လုံလုံက ခေါင်းသာညိတ်၏။ အာထက် ရင်ထဲမှာတော့

ထိလင်းသွားရသည်။

သူမမှာ ပိုင်ရှင်မရှိသေးဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို··ပြီးရောပေါ့၊ စိုးရိမ်စိတ်တွေ ကင်းသွားကာ အ
တက်ပျော်ရွှင်လာမိသည်။

လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ခွ
အပြည့်ရှိတာပဲ၊ ခေါင်းညိတ်ပြပုံလေးကို သူ စွဲသွားရသည်။

"ကျွန်တော်လည်း လူလွတ်တစ်ယောက်ပါပဲ၊ ကျွန်တေ
ကို ရဲရဲခင်မင်လို့ ရပါတယ်ဗျာ၊ စကားမပြောချင်သလိုချည်း မ
ပါနဲ့"

"ကျွန်မ ဒီလိုပဲ နေတတ်လို့ပါ"

"ကျွန်တော် ဖုန်းဆက်မယ်၊ ဆက်လို့ရမလား"

"ကျွန်မ မအားရင်တော့ စိတ်မရှိပါနဲ့"

"ကျွတ်··ခင်ဗျားက မအားတာချည်းဘဲ၊ အဲဒါ
မမိုက်ဘူး"

သူ့ပုံစံ ဂျစ်ကျကျ ပြောဆိုပုံကြောင့် လုံလုံ ကြိတ်ပြုံးမိ
သည်။ ရှင်လေးရဲ့အကြံကို ရိပ်မိတယ်လေ···။

ဒါကြောင့် ကြိုတင်ကာကွယ်တားဆီးထားရမှာပေါ့





အာကာချမ်းထက်သည် အထပ်မြင့် တာဝါကြီးတစ်ခုရဲ့
န်ဒါဂရောင်း ကားပါ့ခ်ကင်ဆီ ကားကို ဖြေးဖြေးချင်း ဆင်းလာ
ာ နေရာလွတ်တစ်ခုထဲ ပါကင်ဝင်လိုက်ပါသည်။

သူ ကားရပ် စက်သပ်နေတုန်းမှာပဲ ရှေ့နားမှာ ကောင်မ
လေးနှစ်ယောက် စကားပြောရင်း လျှောက်လာတာ တွေ့ရ၏။

မိတ်ကပ်ရောင်ဖျော့ဖျော့ ကုတ်အင်္ကျီလက်ရှည် ပုံကျကျ
လေးနှင့် အရောင်တူ ဘောင်းဘီရှည်ပွပွလေးကို ဝတ်ဆင်ကာ
လေဒီရှူးဖိနပ် ပန်းရောင်ကို စီးထားတဲ့ နွေနွေလုံ ပုံစံဟာ
ခြေင်ဘူးသေးတဲ့ အော့ဖစ်စ်စတိုင်လ်လေး ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တွဲဆံထုံးပုံပုံကို သပ်သပ်ရပ်ရပ် ထုံးဖွဲ့ထားသည့် မျက်နှာလေးက ရှင်းလင်းဝင်းပနေသည်။

အတူပါလာတဲ့ ကောင်မလေးကို ကားနားအထိ လိုက် နှုတ်ဆက်ပုံရတဲ့ သူမက ထိုကားထွက်သွားတာကို လက်ပြပြီးတာ အဆောက်အဦထဲ ပြန်ဝင်သွားဖို့ ခြေလှမ်းပြင်သည်။

အာထက်က ကားထဲမှ ကမန်းကတမ်း ဆင်းကာ သူ့ နောက် လိုက်ခဲ့သည်။

"နွေနွေလုံ…ဟိတ်"

လှမ်းခေါ်သော်လည်း သူမက ကြားဟန်မတူ။

သွက်လက်သော ခြေလှမ်းလေးနှင့် ဓာတ်လှေကား ပြေးသွားကာ ဖျတ်ခနဲ ဝင်သွားလေသည်။

သူမ ဝင်ရောက်ပြီးတာနှင့် ဓာတ်လှေကားရဲ့တံခါးက ပိတ်သွားလေပြီ။

ကျွတ်..။

အာထက် အောင့်သက်သက်နှင့် မချင့်မရဲ ကျန်ခဲ့ရ

နွေနွေလုံ ဘယ်အထပ်ကို တက်သွားတာပါလိမ့်။

ဒီတာဝါမှာ ရုံးခန်းတွေက အများကြီးပင်။





ဒက်ဒီပိုင်တဲ့ အိတ်စ်ပို့အင်ပို့ ကုမ္ပဏီနှစ်ခု ရှိသလို၊ ရုပ်ရှင် ကုမ္ပဏီနှင့် မီဒီယာလုပ်ငန်းတွေလည်း ရှိသည်။ အခုလောလော ဆယ်ပင် သူငယ်ချင်းနှင့်စပ်တူ စိန်တိုက်တစ်ခု ဖွင့်ဖို့ ပြင်ဆင်နေ သည်။ စိန်တိုက်ကိုတော့ တာဝါကြီးရဲ့ အောက်ဆုံးထပ်မှာ ဖွင့်လှစ်မှာ သည်။

အာထက်က အပေါ်ထပ်ရုံးခန်းရှိရာ ခြောက်လွှာသို့ ဓာတ်လှေကားနှင့် တက်လာသည်။

သူ့ကို ဒက်ဒီ့သားမှန်း သိနေတော့ ဝန်ထမ်းတွေက လေးတစား ခေါင်းငုံ့ခါးကိုင်း ဆီးကြိုကြသည်။

ရိုကျိုးသော အမူအယာတို့ ပြကြသည်။

အာထက်က သီးသန့်ရုံးခန်းရှိရာဘက် တန်းတန်းမတ်မတ် လျှောက်လာခဲ့ပါသည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ ကုမ္ပဏီကို လာမိတာ တန်သွားပါ ပြီ။ နွေနွေလုံဟာ ဒီအဆောက်အဦကြီးထဲက ရုံးခန်းတစ်ခုခုမှာပဲ အလုပ်လုပ်တယ်ဆိုတာ သူ သိရပြီလေ။

ဘယ်အထပ်၊ ဘယ်အလွှာ၊ ဘယ်ရုံးဆိုတာသာ သေချာ မသိသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကပြန်အဆင်းမှာ တစ်ထပ်ချင်းရှာသွားဖို့ အာထ
စိတ်ကူးသည်။

နွေနွေလုံကို သိလားဟု မေးရမှာလည်း သူ နည်းနည်း
ရှက်မိတာ အမှန်။

ဒီမှာက ဒက်ဒီသားဆိုတဲ့ အရှိန်အဝါနဲ့ သတိထ
နေထိုင် ဆက်ဆံပြောဆိုရတာမို့ ဦးထက်ရွှေသားက ဒီကဝန်
ကောင့်မလေးတစ်ယောက်အကြောင်း စုံစမ်းတယ်ဟု သတင်
ပေါ်မှာလည်း သူ စိုးရိမ်ရပါသေးသည်။

သူ့နည်းသူ့ဟန်နဲ့ပဲ မသိမသာ လေ့လာစုံစမ်း
ဖြစ်သည်။

ဘယ်လိုပဲဆိုဆို သူမနှင့် နီးစပ်ကြုံကြိုက်ဖို့ နောက်
အခွင့်အလမ်းတစ်ခု ပွင့်လာတာက သေချာပြီလေ။

အာထက်နှုတ်ခမ်းလေးတွေ ပြုံးနေရသည်။



"ဟက်လို…"

"နွေနွေလုံရာ…(Missed call)တွေ အကြိမ်တစ်ရာ
ပြည့် တော့မယ်၊ ခင်ဗျား ဘာလို့ ဖုန်းမကိုင်တာလဲ"

ရရချင်း အာထက်ရဲ့အလိုမကျသံကို ကြားလိုက်ရ၏။

"ဟုတ်လား…မသိဘူးလေ၊ ရုံးခန်းထဲမှာမို့လို့ ဖုန်းကို
အလာမ်းပိတ်ပြီး အိတ်ထဲ ထည့်ထားတာ"

"ကောင်းတယ်…အရေးဆို လုံးဝခေါ်မရဘူး"

"ရှင် ဘာတွေ အရေးကြီးနေတာလဲ"

"နွေနွေလုံနဲ့ တွေ့ချင်လို့ပေါ့ဗျ"

"ဘာကိစ္စများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခု ဒီမှာ၊ ခင်ဗျားရဲ့ ရုံးခန်းရှေ့ကို ရောက်နေ
ပြီ"

"ဘာရယ်..."

"ခဏထွက်လာစမ်းပါ"

"အို...ထွက်လို့ ဘယ်ရမလဲ"

"ထမင်းစားချိန်တောင် ထွက်မရဘူးလား"

"ထမင်းက ဒီမှာပဲ စားတာလေ"

"ခင်ဗျားကိုယ်တိုင်က မတွေ့ချင်လို့ မဟုတ်လား"

အာကာချမ်းထက်က သူမသဘောထားကို သိနေသ
မကျေမချမ်း မေးလိုက်သည်။

"အခုနတုန်းကတော့ သူငယ်ချင်းကိုတောင် ကားနားအ
လိုက်ပို့ နှုတ်ဆက်နေသေးတယ် မဟုတ်လား၊ ကျွန်တော် တွေ့သွားပဲ"

"ဩော်...ဟုတ်လား"

"ဟုတ်လား လုပ်မနေနဲ့၊ ခင်ဗျား ထွက်မလာ
ကျွန်တော် ဝင်လာတွေ့မှာနော် ဒါပဲ"

"ရှင် ဘယ်လိုဖြစ်နေလဲ၊ ကျွန်မရဲ့ အလုပ်ချိန်ကြီး
မနှောင့်ယှက်နဲ့လေ"





"နှောင့်ယှက်တာ မဟုတ်ပါဘူး... ခဏလေး စကား
တစ်ခွန်း နှစ်ခွန်း ပြောချင်တာပါဗျာ"

"ကျွန်မ အခု မအားသေးဘူး"

"ဘယ်အချိန်ထိ စောင့်ရမှာလဲ"

"မစောင့်နဲ့လေ...ဘာလို့ စောင့်မှာလဲ"

သူ့ကို အရေးမထားသလို ပြောရက်သော နွေနွေလုံကို
သူ စိတ်ဆိုးချင်သည်။

သို့သော် သူ့နှလုံးသားက သူမနှင့် ပတ်သက်လျှင် အလိုလို
ခွင့်လွှတ်ပြီး အောက်ကျို့ဖို့ ဝန်မလေးတာ ဘာကြောင့်မှန်း မသိချေ။

အာထက်က စိတ်ဆိုးသလို ဖုန်းကို ပိတ်ချပစ်လိုက်တော့
သည်။ သို့သော် တကယ်တမ်း ရင်ထဲမှာ မတင်းမာနိုင်ပါ။

ညကျရင် သူမဆီ မရမချင်း ဖုန်းခေါ်ဖို့ တေးထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ရှေ့မှာ ဖြုန်းခနဲ ရင်ဆိုင်တွေ့လိုက်လျှင် နွေနွေ
က ခြေလှမ်းတုံ့သွားလေသည်။

အာကာချမ်းထက်ကတော့ နားကြပ်တစ်ဖက် နားထဲ
ကာ သီချင်းနားထောင်နေလျက်ပင် သူမမျက်နှာကို ပြုံးစိစိ
ကြည့်နေမိသည်။

သို့သော် သူ့မျက်ဝန်းရဲ့ နွေးထွေးချိုမြိန်မှုတွေက ထို
နှလုံးသားထဲ ဖောက်ထွင်းဝင်လာတော့မလို စူးစူးနစ်နစ် ပြင်းပြ
သည်။

ထိုမျက်လုံးကို မြင်တာနှင့် ရင်ထဲမှာ နွေးခနဲ ဖိုသွားရသ

"လမ်းလျှောက်ထွက်လာတာလား"





နွေနွေလုံသည် မနက်ခင်းတိုင်းလိုလို လမ်းလျှောက်ထွက်
တော့ပြီး တစ်ခါတစ်ရံဆို ဟိုတယ်မှာ ရေလာကူးတတ်တယ်ဆိုတာ
သူ သိနေပါပြီ။

ဒါကြောင့်လည်း သူမကို တမင်တကာ လာစောင့်နေတာ။

စောစောအိပ်ရာမနိုးတတ်တဲ့ အာထက်တစ်ယောက် သူမ
နှင့် ဆုံတွေ့ပြီး နောက်ပိုင်းမှာ ဝီရိယပိုပိုနှင့် အိမ်ကနေ စောစော
ထွက်တတ်တဲ့ အကျင့်ပင် ရလာပါသည်။

"ကိုအာကာကရော‥"

"ကျွန်တော်လည်း လမ်းလျှောက်မလို့ပေါ့ဗျာ"

"ဒါဖြင့်လည်း လျှောက်ပေါ့"

"အတူတူ လျှောက်လို့မရဘူးလား"

"ဒီကန်ပေါင်က အများပြည်သူလျှောက်နိုင်တာပဲ"

"တကယ်လို့ နွေနွေလုံသာ ပိုင်မယ်ဆိုရင် ကျွန်တော့်ကို
လျှောက်ခွင့်မပြုဘူးဆိုပါတော့"

"ကျွန်မ သဘောထားကို ရှင် ရိပ်မိတယ်မို့လား"

"ကျွန်တော့်ကို နွေနွေလုံ အမြင်ကပ်နေလား"

"ရှင်က အမြဲ နှောင့်ယှက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ရှင်းရှင်းပဲပြောမယ်၊ ကျွန်တော် ခင်ဗျားကို စိတ်ဝင်စားတယ်"

လုံလုံက ခေါင်းညိတ်ပြီး...

"ရှင် တစ်ဖက်သတ် စိတ်ဝင်စားလည်း အလကားပဲ ကျွန်မမှာ ချစ်သူရှိတယ်"

သူမစကားကြောင့် ဖြတ်ရိုက်လိုက်သလိုပင် ခံစားမိသည်။

လုံလုံက ထိုတစ်ခွန်းပြောပြီးတာနှင့် သူ့ကို ကျွဲ့ပတ် ဆက်လျှောက်သွား၏။

အာကာချမ်းထက်က သူမနောက်မှ အပြေးအလွှား ပါလာသည်။

"ရှင် ဆက်မလိုက်နဲ့တော့နော်၊ ဒါပဲ ပြောမယ်"

"ရည်းစားရှိတယ် ပြောတိုင်း ကျွန်တော်က နောက်ဆုတ်မှာလား"

"ဘာရယ်...နောက်မဆုတ်လို့ ရှင်က ဘာထပ်ပြောချင်သေးလို့လဲ"

"နွေနွေလုံကို ချစ်တယ်"

သူမမျက်နှာကို စေ့စေ့ကြည့်ကာ အာထက်ပြောလိုက်





သူမက အံ့အားတသင့်နှင့် မျက်နှာလေးက ထားရခက်သလို၊ မနေတတ်သလို ဖြစ်သွားသည်။

"ကျွန်တော် အရမ်းချစ်နေတယ်၊ အဲဒါတော့ ပြောချင်သေးတာပေါ့"

"မဖြစ်နိုင်ဘူးလေ...ရှင်ပြောလည်း ထူးမှမထူးတာ"

"အနည်းဆုံး ခင်ဗျား သိသွားတာပေါ့"

"မသိချင်ပါဘူး"

နွေနွေလုံက ခြေလှမ်းဖြေသွားသဖြင့် သူ ဘေးက လိုက်ရင်း...

"ခင်ဗျား ရည်းစားက ဘယ်သူလဲ၊ အခု ဘယ်မှာလဲ"

"စင်္ကာပူမှာ၊ ရွှေလထဲ သူ ပြန်လာတော့မှာ"

မင်းဇံ ဒီဇင်ဘာမှ ခွင့်ရမယ် ထင်ပေမယ့် အခုတော့ ရွှေလထဲပဲ မြန်မာပြည် နှစ်ပတ်လောက် ပြန်ခွင့်ရမယ်လို့ ဖုန်းဆက်ထားသည်။

မောင် ပြန်လာတဲ့အချိန် သူ ဒီလို တကပ်ကပ် ဖွတ်လိုက်နေရင် ဘယ်လိုလုပ်မလဲ၊ ဒါကြောင့်လည်း လုံလုံက စိတ်တိုတို့နဲ့ ရှင်းပြောလိုက်တာပါ။

www.burmeseclassic.com



"ခင်ဗျား အရမ်းပျော်နေတာပေါ့"

"ဒါပေါ့ရှင်...အကြာကြီး ခွဲနေရတာ ဘယ်လောက် လွမ်းရသလဲ ရှင်မှ မသိတာ"

သူက လုံလုံ့စကားကို အံကြိတ်နားထောင်သည်။ မျက်လုံး ကလည်း သူမမျက်နှာလေးကို မလွှဲစတမ်း စောင်းငဲ့ကြည့်လျက်သား။

သူ့မျက်လုံးမှာ နာကျင်ရိပ်၊ နှမြောရိပ်၊ မလိုတမာရိပ်တွေ က အထင်းသား ပေါ်လွင်နေပါသည်။

လုံလုံလည်း ဘယ်တတ်နိုင်မလဲနော်။ သူ့ကို ဒီလိုပြောထား မှပဲ နားအေးမှာ။

နို့မို့ဆို ဖုန်းလည်း တစ်ချိန်လုံး လိုက်ဆက်နေတာ။

ရုံးရှေ့ကိုလည်း မယောင်မလည် ရောက်ရောက်လာတတ် တာ။ ပုံကလည်း ဖွတ်တရွတ်ပုံစံလေး။

"ထားပါတော့လေ...သိပ်လွမ်းနေတယ်ဆိုတော့လည်း သူ မြန်မြန် ခင်ဗျားအနား ပြန်ရောက်ပါစေလို့ပဲ ဆုတောင်းပေးရမှာ ပေါ့၊ ဒါပေမယ့် ကျွန်တော့်ကို ရိုးရိုးဆက်ခင်လို့လည်း ရတာပဲ ခင်ဗျားက ဘာလို့ အရမ်းကြောက်နေရတာလဲ"

"ကြောက်တာ မဟုတ်ပါဘူး"



BURMESE CLASSIC



"ဒါဆို ဘာလို့ စကားလေးတောင် မပြောနိုင်တာလဲ"

"သူ အထင်လွဲမှာ စိုးလို့ပေါ့ရှင့်"

"အထင်လွဲစရာတော့ မရှိဘူး၊ အာကာချမ်းထက်က သူ့ရဲ့ ဘက်ပဲ"

"ရှင် အခုနပြောတော့ ရိုးရိုးခင်မှာဆို"

"ဘယ်က ဟုတ်ရမှာလဲ၊ ကျွန်တော်က ချစ်နေတာ၊ မှာ ဒီလောက် အရမ်းချစ်နေတာ၊ ခင်ဗျားဘက်က ရိုးချင်ရိုးလို့ တာပါ၊ တစ်ခါတည်း ပြောထားမယ် နွေနွေလုံ၊ ဘာပဲပြောပြော တော့်ဘက်က ဆက်ချစ်သွားမှာပဲ၊ ကျွန်တော် ဘယ်တော့မှ မဆုတ်ဘူး"

"အဲဒါကြောင့် ရှင်နဲ့ စကားမပြောချင်တာ၊ ကဲ.. တော့"

"မပြန်ဘူး"

"အဲဒါဆိုလည်း ကျွန်မနဲ့ အတူတူ လိုက်မလျှောက်နဲ့"

"လျှောက်မှာပဲ"

"ကဲ..ရှင် ဘယ်လိုဖြစ်နေလဲ၊ ဒါဆို ကျွန်မပဲ လှည့်ပြန်



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံက စိတ်ဆိုးဟန်နှင့် ပြော၍ တစ်ဖက်သို့ ပြန် လှော့ကျက်လေသည်။

သူက ဂရုမစိုက်သလိုပင် ပြောင်စပ်စပ်မျက်နှာလေး လုံလုံဘေးနား ကပ်ပါလာပြန်သည်။

လုံလုံ ခြေလှမ်းစောင့်ချပြီး နင်းတာကိုပင် သူ ဘေး နေ ပုံစံတူ လှော့ကျက်ပြနေသေးတာမို့ မျက်နှာတစ်ဖက်သို့ ရှုတ်ခမ်းကိုက် ပြုံးမိသည်။

သူဟာ ဘယ်လိုလူစားလေးလဲ မသိတော့ပါဘူး။



BURMESE CLASSIC

"နေစမ်းပါဦး...သားက ဒက်ဒီကြီး မဂ္ဂဇင်းတိုက်မှာမှ လို့ အလုပ်လုပ်ချင်ရတာလဲ၊ အဲဒါတွေက သားစိတ်ဝင်စားတဲ့ း‌တွေမှ မဟုတ်ဘဲနဲ့"

ထမင်းစားပွဲမှာ ဒူးရင်းသီးခရင်မ်ခွက် လက်ထဲကိုင်ကာ ရင်း မာမီ့ကို ပူဆာတောင်းဆိုနေတဲ့ အာထက်မျက်နှာလေးမှာ ချဉ် ဖြစ်လာရပြီး...

"မာမီ တကယ်သိချင်လား"

"အေးပေါ့"

"အဟဲ...သား ရည်ရွယ်ချက်က မြင့်မြင့်မားမားပဲ မာမီရဲ့ ရဲ့ဘဝနဲ့လည်း ဆိုင်တယ်၊ နှလုံးသားနဲ့လည်း ဆိုင်တယ်၊ ဝတ်နဲ့လည်း ဆိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော်...ဆိုစမ်းပါဦး၊ အဲဒီကြီးမား

ရည်ရွယ်ချက်က ဘာများလဲ၊ မင်းကြိုက်တဲ့ကောင်မလေးများ

နေပြီလား"

"အား...မာမီက အဲဒါတွေတော်တာ၊ ဒါကြောင့်လည်

သားရဲ့မာမီ ဖြစ်နေတာကိုး"

"အေးပါ...ရှင်တော်လို့ ကျွန်မ တော်ရတာပါ"

မာမီက ငေါ်တော့တော့ဆိုသည်။ အာကာချမ်းထက်

ပုခုံးလှုပ်ကာ ရယ်မိသည်။

"အခု မာမီလည်း သဘောပေါက်နေပြီဆိုတော့ ဒက်

ပြောပေး"

သူ ဒက်ဒီကိုတော့ တိုက်ရိုက်မတောင်းဆို။ မာမီကတ

ချည်းပဲ ဘာမဆို...။

တကယ်တော့ ဒက်ဒီက စည်းကမ်းကြီးပေမယ့် သူ့သ

တော့ အလိုလိုက် အကြိုက်ဆောင်တတ်၊ လိုက်လျောတတ်သ

သူတို့မှာလည်း ဒီသားလေးတစ်ယောက်တည်း ရှိ

အာထက် မဆိုးသွမ်း၊ မပေါ့ရမ်းတာကိုဘဲ ကျေနပ်နေကြတ

သားက လိမ္မာသည်။





မိဘတွေ ရှာဖွေထားတဲ့ ငွေကို သုံးသာသုံးပြီး၊ ဖြုန်းတီး

စ်တာ မရှိ။

ခုထက်ထိ ပျော်ပျော်ပါးပါး ပေါ့ပေါ့ဆဆလေး နေတတ်

ာတစ်ခုကလွဲလျှင် ကိုယ့်သားလေး ရိုးသားတာကို ကိုယ်တိုင်

သိဆုံးမို့ မာမီက သား အခုလို ဖွင့်ပြောတာကိုပင် ကြိတ်သဘော

မိပါသည်။

"ပြောပေးတာက ဟုတ်ပါပြီ၊ ဒါပေမယ့် အဲဒီ မီဒီယာမှာ

နေရာလပ်ရှိဦးမှကိုး"

"အာ...မာမီကလည်း သားကိုတော့ ဘယ်နေရာ ထပ်

ည့်ထည့်ပါ၊ မဂ္ဂဇင်းအုပ်ချုပ်ရေးပိုင်း သွင်းပေးလည်း ရတာပဲ၊

ဒ်ပျူတာဘာသာဆိုလည်း သားက ရနေတာပဲဟာ"

"သားစိတ်ဝင်စားတဲ့ မိန်းကလေးက ဘာရာထူးလဲ"

"သူက အယ်ဒီတာ မာမီ"

"နာမည်က ဘာတဲ့လဲ"

"မာမီ့ကို ပြောရင် ဒက်ဒီ့ဆီပေါက်ကြားဦးမယ်၊ မာမီ

ော် လျှို့ထားဦး၊ သားက ခုမှ ကြိုးစားနေတာ၊ သူ့ဘက်က လက်ခံ

သေးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်…မာမီသားကိုပဲ သူက မူနေရသေးလား"

"မူတာတော့ မဟုတ်ပါဘူး"

"မင်းကို ဦးထက်ရွေသားမှန်းသိလို့ မသိမသာ ချဉ်းက

ထားတာလည်း ဖြစ်ချင်ဖြစ်မယ်၊ မင်းဘက်က စိတ်ယိုင်လာပြီး

သူ့ရဲ့ အသားလေး မာယာနဲ့ ချည်နှောင်ဖြားယောင်းထားမှာပေ

"မဟုတ်ပါဘူး မာမီရာ"

နွေနွေလုံဟာ မာမီထင်နေသလို မိန်းကလေးမျိုး

မဟုတ်တာ သူ အသိဆုံးပါ။

သူ့ကိုလည်း ဘယ်သူဘယ်ဝါလို့ သိတာမဟုတ်။

ဒီတိုင်း ရိုးရိုးလေးပဲ ငြင်းနေတာပါ။

"သားရယ်…မင်းက မိန်းကလေးတွေအကြောင်း ဘာမှ

သိလို့လဲ၊ မင်း မသိပါဘူး၊ ကုမ္ပဏီပိုင်ရှင်သားကို မမက်မောဘူး

ရင် မာမီကတော့ မယုံပါဘူး၊ သားလည်း သိပ်လျှော့တွက်မထားနဲ့

အာထက်က ရယ်ချင်ပြုံးစိ ဖြစ်လာပါသည်။ ကိုယ်

ဘီးကလေးကဖြင့် ဒါတွေ ထည့်တွက်မည့်သူ မဟုတ်။

ဘီးကလေးရဲ့ စိတ်ဓာတ်ကို သူ သဘောပေါက်ပြီးသား

တခြားမိန်းကလေးတွေလို သူ့ဂုဏ်ရှိန်ဂုဏ်ဝါတွေ





ည့် တွက် ဂရုစိုက်နေမယ့်သူ မဟုတ်တာ သူ နားလည်ပြီးသား။

"ဘာပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်အပေါ် လွယ်

ယုံပြီး လွယ်လွယ် မဆုံးဖြတ်ပါနဲ့ သားရယ်"

"သား သူ့ကိုချစ်တယ် မာမီ၊ သားဘက်က ဘယ်လောက်

ဆုံးဖြတ်ဆုံးဖြတ် သူ လက်မခံရင် ဘာမှမတတ်နိုင်ဘူးလေ"

"သူက သားကိုမှ လက်မခံရင် ဘယ်သူ့ကို လက်ခံမှာတဲ့

မိုးပေါ်က နတ်သားဆင်းလာမှတဲ့လား"

မာမီက ရွဲ့မေးပါတော့သည်။

သူ့အနေအထားကို မာမီမှ မမြင်သေးတာ။

မာမီသာ မြင်ရင် ဒီလောက် အောက်ကျနောက်ကျခံရပါ့

ားဆိုပြီး မချိတင်ကဲ ရင်ဘက်ဖိနေမှာ။

အာကာချမ်းထက်က မျက်နှာငယ်ငယ်နှင့် ကြိုးစားနေရ

နွေနွေလုံမှာက ချစ်သူရှိပြီးသား။

သူဟာ ဒုတိယလူ…အရေးမပါတဲ့သူ…။

ထိုအချက်ကိုတော့ အာထက်က မာမီကို ဖွင့်မပြော။

မာမီ သိလို့မဖြစ်။

နောင်အခါ ဘယ်လိုလာမယ်မှန်းမှ မသိသေးတာ။



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံဟာ ကုံကောင်းထောက်မပြီး မာမီချွေးမ
ယောက်ဖြစ်လာနိုင်သေးတာပဲ မဟုတ်လား။

ဘီးလေးမှာ ချစ်သူရှိတယ်လို့သာ ပြောတာ။ တင်
လည်း ကိုယ်တိုင်တွေ့ဖူးသေးတာ မဟုတ်ပါ။ အဝေးရေ
ချစ်သူဆိုတာ အနီးကပ်ချစ်သူလောက်တော့ အခွင့်အလမ်း
မဟုတ်ပါဘူးဟုသာ အာထက်က အားတွေ တင်းထားသည်

ဒီထက် နီးစပ်မှုရအောင် သူမတို့ မဂ္ဂဇင်းအုပ်ချုပ်စီမံသူ
ထဲ သူ တိုးဝင်သွားဖို့ ဆုံးဖြတ်ထားသည်။ အဲဒီအခါ သူ့ကို တွေ့
ရရင် အံ့အားသင့်သွားမယ့်ပုံ ဖော်ကြည့်နေမိသည်။



ရုံးအဆောက်အဦရှိတာနှင့် မျက်နှာချင်းဆိုင် လမ်းမဘက် ခပ်လှမ်းလှမ်းလောက်ကျသော ကြေးအိုးဆိုင်ကလေးမှာ လုံလုံက သူ့ဇာလွှင်နှင့်အတူ ထိုင်ကာ စကားပြောနေတုန်း အာကာချမ်းထက် သူမတို့ စားပွဲရှိရာ ရောက်လာပါသည်။

"နွေနွေလုံ...ကြေးအိုးလာသောက်တာလား"

"အင်း...ရှင် ဘယ်လို ဒီကို ရောက်လာတာလဲ"

"ကျွန်တော် အစကတည်းက ဒီမှာထိုင်နေကျ"

"ဟုတ်လား"

"ခဏထိုင်မယ်နော်"

သူက ပြောပြောဆိုဆို နွေနွေလုံနားက ထိုင်ခုံမှာ ဝင်ထိုင်

www.burmeseclassic.com



လိုက်ပါသည်။ သူငယ်ချင်း သူ့အလွင်က ချောမောရှင်းသန့် သားနား လွန်းသော အကာချမ်းထက်ကို ငေးမောအကဲခတ်နေသည်။

လုံလုံ့အမူအယာမှာလည်း တစ်မျိုးလေး ရှက်စနိုးဖြစ်နေ သည် မဟုတ်လား။

ဂုဏ်ခြွေဆယ်ကာ တည်ငြိမ်ဟန်ဆောင်ထားသော်လည်း အာထက် ဖြုန်းခနဲ ရောက်လာတာနှင့် သူမဟန်ပန်လေးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတာအမှန်။

"ညက ဘာလို့ ဖုန်းပိတ်ပစ်တာလဲ"

"အိပ်ငိုက်နေလို့ပေါ့"

"ကျွန်တော် ပြောစရာရှိလို့ဆက်တာ၊ အလကား လျှောက် ဆက်နေတာ မဟုတ်ဘူး"

"ဘာပြောစရာရှိတာလဲ"

"ကျွန်တော်လည်း နွေနွေလုံတို့ရုံးမှာပဲ အလုပ်လျှောက် ထားတယ်"

"ဟင်"

သူမက ဟုတ်ရဲ့လားဟု ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၏။

"ဒီနေ့ အင်တာဗျူးလာဖြေတာ"





အာထက်က သူမမျက်လုံးထဲက အံ့အားတသင့် စူးစမ်း သော အရိပ်ကလေးကို သဘောတကျ ပြုံးငေးနေမိကာ…

"မယုံလို့လား"

သူမက မဖြေ။

"ကျွန်တော်လည်း စာနယ်ဇင်း စီစဉ်ထုတ်ဝေတဲ့ လုပ်ငန်း ကို စိတ်ဝင်စားတယ်လေ၊ နွေနွေလုံကိုလည်း ကျွာလတီမဂ္ဂဇင်း အယ်ဒီတာမို့လို့ ပိုပြီး လေးစားပါတယ်"

လေးစားတဲ့ရုပ်ကလည်း ပြုံးစစ ရီသွဲ့သွဲ့လေးနှင့်…။

"နောက်ဆိုရင်လည်း လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း မိတ်ဆွေတွေ ဖြစ်လာမှာဆိုတော့ ကျွန်တော် ဝမ်းသာပါတယ်"

"ကျွန်မကတော့ ရှင်နဲ့ အလုပ်ဌာနတူလာမှာကို သဘော မကျဘူး"

"ဟောဗျာ…ဘာဖြစ်လို့လဲ"

"ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မတို့ မဂ္ဂဇင်းတိုက်မှာ အလုပ် ဝင်ချင်တာလဲ၊ ရှင့်အတွက် နေရာလည်း မရှိဘူး"

"ရှိပါတယ်…ဒါအတွက် ဘာမှမပူနဲ့၊ အန်တီကြည်ကို ကျွန်တော် မေးပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် လုံ့လုံ့ မျက်လုံးလေးဝိုင်းသွားပြီး…

"ရှင်က အန်တီကြည်နဲ့ သိလို့လား"

"ဒီလိုပါပဲ…သိအောင် နည်းလမ်းရှာရတာပေါ့"

လျှို့ဝှက်နက်နဲသော မထိတထိအပြုံးလေးက အမြင်က

ဖွယ်ပါလား။ လုံလုံက မျက်စောင်းတစ်ချက် မသိမသာ ရွယ်သည်

ဒါက သူမနှင့် ပိုမို နီးမပ်အောင် ချဉ်းကပ်နည်းအသ

ဖန်တီးနေတယ်ဆိုတာ သိသားပဲ။ နေနှင့်ဦး…။ မောင်ပြန်လာ

သူ့ရှေ့မှာ လက်ချိုးပြီး တွဲလျှောက်ပြရဦးမည်။

ရည်းစားရှိပါတယ် ပြောတာကိုပဲ သူက မယုံသလို

ဘာလိုလိုနှင့်။ တကယ် မျက်မြင်ကြုံမှ သူ မျက်စိပျက် မျက်နှာပျ

နှင့် အံ့သြငေးမောနေရမှာလေ…သိသားပဲ။



နွေနွေလုံက ဖူးဖူးနှင့်အတူ ကက်ရှာကောင်တာဝိုင်းလေး

နောက်က ထိုင်ခုံအမြင့်တစ်လုံးမှာ ထိုင်ရင်း ကြွေပန်းကန်ပြားလေး

ထဲက သီဟိုဠ်ဆန်ကြော်ကို ဇွန်းနှင့် ခပ်စားလိုက်ပါသည်။

ဖူးဖူးတို့ရဲ့ ရက်စတောရင့်လေးမှာ ဒီည မိုးရွာနေ၍

လူအဝင် ခပ်ပါးပါးသာ ရှိသည်။

လုံလုံသည် အိမ်မပြန်သေးဘဲ ဖူးဖူးထံ ရင်ထဲရှိတာတွေ

ပြောပြနေမိ၏။

"ငါက သူ့ကို အလုပ်အကိုင်မရှိတဲ့ တေလေဂျပိုးလိုလို

လမ်းသရဲလိုလို ပြောဆိုဆက်ဆံ ဝေဖန်ထားမိတော့ အားတော့

နာတာပေါ့ဟာ၊ သူက စိန်သူဌေး ဦးထက်ရွှေသားဆိုတော့လည်း

မျက်နှာပူစရာချည်း ဖြစ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင် မနေ့တုန်းကမှ သိတာပေါ့"

"အင်းပေါ့ . . .သူ့ကို အားလုံးကဝိုင်းပြီး ပျာနေကြတော့ ငါ နည်းနည်းတော့ ထင့်သွားတာပေါ့၊ နောက်မှ အန်တီကြည်က ခေါ်မိတ်ဆက်ပေးတယ်၊ ဦးထက်ရွှေရဲ့သားဆိုတော့ လန့်သွားတာ ပေါ့"

"နင်ကတော့ တကယ့် ဒိတ်ဒိတ်ကြဲနဲ့မှ လာတွေ့တာပဲ"

"သူကလည်း မထင်ရဘူးလေ၊ ငါ ပြောဆိုသမျှ ငုံ့ခံနေ တတ်တာပဲ၊ ဟိတ်ကြီးဟန်ကြီး မရှိဘူး"

"ဘာပဲပြောပြော နင့်ကို ကြွေနေတာတော့ နင့် ဂုဏ်ယူ မှာပဲလေ"

"ဂုဏ်ယူတယ်တော့ မဟုတ်ပါဘူး၊ သူက မာနမကြီးဘဲ ငါ့အပေါ် အနွံအတာခံ၊ သည်းခံတာကိုပဲ အံ့သြမိတာ၊ သူ့လောက် မချမ်းသာတဲ့သူတွေတောင် တွေ့လိုက်ရင် ဆောင့်ကြွားကြွားနေ လေ၊ ဘဝင်တွေက မိုးပေါ်ရောက်နေတာ"

"ကိုအာကာ နင့်ကို ကြိုက်နေတာ ဘေးလူတွေ ရိပ်မိကုန် ရောပေါ့"

"မသိပါဘူး"





ရိပ်မိချင်လည်း ရိပ်မိနိုင်ပါသည်။ သူ့ပုံစံက ဒီလောက် သိသာနေတာပဲ။

"ကျွန်ုပ်ပျူတာဒီဇိုင်းကရော အာကာလုပ်တတ်လို့လား"

"အဲဒါတော့ သူက တော်တယ်ဟ၊ ငါတောင် ဒီလောက် ကျွမ်းမယ် မထင်ထားဘူး"

"တကယ်ဆိုရင် ဒီအလုပ်တွေက သူ့အတွက် ပါမွှားပဲ ဟာ၊ သူ့အဖေရဲ့ ကွန်စထပ်ရှင်လုပ်ငန်းတွေမှာ သူ ဝင်သင့်တာ"

"အဲဒါပေါ့မှာယ် . . .သူ့ကို အံ့သြနေကြတာ"

"နင်တို့ (ရွှေ. . . .)တာဝါကြီးလည်း သူ့အဖေဆောက် ထားတာ မဟုတ်လား"

"အင်း. . .ဟုတ်တယ်"

"ပိုင်ဆိုင်မှုတွေကတော့ မက်မောစရာကြီးပဲနော်၊ နင်ရော သဘောထား ပြောင်းသွားပြီလား လုံလုံ"

"အံမယ် . . .ဘာလို့ပြောင်းရမှာလဲ"

"ဦးထက်ရွှေသားကို လက်မခံမိတာ နင် တစ်ချိန်ချိန် နောင်တရရင်ရော လုံလုံ"

လုံလုံက ခေါင်းရမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နောင်တမရပါဘူး"

"သေချာရဲ့လား…နင့်နေရာမှာ ငါသာဆိုရင်တော့ ဒါမျိုးကို လက်လွှတ်မခံတော့ဘူး"

ဖူးဖူးက ပွင့်ပွင့်လင်းလင်းပဲ အားကျသလို ဆိုသည်။

"သူ အစောကြီးကတည်းက နင့်ကို သဘောကျခဲ့ရင် အကောင်းသားနော်…ဖူးဖူး"

"အေးလေ…ဟီး…ဟီး"

ဖူးဖူးက ထောက်ခံပြီး ရယ်လိုက်တော့ လုံလုံပါ ခပ်တိုးတိုး ရောရယ်မိသည်။

"စကားပြောလို့တော့ ကောင်းတယ်ဟာ၊ ပြန်ရဦးမယ်၊ ဒေါ်လေးသိန်း ငါ့ကို မျှော်နေမှာ"

"ဒီမှာရှိတာ သိတာပဲဟာ"

"သိပေမယ့်လည်း မိန်းကလေး အိမ်ပြန်ချိန်က ကာလသား ပြန်ချိန်ဖြစ်နေပြီဟဲ့"

"ကိုးနာရီတောင် မထိုးသေးပါဘူး၊ နင်ကလဲ…"

ဖူးဖူးက သူ့အစ်မကို မပြန်စေချင်သေး…။

တစ်ခါတလေ အေးအေးဆေးဆေး စကားပြောရတဲ့ညစ္စာ





"မနက်ဖြန်လည်း ရုံးပိတ်ရက်ပဲဟာ"

"ရုံးပိတ်ရက်လည်း ထွက်စရာရှိရင် ထွက်ရတာပါပဲ"

"နင်ကိုယ်တိုင်က ထွက်ချင်နေတာတော့ မဟုတ်ပါဘူး"

"ငါက ဘာလို့ထွက်ချင်ရမှာလဲ"

"အရင်နဲ့ မတူဘူးလေဟယ်၊ နင့်ရဲ့အချစ်တော်လေး အပါး မြဲလေးမျက်နှာ မြင်နေရမှာကို"

"ဖူးဖူးနော်"

သူမက ဖူးဖူးလက်ကို တစ်ချက်ဆွဲဆိတ်ပစ်လိုက်သည်။ စ,နေတော့လည်း သူ့ကိုပင် လုံလုံ သတိရသွားမိသည်။

အမြဲတမ်း ပြုံးစိစိလေး ခိုးကြည့်နေတတ်တဲ့ ပုံစံကို မျက်စိ ဖြင့်နေရတာတော့ အမှန်ပင်။

လုံလုံ ပက်ခနဲ တစ်ခုခု ပြောချလိုက်သည်။ စိတ်မဆိုးဘဲ တဲ့ကျဲလေး ခေါင်းငုံ့သွားတတ်တဲ့ သူ့သဏ္ဍာန်ဟာ စိတ်ရှည် မှာ သဘောကောင်းမယ့် ဟန်လေးပါ။ သူနှင့် ချစ်ခွင့်ရတဲ့ လေးဟာလည်း ကံကောင်းမယ့် မိန်းကလေးပါပဲ။

သို့သော် နွေနွေလုံကတော့ မဖြစ်နိုင်မယ့်စာရင်းထဲမှာပေါ့။

www.burmeseclassic.com



သူ တဖြေးဖြေးတော့ နားလည်လာမှာပါလေ။

မင်းဇုံ ပြန်လာတဲ့အခါ နီးစပ်ခွင့်ရဖို့ မျှော်လင့်ကြိုးစား တဲ့ သူ့ခြေလှမ်းတွေလည်း အလိုလို ရပ်တန့်သွားမှာပဲ မဟုတ်လာ

ခပ်ဆွေးဆွေးလေး ဝေးသွားမယ့် သူ့ပုံစံကို ခုကတည်း ကြိုတင်မြင်ယောင်နှင့်ကာ လုံလုံ့ရင်ထဲ မကောင်းနိုင်။

သို့သော် ဘာများတတ်နိုင်မှာလဲ။

သူ့အချစ်ကို အသိအမှတ်မပြုနိုင်တာ အနည်းငယ် စိတ်မကောင်းဖြစ်မိတာ ဝန်ခံပါသည်။

သူ့မျက်နှာလေး ကြည်နူးရွှင်ပျနေတာကိုပဲ လုံလုံ မြင် သည်လေ။

ဒါကတော့ စစ်မှန်သော စေတနာသက်သက်မျှသာတည်



"ဘယ်သွားမှာလဲ ညီလေး"

အေးအေးဆေးဆေး ကားမောင်းနေတဲ့ အာထက်ကို ကိုထွဋ်က မေးလိုက်သည်။

"ဘီယာသွားသောက်မယ်လေ အစ်ကိုရာ၊ ပြန်ချင်ပြီလား၊ အာကြီးရှိပါသေးတယ်"

"မပြန်ချင်ပါဘူး…ငါ့ညီနဲ့တွေ့တုန်း စကားပြောချင်တာ ကွာ"

မျိုးကိုထွဋ်က ဂျပန်ကို ထွက်သွားလိုက်တာ ခြောက်နှစ် ဘ် ကြာသည်။ ဒီကြားထဲကလည်း တစ်ခေါက်မှပင် ပြန်မလာ ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်သွားတုန်းကဆို အာကာချမ်းထက်က ဆယ်တ
ကျောင်းသားပဲ ရှိသေးတာ။

ထိုအချိန်က မျိုးကိုက အင်ဂျင်နီယာပေါက်စ ဖြစ်နေ

သူတို့ဝိုင်းမှာ စာသင်တဲ့ ဂိုက်ဆရာလေးအဖြစ် အပျော်
ဝင်ကူညီနေခဲ့ရင်း အာထက်တို့အဖွဲ့တွေနှင့် ဘော်ဒါလို ပေါင်းခဲ့
သူလည်း ဖြစ်သည်။

မျိုးကိုက ချာတိတ်တွေကို ကိုယ့်ညီတွေလို သဘော
ကာ တရင်းတနှီး ပေါင်းသည်။ ဒါကြောင့်လည်း ကိုမျိုးကို
သူတို့ ကြောက်လည်း မကြောက်ရ။

စာတွေ မရှင်းတာရှိလည်း ဝိုင်းမေးကြ။ ခေါင်းစား
သည်။ ဂိုက်ဖြစ်တဲ့ မျိုးကိုနှင့် လက်ဖက်ရည်ဆိုင်လည်း အတူ
ထိုင်သည်။

စားရင်းသောက်ရင်း…စာရှင်းပြရင်း ညဥ့်နက်သွား
အခါမျိုးမှာလည်း ဝိုင်းကျူရှင်ဖွင့်ထားတဲ့ တိုက်ခန်းမှာပဲ ညအိပ်
သွားတဲ့အခါတွေလည်း ရှိသည်။

ဒါကြောင့်လည်း ညီအစ်ကိုတွေလို ချစ်ခင်သွားခဲ့တာ
မဆိုနိုင်။



အထူးသဖြင့် ကိုမျိုးကိုက သဘောကောင်းပြီး ပျော်ပျော်
တတ်သူဖြစ်သည်။ အပေါင်းအသင်းလည်း ဆန့်သည်။ အသက်
ငယ်ကြီးကြီး သူက ဖြစ်အောင်ပေါင်းတတ်တဲ့ အဖွဲ့ကျတတ်သဖြင့်
ကာချမ်းထက်တို့ သူငယ်ချင်းအုပ်စုနှင့်လည်း ခုထက်ထိ
လာတဲ့အထိ အဖွဲ့ကျတုန်းပဲ ဖြစ်သည်။

ဟိုတစ်ပတ်ကဆို သူ ပြန်ရောက်လာတဲ့ အထိမ်းအမှတ်
တီပွဲလေးတစ်ခု လုပ်ပေးသေးသည်။

အဲဒီမှာ ပျော်ခဲ့ပါးခဲ့ရင်း အရှိန်ကမသေသဲ ဘီယာသောက်
င်နေခဲ့တာကြောင့် ဒီည ဖုန်းဆက်ချိန်းကာ ထွက်လာခဲ့ကြတာ
စ်သည်။

အာထက်က ကိုမျိုးကို အိမ်ထိလာခေါ်သည်။

ပြီးလျှင် တစ်နေရာဝင်ကာ မြို့ထဲဘက်သို့ ဦးတည်သည်။

"ကိုမျိုး"

"ဟေ"

"ကိုမျိုး ဘာလို့ မိန်းမ မယူသေးတာလဲ"

"ဟား…ဟား…ဟား"

သူ့မေးခွန်းကို ကိုမျိုးကိုက ရယ်မောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကလည်း ရယ်စရာမေးတာကျနေတာပဲ"

"မင်းမေးတာနဲ့ ငါ ပြောချင်တာနဲ့ တိုက်ဆိုင်သွားလို့ပါ။ အစ်ကိုကလည်း မင်းကိုရင်ဖွင့်စရာလေးတွေ ရင်ဘတ်ထဲပြည့်နေ

"အပြည့်တောင်လား"

"အေး...အခု မင်း ဘယ်သွားမှာလဲ၊ ငါ့ပြော"

"ဗိုလ်အောင်ကျော်လမ်း သွားမလား၊ Silver Oka ထိုင်လို့ကောင်းပါတယ်"

"မသွားနဲ့...ငါ့မှာ ဒီထက်ကောင်းတဲ့ဆိုင် တွေ့ထား ဟဲ...ဟဲ"

"ဘယ်မှာလဲဗျ"

"မင်း ကားပြန်ကွေ့၊ ငါ လမ်းညွှန်မယ်၊ ဘီယာ မဟုတ်ဘူးပေါ့ကွာ၊ ရက်စတော့ရင့်လေး တစ်ခုပေါ့၊ ခြံနဲ့ အေးဆေးလေးပဲ"

"အစ်ကို့ရယ်သံက ထူးနေတယ်နော်၊ ကျွန်တော့်ကို ထားနဲ့၊ ဘာခွင်လဲ...ပြော"

"အဲဒါပဲ ငါပြောချင်နေတာ၊ မေးစမ်းပါ ညီလေး ဒီမှာ သိပ်ပြောချင်နေတဲ့ကောင်ကွ"





အာကာချမ်းထက်က သူ့ကင်ဖရီလေးကို လာရာလမ်း ဘက် ပြန်ကွေ့ချလိုက်၏။ ဆရာကိုမျိုး သွားချင်တဲ့ဆိုင်ပဲ ပို့ပေး ချင်ပါသည်။ ပြီးတော့ ကြုံတုန်းကြုံခိုက် ကိုမျိုးကို သူ ပြုစုချင်သည်။

"ငါကတော့ သွားထိုင်တာ ဟုတ်ပါပြီ၊ သူလေးက ရှိပါ့ လား၊ ညဘက်ဆို ကက်ရှာမှာတော့ သူ ရှိတတ်ပါတယ်"

"ဘယ်သူလဲ...ကိုမျိုး၊ လှလား"

"ရေလည် အမိုက်စားလေး၊ နှာမည်က ဖူးဖူးတဲ့"

"ဟာ...ကျွန်တော့်အစ်ကိုက ဘယ်ဆိုးလို့လဲ၊ ပြန်ရောက် တာတောင် တစ်လမပြည့်သေးဘူး၊ ဓာတ်လမ်းနဲ့ဘာနဲ့၊ လုပ်စမ်းပါ ဦး အရင် ဓာတ်လမ်းလား..အခုမှ ပူပူနွေးနွေး စထားတဲ့ ဓာတ်လမ်း လား"

"အခုမှ စတာကွ"

"တယ်ဟုတ်ပါလားဗျ၊ အခြေအနေက ဝွတ်နေတယ်ပေါ့"

"အဲဒါတော့ မပြောတတ်သေးပါဘူးကွာ၊ အာထက်... ညီလေး မင်းကိုမို့လို့ ငါ ပွင့်ပွင့်လင်းလင်း တိုင်ပင်တာနော်၊ မင်း ဘော်ဒါတွေကို လျှောက်မဖွလိုက်နဲ့ဦး၊ လူကြီးဆိုတော့လည်း ရှက် တယ်ကွ၊ ဟဲ...ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ရှက်နေလို့ဘယ်ဖြစ်မလဲ၊ အစ်ကို အရှမ်းဖော ကျနေပြီဟာ၊ ရဲရဲတင်းတင်းသာ ရှေ့တိုး၊ အဆင်ပြေသွားမှာ အခု ကောင်မလေးက ဘာတဲ့လဲ၊ အစ်ကို သူ့ကို လာပိုးနေ ရိပ်မိလား"

"ရိပ်မိရုံတင် ဘယ်ကမလဲ၊ ငါက ဝိတ်တာထေ တစ်ဆင့် စာတွေဘာတွေ ပေးခိုင်းတာပေါ့"

"သူ လက်ခံလား…ယူထားလား"

"စာကိုတော့ ယူထားတာပဲကွ၊ ငါ့ကို ပြုံးလည်း ပြ တယ်၊ သူ့အပြုံးလေးက မခိုတရိုနဲ့ကွာ၊ ရေလည် ဟာ့တ်ထိတ

ကိုမျိုးစကားကြောင့် အာထက် ရယ်လိုက်မိသည်။

သူတို့ဂိုက်ဆရာ လူပျိုကြီးကို ဘယ်ကောင်မလေ ပြုစားနေပြီလဲ မသိ။ ဘာပဲဖြစ်ဖြစ် သူ အားပေးရမှာပင်။

"ဒါပေမယ့်ကွာ…ဆိုင်ဆိုတော့လည်း အားလုံးကို ဖော်ရွေရွေ ပြုံးရမှာပဲ၊ နွေးထွေးရမှာပဲ မဟုတ်လား"

"ဒါပေမယ့် အစ်ကိုပေးတဲ့ စာကို လက်ခံတယ်ဆို အလားအလာ ရှိပါတယ်ဗျာ၊ အစ်ကိုက ဖုန်းလေးဘာလေ ဆက်မကြည့်ဘူးလား"





"ဆိုင်ဖုန်းပဲ သိတာကွ၊ ဆက်လိုက်ရင် သူ့ဖားသားကြီး ကိုင်တာများတယ်၊ ဖူးဖူးက တစ်ဦးတည်းသော သမီးတဲ့ကွ၊ မွေးစား သမီးလို့လည်း ပြောတာပဲ၊ ကျောင်းကတော့ အဝေးသင်တက်နေ တုန်းတဲ့"

"ဟာ…ဒါဆို သူ သွားတတ်တဲ့ စနေ တနင်္ဂနွေ အစ်ကို သူ့နောက်လိုက်သွားပေါ့၊ ဘယ်မှာလဲ… အရှေ့ပိုင်းတက္ကသိုလ် လား"

"အဲဒါတော့ မသိသေးဘူးကွ"

"အစ်ကိုကလည်းဗျာ…သတ္တိရှိစမ်းပါ"

"သူက ငယ်တော့ ငယ်သေးတယ်"

"အစ်ကိုလည်း လူငယ်စတိုင်လ် နည်းနည်းပြောင်းပေါ့၊ ဆံပင်ကို ဘေးခွဲအကပ်ကြီး မထားနဲ့ဗျာ၊ နည်းနည်းလန်းသွားအောင် ရှိုင်းမှ ဖြစ်မှာပေါ့"

"အေး…အဲဒါ ငါလည်း စဉ်းစားနေတာပဲ"

"စဉ်းစားမနေနဲ့၊ မနက်ဖြန် နေ့လည်ကျွန်တော် လာခေါ် မယ်၊ ကျွန်တော်ညှပ်တဲ့ ဟဲစတိုင်လ်လစ် အရှမ်းကောင်းတယ်ဗျ၊ အစ်ကို သူနဲ့ ရှိုင်းထားလိုက်…အိုကေသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ…ညီလေးကိုပဲ အားကိုးရမယ်၊ ခြောက်နှ
ကျော်ကြာသွားတော့ အဆက်အသွယ်တွေလည်း ခပ်ပြတ်ပြတ်
ဖြစ်သွားတယ်ကွ"

"ရပါတယ်…ကျွန်တော်က အေးဆေးပဲ၊ လိုရင် ခေါ်သ
ခေါ်လိုက်"

"မင်းဖားသားအလုပ်ထဲမှာ ဝင်နေပြီဆိုကွ"

"အဲဒါက ပိုင်ပါတယ်ဗျာ၊ ဒက်ဒီထုတ်ဝေတဲ့ မဂ္ဂဇင်းမှ
သာ အပျော်ဝင်လုပ်နေတာပါ၊ သွားချင်လည်း ရတယ်၊ မသွား
လည်း ကျွန်တော့်သဘောပဲ"

"ဒါဆိုရင်တော့ အဆင်ပြေပြီ… ဖူးဖူးဆိုင်သွား
မင်းကို အဖော်ခေါ်ရမယ်၊ တစ်ယောက်တည်းကျတော့ ငေါင်တ
ကွ"

သူတို့စကားတပြောပြောနှင့်ပဲ မီးရောင်စုံတို့ ဖြာလင်း
သော ရက်စတောရင့် သန့်သန့်လေးဆီ ရောက်လာခဲ့သည်။

ခြံဝင်းထဲ ကားရပ်သည်ဆိုတာနှင့် အာထက်ရင်ထဲ တင်း
သော ဆန်းကြယ်ထူးခြားမှုကို ခံစားလိုက်ရသည်။

လုံလုံက သီဟိုဠ်ဆန်ကို နှုတ်ခမ်းလေးပိတ်ကာ ဝါး





ခပ်လှမ်းလှမ်းမှာ ပါကင်ဝင်လိုက်တဲ့ ကားဆီ ဖျတ်ခနဲ အကြည့်
ရောက်သွားမိ၏။

ဟောတော့…။

အာမေဋိတ်သံ မထွက်ပေမယ့် သူမမျက်လုံးလေး ပိုင်းခနဲ
ဖြစ်သွားရ၏။ အခုလေးတင် သူ့အကြောင်း ပြောနေတာ။

ကားပေါ်ကနေ အဖော်တစ်ယောက်နှင့် စကားပြောရင်း
ဆင်းလိုက်တဲ့ အာကာချမ်းထက်ကို မြင်လျှင် လုံလုံ စိတ်လှုပ်ရှား
သွားရသည်။

သူ မမြင်အောင် ပုန်းနေရင် ကောင်းမလား။

မျိုးကိုထွဋ်ရဲ့မျက်လုံးတွေက ကက်ရှ်ရှာကောင်တာ ကျွန်း
ကနုတ်ပိုင်းပိုင်းလေးဆီ အရင်ဆုံး ရှာဖွေမိသလို၊ ဖူးဖူးကို တွေ့တာနှင့်
နှုတ်ခမ်းတွေက ပြုံးယောင်သန်းသွားလေသည်။

ကိုယ်ကျပ်တီရှပ် ကော်လံပြတ်အနက်လေးနှင့် ထင်းနေ
အောင်လှတဲ့ ကောင်မလေးက ကိုယ့်ရင်ထဲက အဖူးအညွန့်ကလေးပဲ
ပေါ့။

သူမကို စတင်မြင်လိုက်တဲ့ညကတည်းက မျိုးကိုထွဋ် ဒီကို
မလာဘဲ မနေနိုင်အောင် ဖြစ်သွားခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးရဲ့ ညို့မျက်လုံးတွေက အိမ်ရောက်တဲ့အထိ သူ့အာရုံ က ထွက်ကို မထွက်တော့ပါ။

ထိုမိန်းကလေးကို သူ မြင်မြင်ချင်းပင် ချစ်ခဲ့မိတာ သေ သည်။ အခုတော့ တစ်စတစ်စ သူ့ရင်ထဲ အခိုင်အမာပင် နေရာ နေပြီ။

အာကာချမ်းထက်က ဆိုင်အပြင်အဆင်နှင့် ပုံစံအ အထားကို ဘာရယ်မဟုတ် ဟိုဒီကြည့်ရင်း ကိုမျိုးနောက်က လိုက် သည်။

ကိုမျိုးကြည့်တဲ့နေရာ သူ့မျက်လုံး အရောက်မှာ ဟာ အံ့ဩသွားရသည်။

ဒီအချိန် ဒီဆိုင်ရဲ့ကောင်တာနား ရပ်နေတဲ့ လုံလုံ့ကို မြ လိုက်ရတာ သူ့မျက်လုံးပင် သူ မယုံချင်။ လုံလုံနှင့် တွေ့ရမည် သူ လုံးဝ မမျှော်လင့်။

မျိုးကိုထွဋ်က စားပွဲမှာ ထိုင်မလို့ ဟန်ပြင်လိုက်ပေမ အာကာချမ်းထက် ခြေလှမ်းတွေက နွေနွေလုံနားလို့ အလိုလို ရော သွားရသည်။

ဖူးဖူးကလည်း သူ့ကို လာရှိုးနေကျ အစ်ကိုကြီးနှင့်အ





လုံလုံရဲ့ ကိုအာကာကိုပါ လှမ်းတွေ့လိုက်တော့ မျက်နှာလေးက တစ်မျိုးဖြစ်သွားရသည်။

အာထက်က ဘာရယ်ညာရယ် မစဉ်းစားဘဲ သူမရှေ့ ခြေစုံ ရပ်လိုက်ပြီးတာနှင့်...

"ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

"ဟင်"

သူမက အနည်းငယ် ရှိုးတို့ရှန့်တန်းနိုင်သော အပြုံးလေး နှင့်...

"ဖူးဖူးဆီ လာတာပေါ့"

သူမအဖြေကြောင့် အာထက်က သူမဘေးက ကောင်မလေး ကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။

"ဪ...လုံလုံ့သူငယ်ချင်းလား၊ ရေကူးကန်မှာ တစ်ခါ မြင်ဖူးတယ် ထင်တယ်"

"ဟုတ်ပါတယ်...ဖူးလည်း ကိုအာကာကို သိပါတယ်"

"ဒါဆို မိတ်ဆက်ပေးစရာတောင် မလိုတော့ဘူး၊ ဟင်း... ဟင်း...ဖူးဖူးက ကျွန်မညီမလေး ကိုအာကာရဲ့ သူငယ်ချင်း မဟုတ် ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ညီအစ်မတွေလား"

မျိုးကိုထွန်းသည် အကြီးတစ်ယောက် ဟိုကောင်မလေး တွေနှင့် သွားစကားပြော၊ နှုတ်ဆက်နေတာမြင်လျှင် အံ့သြဝမ်းသာ အားတက်သွားရပါသည်။

ညီလေးရဲ့ အသိမိတ်ဆွေတွေလားဟု မျက်နှာလည်း နည်း နည်း ပူသွားမိပါသေးသည်။ သူတို့နား ထသွားရကောင်းနိုးနိုး စဉ်းစား နေမိစဉ်မှာပင် ညီလေးအာကာက သဘောပေါက်စွာ လှမ်းခေါ်သည်။

အနားသို့ရောက်လျှင်…

"ကျွန်တော့်ရဲ့ ဂိုက်ဆရာအစ်ကိုနဲ့ မိတ်ဆက်ပေးရဦးမယ် အစ်ကိုက ဂျပန်ကပြန်ရောက်တာ ဘာမှမကြာသေးဘူး၊ ကိုမျိုးကိုထွန်း တဲ့၊ ကိုမျိုး…သူက နွှေနွှေလုံ၊ သူကတော့ ဖူးဖူးတဲ့၊ ကျွန်တော့်အစ်ကို က ဖူးဖူးတို့ဆိုင်မှာ အားပေးနေကျလေ…မှတ်မိမှာပေါ့"

"ဟွန်း…မှတ်မိပါ့"

ဖူးဖူးက တရင်းတနှီး မျက်စောင်းလေးနှင့် တုန့်ပြန်လျှင် ကိုမျိုးမျက်နှာ ရယ်ကျဲကျဲ ဖြစ်သွားရပါသည်။

"ဝမ်းသာတယ်ဗျာ…ညီလေးနဲ့ ခင်မင်နေတဲ့အတွက် လည်း ပိုဝမ်းသာပါတယ်"





"နွှေနွှေလုံက ကျွန်တော်တို့ မဂ္ဂဇင်းက အယ်ဒီတာပဲဗျ"

"ငယ်ငယ်လေးနဲ့ တော်လိုက်တာဗျာ၊ မထင်ရဘူး… ကျွန်တော်လည်း စာဖတ်တာ ဝါသနာပါပါတယ်"

"ကိုမျိုးက အင်ဂျင်နီယာ၊ ဒါပေမယ့် တစ်ခါတလေ ကဗျာတွေဘာတွေလည်း ရေးတယ်၊ ခံစားချက်နဲ့ တိုက်ဆိုင်သွားရင် သူ့ ကဗျာတွေက ပိုကောင်းတတ်တယ်၊ ဖူးဖူး ဖတ်ချင်ရင် ကိုမျိုးကို ကဗျာစပ်ခိုင်း…ဟဲ…ဟဲ"

"တော်ပါနော်…ရှင့်ကိုမျိုးရဲ့ ကဗျာတွေ စာတွေ သိပ်များ နေလို့၊ အိမ်မှာ မနည်းဝှက်နေရတယ်၊ သိလား"

ဖူးဖူးရဲ့ အပြောကြောင့် လေးယောက်သား ဝါးခနဲ အဖွဲ့ကျ သွားမိသည်။

ရယ်မောလိုက်သဖြင့် တစ်ခဏနှင့် ရင်းနှီးသွားသလိုလည်း ခံစားရသည်။

ထို့နောက် စားပွဲတစ်ဝိုင်းတည်း အတူထိုင် စကားပြောဖြစ် သွားသည်။

လုံလုံက မျိုးကိုထွန်းပုံစံကို မသိမသာလေး အကဲခတ် သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်စသပ်တော့ ဖူးဖူးကို အင်မတန် ကြွေပါတယ်ဆိုတဲ့ လူကြီးက ကိုအာကာရဲ့ ဆံရာတစ်ယောက် လာဖြစ်နေသည်။

တိုက်ဆိုင်မှုက သူ့ဘက်မှာ ရှိနေပါလား။

ကိုမျိုးဆိုသူမှာ ခန့်ညားသော ဥပဓိရုပ်ရှိသူတစ်ယောက် ဖြစ်သည်။ ဖူးဖူးက မချောဘူးဟုဆိုသော်လည်း တကယ်တမ်း မြင် လိုက်ရတော့ ရုပ်အဆိုးကြီး မဟုတ်တာ လုံလုံ သိလိုက်ရသည်။

စကားပြောလျှင် ပြုံးလျက် တရင်းတနှီးလေသံနှင့် ပြော တတ်တာကြောင့် ခင်မင်စရာကောင်းပါသည်။

ဆွဲဆောင်မှုလည်း ရှိတာအမှန်။

အာထက်ကတော့ စကားပြောရင်းက လုံလုံ့ဆီသာ ရှန်းရှန်း တောက်တောက်လေး ချစ်စနိုး ကြည့်နေမိပါသည်။

အသားရောင်ဝတ်စုံ သွပ်သပ်ရပ်ရပ်လေးပေါ်က ဆင်စွယ်ရောင်ဆွယ်တာ ရင်စေ့လေးကို ဝတ်ဆင်ထားတဲ့ ပုံစံလေး က မိန်းမဆန်ဆန် နူးနူးညံ့ညံ့ ချစ်စရာလေး ဖြစ်နေသည်ဟု ထင်မိသည်။

တကယ်တော့ သူနှင့် လုံလုံတို့ဟာ ဒီတစ်ကြိမ်ဟာ ပထမ ဆုံး အတူတူ ထိုင်စကားပြောခွင့်ရခဲ့တာ ဖြစ်သည်။





ဒီညလေးကို သူ ဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါ။

ချစ်ရသော လုံလုံလေးရဲ့ မျက်နှာကို ခပ်ကြာကြာလေး ကြည့်နေခွင့်ရတယ် မဟုတ်လား။

လုံလုံက မသိယောင်ဆောင်ကာ အကြည့်လေးလွှဲထားပေ သူ့ရင်ထဲမှာ ပူနွေးချိုမြိန်သာယာနေခဲ့သည်။

ချစ်တယ်...လုံလုံရယ်...။

ချစ်ခွင့်မရှိဘူးဆိုလည်း ဖြစ်ပေါ်နေတဲ့ အချစ်စိတ်တွေက ချုပ်သိမ်းလို့ မရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီး…ဘယ်သွားမလို့လဲ"

အပေါ်ထပ်လှေကားကနေ သားသားနားနား မွှေးမွှေးကြိုင်ကြိုင်နှင့် လေချွန်ပြီး ဆင်းလာတဲ့ မျိုးကိုထွဋ်ကို ညှော်ခန်းမှာ ကော အိတ်လေး ကောက်လွယ်ဖို့ ဟန်တပြင်ပြင်လုပ်နေတဲ့ ကေကေ မော့ကြည့်ကာ မေးလိုက်သည်။

"အပြင်ခဏထွက်ဦးမလို့ ညီမလေး"

"ဟယ်လ်ပင်ဘက် လမ်းကြုံမလား ကိုကြီး"

"ဘာဖြစ်လို့လဲ"

"အိမ်ကကား မလာသေးဘူး၊ မာမီကြီးကို ကလ လိုက်ပို့နေတာလေ၊ ကေကေ ကျူရှင်နောက်ကျမှာ စိုးလို့ပါ"





ကေကေသည် မီးကုန်ယမ်းကုန် အစွမ်းကုန်ကြိုးစားနေသူ ား ဖြစ်ရာ၊ အိမ်မှာသင်တဲ့ ဝိုင်းရော…အပြင်ထွက်ကျူရှင်တက် တွေရော ရှုပ်ယှက်ခတ်နေသဖြင့် သူထွက်မယ့်အချိန် တစ်ခါ လ ကားက ပြန်ဝင်မလာသေးတာမျိုး ကြုံတတ်လေရာ၊ အိမ်မှာ ကြီးရဲ့တူဖြစ်တဲ့ ကိုကြီးမျိုးကို ရောက်နေတော့ ပို့ခိုင်းမလို့ ကူးတာပင်။

သူမ ဒီလိုစိတ်ကူးနေတုန်းမှာပင် ကိုကြီးက လှေကားမှ င်းလာတာမို့ ဝမ်းသာသွားရသည်။

"ဒါဖြင့်…လာလေ၊ ငါ ဝင်ပို့ပေးခဲ့မှာပေါ့"

ကေကေက ကျောပိုးအိတ်လေး လွယ်ကာ ကိုကြီးနောက်မှ ိုင်းမတွ ပါလာပါသည်။

ကားရှေ့ခန်းထဲ ဖျတ်ခနဲ ဝင်ထိုင်ပြီးလျှင် ကိုကြီးက နှိုး၍ မောင်းထွက်ခဲ့သည်။

"ကေကေ…နင် စာတွေရော လိုက်နိုင်ရဲ့လား၊ နားလည် ာပေါက်အောင် ဖတ်ပြီးမှ နည်းလမ်းကျကျ ကျက်နော်၊ က်ပုံကျက်နည်းမသိရင် ငါပြောပြမယ်၊ ငါက အရင် ကျူရှင် ဆွဲခင်တုန်းက ကိုက်ဝင်လုပ်ခဲ့သေးတာဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…ကိုကြီးက စာတော်ခဲ့လို့ပေါ့၊ ဒါနဲ့များ ဆ
ကြီးတို့လို ဆရာဝန်လိုင်းဝင်အောင် လုပ်ခဲ့တာ မဟုတ်ဘူး"

"အမှတ်ကောင်းပါတယ်…ငါ့မှ ဝါသနာမပါတာ"

မျိုးကိုသည် အန်တီလေးရဲ့ မွေးစားသမီး ကေကေ
မြင်တာနှင့် ခင်မိပါသည်။

သူ ထွက်သွားကာစက သားသမီးမရှိသေးသော အန်
လေးတို့က လေးတန်းကျောင်းသူအရွယ် ကလေးမလေးတစ်ယော
ကို မွေးစားလိုက်သည်ဟု သိရသော်လည်း ပြန်လာတဲ့အခါ
ချောချောသန့်သန့် ဆယ်တန်းကျောင်းသူ ကောင်မလေး
တစ်ယောက်အဖြစ် ဘွားခနဲ တွေ့ရတော့ အံ့သြမိသည်။

ကလေးတွေက ကြီးပြင်းအရွယ်ရောက်တာ မြန်လိုက်
တာ။ သူလည်း ဘာလိုလိုနှင့် လူပျိုကြီးစာရင်းတောင် ဝင်ခဲ့
အချိန်တွေက အကုန်မြန်လိုက်တာဟု တွေးမိသည်။

"ကိုကြီးက ကေလေးကိုသာ ပြောနေတယ်၊
ကြာကြာနေမှာရော ဟုတ်လို့လား"

"ကြာကြာနေဖြစ်မှာပါ၊ အဆင်ပြေရင် ငါ
ပြန်အခြေချတော့မယ်"





"အဆင်ပြေရင်ဆိုတာ ဘာလဲဟင်၊ ကိုကြီး မိန်းမယူတော့
မလား"

မျိုးကို မျက်နှာက ပြုံးတုံ့တုံ့ ဖြစ်လာသည်။ ဒီရက်ပိုင်း
လေးမှာ သူနှင့် ဖူးဖူးငုံတို့ ဆက်ဆံရေးက အခြေအနေ တိုးတက်
သွားပြီ မဟုတ်လား။

သူ မျှော်လင့်ချက်တို့ ပိုမို ရှင်သန်ဖွံ့ဖြိုးလာရပြီလေ။

"ဟုတ်လား…ကိုကြီး"

ကေကေက သူ့ဘက် အကဲခတ်ရင်း ထပ်မေးသည်။

"သေချာရင် ကြေညာမှာပေါ့ဟာ၊ အခုတော့ ပြောလို့
ရမယ် ဖြစ်မလဲ"

"ကိုကြီးကလည်း လျှိုပြန်ပြီ၊ ဘေးခြံက အစ်မကြီး
နဲ့မှာမွန်လား၊ လိုအပ်ရင် ပြောနော်၊ ကေလေး အောင်သွယ်လုပ်ပေး
မယ်"

"မဟုတ်ပါဘူး…တခြားကပါ၊ နင် မသိပါဘူး၊ နင်က
ကလေးပဲ ရှိသေးတာ၊ ကိုယ့်စာပဲ ကိုယ် သေချာကျက်ဦး၊
ကြားလား"

"အင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ကေကေက နှုတ်ခမ်းလေးရှုလျက် တိတ်ဆိတ်သွ

သည်။ ဒီကိုကြီးက ပြန်လာတာဖြင့် မကြာသေးဘူး၊

နားညည်းအောင် ဆုံးမဩဝါဒတွေ ပေးတတ်သည်။

ဆရာလုပ်တဲ့ အကျင့်၊ ဂိုက်လုပ်ချင်တဲ့အကျင့်က

တာ ဖြစ်မှာပေါ့။

ကေကေက ကိုကြီး မမြင်အောင် မျက်စောင်းတ

ပိတ်ထိုးပစ်လိုက်သည်။

ကေကေ့ကို ဆရာလုပ်ပြီး ခပ်တည်တည် ပြော

သော မျိုးကိုဟာ များမကြာမီမှာပင် ပြန်လည် မျက်နှာချို

မော့ရသည့် အဖြစ်အပျက်နှင့် ကြုံလာပါတော့သည်။

ဖြစ်ပုံက ဒီလို…။

ဝိုင်းကျူးရှင် ခြံရှေ့ရောက်တော့ ကေကေ့သူငယ်

ကောင်မလေးတွေက ဆီးကြိုသတင်းပေးသည်။

နာရေးလိုက်ပို့စရာ အကြောင်းကိစ္စနှင့် သူတို့ဆ

ကျူရှင်ဖျက်လိုက်တဲ့ အကြောင်းပါ။

"ဟယ်…ဒီလိုမှန်းသိ အိမ်က ထွက်မလာပါဘူး

"နင့်အိမ် ဖုန်းဆက်သေးတယ်၊ နင် ထွက်သွားပြီ





"ဒီနေ့မှ ငါ့အစ်ကိုက ထူးထူးဆန်းဆန်း လိုက်ပို့ပေးတဲ့ဥစ္စာ"

ကေကေက ခုမှ ကောက်ကာငင်ကာ ပေါ်ထွက်လာသော

စ်ကိုကို ကြွားနေပါသေးသည်။

မာမီကြီးတို့ထံမှာ တစ်ဦးတည်း ပျင်းခြောက်ခြောက်နှင့်

ပြီးပြင်းခဲ့ရသော ကေကေဟာ အိမ်ကို ကိုကြီး ရောက်လာတဲ့

တွက် ပျော်လည်း ပျော်ပါသည်။

သူမအတွက် လက်ဆောင်အရုပ်တွေ အများကြီး ဝယ်ပေး

အတွက်လည်း အင်မတန် ကျေနပ်သဘောကျမိတာ အမှန်။

ကေကေသည် ကားပေါ်မှာ ထိုင်ရင်း ဘယ်သွားရရင်

ောင်းမလဲဟု တွေးသည်။ ကိုကြီးကို တစ်ခုခု လိုက်ကျွေးခိုင်းမည်။

ဆိုင်တစ်ဆိုင်ကို သွားရမည့်အတူတူ မမဖူးတို့ဆိုင်ကိုပဲ

ွား ထိုင်မည်ဟု ဆုံးဖြတ်သည်။

ကိုကြီး ကိုမျိုးကို ကေကေ့အစ်မတွေ ဘယ်သူမှ မမြင်ဘူး

ကြသေး။

မမဖူးနှင့် ပထမဆုံး မိတ်ဆက်ပေးချင်တာ။

အခုလို အချိန်ကလေး အားလပ်တုန်း ကေကေက သူ

ဘ်ကူးကို အကောင်အထည်ဖော်ဖို့ ကြံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…အခု ဘယ်သွားမလဲ၊ အိမ်ပဲ ပြန်မှာလား"

"မပြန်ချင်သေးပါဘူး၊ ခေါင်းထဲမှာလည်း စာတွေ ပူထူရှုပ်ထွေးနေတယ်၊ ကိုကြီး အချိန်နည်းနည်းလောက်ရ ကလေးကို မြေအိုးမီးရှေ့ လိုက်ကျွေးပါလား ဟင်"

ကလေးက ချစ်စဖွယ်ကောင်းအောင် ပူဆာလိုက် မျိုးကို မငြင်းနိုင်။ စာတွေပိနေတဲ့ ကလေးမလေးကို နည်း ပါးပါး (Relax) လုပ်စေချင်တဲ့ စေတနာလည်း ပါတာမို့

"ဘယ်မှာလဲ…ညည်းလေးရဲ့ မြေအိုးမီးရှေ့က၊ ကြီးတော့ ငါ့ကို မမောင်းနိုင်းနဲ့နော်"

"နီးပါတယ်…ဒီနားလေးပဲ၊ သိပ်မမောင်းရပါဘူး မောင်းရင် ဆယ်မိနစ်ပဲ"

ထိုအချိန်ထိ ဖူးဖူးငုံ့ရဲ့ဆိုင်ကို ဦးတည်နေရပြီဆို မသိသေးပါ။ ထိုလမ်းမှာ ရက်စတောရင့်တို့ လေးငါးခြော စုဝေးရာ နေရာမို့ ရင်ထဲတစ်ချက်တော့ ခုန်သွားရသေးသ

"ဘယ်ဆိုင်ကိုလဲ"

"ဟိုးရှေ့က အသည်းပုံပွန်းဆိုင်ဘုတ်လေး၊ တွေ့ ကဗျာဆန်ဆန်နဲ့ မြင်သစ်နာမည်လေး ပေးထားတဲ့ဆိုင်"



"ဟာ"

သူ လွှတ်ခနဲ ယောင်အော်မိရင်း ကားကို ဘေးဘက်ကပ် ရပ်ပစ်လိုက်သည်။

"ဘာဖြစ်လို့လဲ ကိုကြီးရဲ့"

"အဲဒီဆိုင်ဆိုရင်တော့ ညည်းလေးဘာသာပဲ သွား၊ ငါ မလိုက်ဘူး"

"ဟင်"

ကိုကြီးရဲ့ အလန့်တကြား တွန့်ဆုတ်သွားပုံက အဆန်းပါလား။

မျိုးကိုက ခေါင်းကြီးဖွကုပ်ရင်း မအီမလည် ဖြစ်သွားရပါသည်။

တော်ကြာ…ဖူးဖူးက ကလေးကို ဘယ်သူမှန်းမသိဘဲ အထင်လွဲရင် ပြဿနာ။

ညီမပြောလို့လည်း ယုံမှာမဟုတ်။

ဟိုနေ့ညက သူကလည်း လျှာရှည်ပြီး တစ်ဦးတည်းသော သားဆိုတာ ဒီပါးစပ်က ပြောထားခဲ့မိပြီးသား။

အခုမှ ရှင်းပြလို့က ဖြစ်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



ကေကေကလည်း ဆယ်တန်းကျောင်းသူဆိုပေမယ့် အရ
ရှည်ရှည်လေးနဲ့ အပျိုကြီးဖားဖားပုံစံ။

ကေကေက ကုရှင်ကို မှီကာ သက်ပြင်းတစ်ချက်နှင့်...

"ဒါဆိုလည်း မသွားတော့ပါဘူး ကိုကြီးရာ၊ နေပါစေ
တော့"

"ဟာ...ညည်းစားချင်တာ သွားစားလေ၊ ငါ စောင့်နေ
မှာပေါ့"

မျိုးကိုက အားနာပါးနာ တိုက်တွန်းသည်။

"အဲဒါ ကေလေးအစ်မဆိုင်"

"ဘာ"

"ကြံ့တုန်း ကိုကြီးနဲ့ မမဖူးဖူးကို မိတ်ဆက်ပေးမလို့ဥစ္စာ"

"ဖူးဖူးက ညည်းအစ်မ၊ တကယ်လား..."

မျိုးကို အခုမှ ဗျာပျာသလဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ
သည်။

ကေကေက သူ့ဘက် မျက်လုံးလေး ထောင့်ကပ်ကြည့်
ကာ...

"မမဖူးဖူးနဲ့ သိလား"





"အဟဲ...သိတယ်ပဲ ဆိုပါတော့၊ ဟိုတစ်ညကမှ ညီလေးလိုခင်နေတဲ့ ကောင်လေးက ငါ့ကို မိတ်ဆက်ပေးလို့ သိတာပါ၊ ညည်းအစ်မဆိုရင် ဟန်ကျတာပေါ့ဟာ၊ စောစောကမှ မပြောတာ၊ ကိုကြီးရဲ့ညီမလေးက ဒီတစ်ခါတော့ သိပ်ကို လိမ္မာသွားပြီ"

"ဟွန်း...အခုမှ"

မျက်လုံးတွေ ရွှန်းတောက်ကာ အချစ်ရိပ် အချစ်ရောင်ဖြင့် ရှက်ကိုးရှက်ကန်း ပြုံးမြနေသော ကိုကြီး အမူအယာကြည့်တာနှင့် သဘောပေါက်လိုက်ပါပြီ။

မမဖူးဖူးကို ကိုကြီး မျက်စိကျနေတာ သေချာပြီ။

မျိုးကိုကလည်း ကေကေ့ကို အားကိုး မျက်နှာချိုသွေးကာ ရယ်ကျဲကျဲ ဖြစ်နေရသည်။

ကေကေတို့ ညီအစ်မလေးယောက်ကို သူမ မိခင်က နောက်ဆုံးအချိန်မှာ တစ်နေရာစီ ပို့ဖို့ စီစဉ်သွားခဲ့တယ်ဆိုတာတော့ မျိုးကို ကြားခဲ့ဖူးပါသည်။

သို့သော် ဒီလိုတော့ ဆက်စပ်မှု ရှိမည်မထင်။

သူ့နှလုံးသားမှာ တုန်လှုပ်ပျော်ရွှင်လာသည်။

ကြည့်စမ်းပါဦးကွာ...



www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်မှုက အနီးကလေးမှာတင် ရှိတာ။ ဖူးဖူး
နွေနွေလုံဟာ ကေလေးအစ်မတွေတဲ့လား။

"ဖူးဖူးက အရမ်းလှတယ်နော် ကေလေး"

"ဟွန်း...အဲဒါ မမဖူးပဲ ရှိသေးတာ၊ မမလုံလုံ မဟုတ်
ဘူး၊ မမလုံဆိုရင် မော်ဒယ်လ်ထက်ကို လှတာ၊ ကိုကြီးမြင်
ပေးသွားမှာ သိလား၊ ဒါပေမယ့် မမလုံလုံမှာက ရည်းစားရှိပြီးသား

"ဖူးဖူးမှာတော့ မရှိဘူးမို့လား"

"အဲဒါတော့ မသိဘူးလေ"

"ကူညီစမ်းပါ ညီမလေးရာ၊ သိဘူးတော့ မလုပ်ပါနဲ့
ဒီတစ်ခါ ညီမလေးပဲ အားကိုးရမှာဟ၊ သူများတွေတော့
မပြောနဲ့နော်"

"သူများတွေတော့ မပြောပါဘူး၊ မမလုံလုံနဲ့ မကြီးသုံး
တော့ အသိပေးရဦးမှာပေါ့၊ ကိုကြီးဘက်ကရော တကယ် အတ
အစာနဲ့ စိတ်ဝင်စားတာ ဟုတ်ရဲ့လား"

"ဟာ...အတည်ပေါ့ဟ"

ကေကေက လူကြီးသူမလေးလို သူ့ကို စေ့စေ့စပ်စပ်
မေးခွန်းတွေ ထုတ်နေသည်။ မျိုးကိုကလည်း မညာ။



ဖူးဖူးကို တမြတ်တနိုး စိတ်ဝင်စားနေကြောင်း ခေါင်းတွေ
ဆပ်ထပ် ညိတ်သည်။

ဒီတော့မှ ကေကေက ဖူးဖူးတို့ဆိုင်ရှေ့သို့ ကားကို ဆက်
မောင်းစေသည်။

မျိုးကိုရင်မှာတော့ ရင်ခုန်သံတွေ ဆူညံပေါက်ကွဲနေသည်။

ဆရာမကြီး စတိုင်လ်ဖမ်းကာ ရှေ့က ဝင်သွားတဲ့ ကေလေး
နောက်မှ မျက်နှာပူပူနှင့် လိုက်လာခဲ့မိ၏။

ဒီတစ်ခါတော့ သူ့ခြေလှမ်းတွေမှာ မျှော်လင့်ယုံကြည်ချက်
တွေ ပါလာခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ကွင်းဆက်တွေ ချိတ်မိသွားပြီမို့ သူတို့ကြား

ရင်းနှီးပတ်သက်မှုတွေမှာ တမုဟုတ်ချင်း လျှင်မြန်စွာ ခိုင်မာဖြစ်ထွန်း

လာခဲ့သည်။

မျိုးကိုထွဋ်ဟာ မာမီကြီးရဲ့ တူအရင်းဖြစ်တဲ့အပြင် အရည်

အချင်းအပြည့်ရှိကာ သဘောမနောကောင်းတဲ့သူမှန်း ကျကျ

သိရတဲ့အခါ မကြီးသုန်ရော မမလုံလုံရော မျိုးကိုကို တလေးတာ

လက်ခံသဘောတူပေး၊ ထောက်ခံပေးခဲ့ကြသည်။

ဒီတစ်ခေါက် ဖူးဖူးတို့ဆိုင်မှာ ညစာစားပွဲ ဝိုင်းဖွဲ့စုစည်း

အခါ မျိုးကိုသာမက အာကာချမ်းထက်ပါ ပါလာခဲ့သည်။





အာထက်သည် အခုတော့ လုံလုံတို့ညီအစ်မ လေးယောက်

အကြောင်းနှင့် လုံလုံ့ဘဝလေးကိုပါ သိမြင်နားလည်လာခဲ့ရပါပြီ။

ချစ်ရသူလေးကို ပို၍ပင် ကရုဏာသက်ခဲ့ရသည်။

ဆုံတာနှင့် အာထက်မျက်လုံးတွေက သူမထံသာ တငေး

ငေး ကျရောက်နေတတ်သည်။

အခုတော့ သူမ အာထက်ကို ရှောင်နေဖို့ မလွယ်။

ဂျာနယ်မဂ္ဂဇင်းတိုက်မှာလည်း လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်

သလို၊ ကိုမျိုးတို့ ဖူးဖူးတို့နှင့် ပတ်သက်ပြီးတော့လည်း သူ့ကို အလေး

ထား ဆက်ဆံလာရပြီ မဟုတ်လား။

အခြေအနေတွေက တိုးတက်ကောင်းမွန်လာခဲ့သည်။

သို့သော် သူ့အတွက် ရလဒ်ကတော့ သိပ်မထူးခဲ့ပါ။

လုံလုံ့အချစ်ကို သူ့မှာ တောင်းခံခွင့် မရှိ။

လုံလုံက တံဆိပ်တစ်ခု ကပ်နှိပ်ခဲ့ပြီးသား ဖြစ်နေတာကို

သူ ဘာမှမတတ်နိုင်။

ဒါက မပြောင်းလဲနိုင်သော အရာတစ်ခုလို့သာ သဘော

ထားရတော့မလား။

ကိုမျိုးကိုကတော့ ကံကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူးက သူ့ကို လက်ခံလိုက်ပြီ။

လက်ခံတာနှင့် တစ်ပြိုင်နက် လှုကြီးမိဘတွေခေါ်ကာ တောင်းရမ်းနားဖောက်တဲ့အဆင့်အထိ လျင်မြန်စွာ တိုးတက်သွားခဲ့သည်။

"မင်းခံစားချက်ကို ငါ နားလည်ပါတယ် အာထက်ရယ်၊ လုံလုံက မျက်နှာမများချင်တဲ့ မိန်းကလေးဆိုတော့လည်း မင်းဘက်က ရှေ့မတိုးသာဘူးပေါ့၊ သူလည်း မင်းအပေါ်ကို သံယောဇဉ် ရှိနေတာ ငါ အကဲခတ်မိပါတယ်၊ ဒါပေမယ့် ဖူးစာမပါရင်တော့လည်း မင်း ခံနိုင်ရည်ရှိရမှာပေါ့၊ သူ့ချာတိတ်လည်း ပြန်လာတော့မယ် ပြောတယ်ကွ၊ မနေ့က ခာတ်ပုံအယ်လ်ဘမ် တွေ့လိုက်သေးလား၊ မင်းရဲ့တစ်ဝက်တောင် မချောဘူး၊ လုံလုံက ဘာလို့ကြိုက်တာလည်း မသိဘူး၊ သူများသမီးရည်းစားကို ကွဲစေချင်လို့တော့ မဟုတ်ပါဘူးကွာ၊ ဒါပေမယ့် ငါက မင်းနဲ့လုံလုံကို သဘောတူတယ်၊ သူတို့ လက်မထပ်သေးသရွေ့တော့ မင်း မျှော်လင့်ချက် ဆက်ထားလို့ ရပါတယ်ကွာ၊ လက်ထပ်တော့လည်း အပြုံးမပျက်ဘဲ လက်ခွဲနှုတ်ဆက်လိုက်ပေါ့၊ မင်းရဲ့အချစ်က အကောင်းဆုံးကို မျှော်လင့်ထားပြီး အဆိုးဆုံးကို ရင်ဆိုင်ဖို့ ပြင်ထားရယ့် အနေအထားမျိုးပဲ





လေးရ၊ မင်းအကြောင်းကို စဉ်းစားမိရင် ငါလည်း စိတ်မကောင်းမိတယ်၊ ဘာပဲဖြစ်ဖြစ် အသည်းတော့ မကွဲစေနဲ့ကွာ"

ကိုမျိုးက သူ့ကို ဤသို့ အားပေးခဲ့သေးသည်။

နွေနွေလုံနဲ့ မင်းဇံတို့ အတွဲကို သူ တကယ် အပြုံးမပျက်ကြည့်နေနိုင်သလား။

သူ့ကိုယ်သူလည်း မသေချာ။

တွေးလိုက်မိလျှင်ပင် ရင်ထဲ၌ နှမြောကြေကွဲဆို့နင့်နည်းသွားမိတာ သူ မညာလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံက သူ့စားပွဲမှာ ခပ်တွေတွေလေး ငြိမ်သ...
ငေးမောနေသည်။

တီရှပ်အပွ အနက်ရောင်နှင့် စတိုင်လ်ဘောင်းဘီပွပွ က...
ရောင်ကို ဝတ်ထားသော အာကာချမ်းထက်က လက်ထဲမှာ တုတ်...
အသားကင်လေးတွေ ထည့်ထားတဲ့ ဖော့ဗူးကို အိတ်နှင့်ဆွဲ...
ခြေလှမ်းကျဲနှင့် ဝင်လာရင်း သူမစားပွဲရှေ့မှာ ရပ်လိုက်ပါသည်...

"လုံလုံ"

"ဟင်"

"နေ့လည်က ခေါက်ဆွဲပေါင်း စားမကောင်းဘူးဆို...



...းဖြစ်ဘူးဆို၊ ဒီမှာ လုံလုံ ကြိုက်တဲ့ ဆလာမီနဲ့ အကင်စုံ ဝယ်လာ...ယ်၊ အိုက်စ်ကော်ဖီလည်း ပါတယ်"

"လုံလုံ ဗိုက်မဆာပါဘူး အာကာရယ်၊ ဘာလို့ သွားဝယ်ရ...သလဲ"

အာကာချမ်းထက်က သူမစားပွဲရှေ့က ကုလားထိုင်မှာ ...င်လိုက်ကာ ပန်းပွင့်ဆန်သော မျက်နှာအေးအေးလေးကို ချစ်စနိုး ...ကြည့်လိုက်သည်။

ဒီလို ကြည့်နေခွင့်ဟာ နောက်ထပ် ဘယ်နှစ်ရက်ရမလဲ ...သိနိုင်။

"ဘာတွေ စဉ်းစားနေတာလဲ၊ ခင်ဗျားမျက်နှာက ခါတိုင်း ...မလန်းဘူး"

"မစဉ်းစားပါဘူး"

"နေရောကောင်းရဲ့လား"

ကြင်နာဂရုစိုက်ဟန်နှင့် မေးနေတာမို့ လုံလုံ သူ့ကို အားနာ...သည်။

ပင့်သက်ကလေး အသာခိုးရှိုက်မိကာ...

"နေကောင်းပါတယ်...လုံလုံ ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲလေးကအစ သူမ ဘာလိုအပ်နေသလဲ ဘာဖြစ်ချင်သလဲ၊ ဘာတွေ အခက်အခဲရှိနေသလဲ လေ့လာအ ခတ်ပြီး ကူညီဖြည့်ဆည်း စွမ်းဆောင်ပေးချင်တဲ့ သူ့စေတနာ လည်း လုံလုံ သိနေခဲ့ပါပြီ။

မတုန့်ပြန်နိုင်တဲ့အတွက် ရင်ထဲ မကောင်းပေ။

ခုတလော စိတ်အနှောင့်အယှက် ဖြစ်နေမိတာက အကြောင်းအရာပါပဲ။

မောင် ပြန်လာတော့မည်ဆိုတာကိုပင် ရင်ထဲ ရှင်း မပျော်နိုင်အောင် ဖြစ်နေမိသည်။

သူ့မျက်နှာပေါ်က ခံစားချက်ဟာ လုံလုံ့ရင်ထဲ ဖွတ် ရောက်လာတတ်သည်။

တစ်ခဏမျှ တစ်ဦးကိုတစ်ဦး စူးစူးနစ်နစ် စိုက်ကြည့် ကြသည်။ ပြီးလျှင် လုံလုံက စတင် မျက်လွှာချသွားသည်။

"အာကာ အပြင်သွားစရာ ရှိသေးလား"

"ဘာမှာမလို့လဲ"

"ဟင့်အင်း"

"ကျွန်တော် ခင်ဗျားစားပွဲကိုလာတာ မကြိုက်လို့လား"





"မဟုတ်ပါဘူး"

"ဒါဆို ဝယ်လာတဲ့သူ စေတနာကို အသိအမှတ်ပြုပြီး လေ"

အာကာချမ်းထက်က ဖော့ဘူးလေးကို ဖွင့်ပေး၊ ဇွန်းတပ်ပေး သည်။

"အများကြီးပဲ...အာကာလည်း စားလေ"

သူက တုတ်ထိုးအကင့်တစ်ချောင်းကို ဆွဲယူကိုက်ဖဲ့လိုက် ပါသည်။

"မနက်ဖြန် ခတ်ပုံ စတူဒီယိုကို ထွက်စရာရှိသေးလား"

"ထွက်စရာတော့ မရှိဘူး၊ ဒါပေမယ့် ထွက်လည်း လုံလုံ ါမှာ မဟုတ်ဘူး"

"ဘာလို့လဲ"

သူ့မေးခွန်းကို နွေနွေလုံက ချက်ချင်း မဖြေ။

သူက လုံလုံ့မျက်နှာကို အဖြေရှာသလို ကြည့်နေသည်။

"သုံးရက်လောက် ခွင့်ယူထားတယ်"

အသံက တိုးတိုးလေးပါပဲ...။ ဒါပေမယ့် အာထက်နှလုံး သားမှာ အကျယ်ကြီး မြည်ဟီးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာတော့မှာလား"

"အင်း"

"မနက်ဖြန်ပေါ့ ...ဘယ်အချိန်လဲ"

"အချိန်တော့ မသိသေးဘူး၊ ဒီည သူ ဖုန်းထပ်ဆက် ပေါ့"

အာထက် မျက်နှာမှာ ဟန်မဆောင်နိုင်အောင် ခပ်ပျက် လေး ငြိမ်သက်သွားရပါသည်။

မွှေးမွှေးလုံက သူ့မျက်လုံးကို လုံးဝ မကြည့်ဘဲ အကြည့် ထားသည်။

"သွားကြိုမှာလား"

"အင်း"

"ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"အို...နေပါစေ အာကာရယ်"

"ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို လုံလုံ့ရဲ့လူနဲ့ မိတ်ဆက် ရမှာစိုးလို့လား၊ မခေါ်ရဲဘူးလား"

မထင်မှတ်သော သူ့စကားကြောင့် လုံလုံ အငိုက်မိ သည်။





သူတို့နှစ်ယောက်ကို ဆုံတွေ့ပေးဖို့ တစ်ခါမှ စိတ်မကူး။

အရင်တုန်းကတော့ သူ့ရှေ့လက်တွဲလျှောက်ပြမည်ရယ်လို့ တ်ထဲ ကြုံးဝါးခဲ့ဖူးတာ အမှန်။

သို့သော် အခု နောက်ပိုင်းရက်ကလေးတွေ အတောအတွင်း လုံနှင့် သူဟာ တစ်ဦးအပေါ် တစ်ဦး နက်ရှိုင်းစွာ နားလည်သွား ပြီ ဖြစ်သည်။

သူ့ကို အရှုံးသမားအဖြစ် စိတ်ဒဏ်ရာ မရစေချင်ပါ။

သူ တကယ် ချစ်နေတာကိုလည်း ယုံကြည်မိပြီ။

ကိုယ် ပျော်နေခိုက်မှာ သူ ကြေကွဲနေမှာပေါ့။

လုံလုံ ဒီလို မဖြစ်စေချင်ပေ။

"ကျွန်တော်ပါ အတူတူ ပါလာမယ်ဆိုရင် ဘာတွေဖြစ်နိုင် လဲ၊ လုံလုံ့ဘက်က ရိုးရိုးသားသားပဲ၊ ကိုမင်းဖုန့်နဲ့ အေးအေးဆေးဆေး တ်ဆက်ပေးလို့ရတာပဲဗျာ၊ စိတ်ထဲမှာ သိပ်ခက်ခဲနေလို့လား"

"အမယ်...ဘာလို့ခက်ခဲရမှာလဲ"

"ဒါဆို လေဆိပ် အတူတူ သွားတာပေါ့၊ မနက်ဖြန် အိမ်ကို ကြိုပေးမယ်"

"အာကာ သက်သက်အလုပ်ပိုတာပေါ့"

www.burmeseclassic.com



"ကျွန်တော်ကိုယ်တိုင်က လုံလုံ့ကို အရမ်းလိုက်ပို့ပေး တာပါ၊ ချစ်သူတွေ ပြန်ဆုံတဲ့ပွဲမှာ ကျွန်တော်လည်း ဘေးက ဝင်ပျော်လို့ ရတာပေါ့၊ မဟုတ်ဘူးလား"

လုံလုံသည် ခေါင်းသာညိတ်ရသော်လည်း စိတ်ထဲ မသ မသာချည်း ဖြစ်နေမိသည်။

မင်းဇံုက သူနဲ့အတူ သွားတာ ကြိုက်ပါ့မလား…။

မောင် မေးခဲ့ရင် လုံလုံ ဘယ်လိုဖြေရပါ့မလဲ။

သူငယ်ချင်းလို့ ပြောရမလား၊ မဂ္ဂဇင်းတိုက်က လုပ် ကိုင်ဖက် ကွန်ပျူတာဒီဇိုင်း ဖန်တီးသူလို့ မိတ်ဆက်ပေးရမ

လုံလုံ ဝေခွဲမရ။

ရန်ကုန် ရောက်ရောက်ချင်း မောင် အထင်လွဲစရာ စနောင့်ဖြစ်စရာလည်း မကြုံစေချင်။

ထို့အတူ တက်တက်ကြွကြွ ကူညီပေးချင်တဲ့ အ စေတနာကိုလည်း မငြင်းပယ်ရက်။

"ဘာတွေ စဉ်းစားနေတာလဲ"

"ဟင့်အင်း…မစဉ်းစားပါဘူး"

"မနက်ဖြန် လေဆိပ်လိုက်ပို့လို့ ရမှာလား"



"အာကာသဘောပဲ"

"ညကျ ကျွန်တော် ဖုန်းဆက်မယ်လေ"

"အင်းပါ"

"ကျွန်တော်ပါတဲ့အတွက် လုံလုံ စိတ်အနှောင့်အယှက် မဖြစ်ပါဘူးနော်"

သူ မေးနေပုံကြောင့် နွေနွေလုံက နှုတ်ခမ်းလေးစေ့ကာ ပြုံးပါသည်။

လုံလုံ စိတ်အနှောင့်အယှက် မဖြစ်တာမှန်ပေမယ့် မောင် ကတော့ သူ့ကိုတွေ့ရင် တစ်မျိုးတစ်မည် သံသယဝင်လေမလား မဆိုနိုင်။

သို့သော် သူတို့ကို တွေ့ဆုံမိတ်ဆက်ပေးပြီး လက်ဆွဲနှုတ် ဆက်စေတာက ပိုသင့်မြတ် လျော်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခု ဖြစ်နိုင်သည်ဟု လုံလုံက တွေးလိုက်ပါသည်။

ထို့ကြောင့် အာကာနှင့်အတူတူ မောင့်ကို ကြိုဆိုနေဖို့ ရွေးချယ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

“လေဆိပ် အဆောက်အဦခန်းမထဲမှာ ပန်းနုရောင်အထက် အောက်ဝတ်စုံလေးပေါ်ကနေ ပန်းရင့်ရောင် ဆွယ်တာအင်္ကျီ ရင်စေ့ လက်စကွ ကိုယ်ကျပ်လေးကို ဝတ်ဆင်ထားသော ချစ်သူရဲ့ လင်း လင်းဖြာဖြာ နူးညံ့နေသော အလှအပဟာ မြင်လိုက်ရတဲ့ မင်းဖုံရင်ကို ကြည်နူးအေးမြသွားစေသည်။

လပ်ဂေ့ချ်ထရော်လီကို တွန်းကာ အတွင်းဘက် အကန့် အသတ်မှ ထွက်လာသော မင်းဖုံက ချစ်သူထံ တောက်ပဝင်းကြွား သော အပြုံးနှင့် လှမ်းကြည့်ကာ လက်တစ်ဖက်ကို အသာ မြှောက်ပြ လိုက်သည်။

လုံလုံကလည်း ချိုသာစွာ တုန့်ပြန်ပြုံးပြရင်း ဝမ်းသာအား ရှေ့ဘက်နား တိုးသွားသည်။





အာကာချမ်းထက်က သူမနံဘေးနား အတူလိုက်ပါခဲ့ သည်။

မင်းဖုံသည် ယခုမှပင် သူ့ချစ်သူ နံဘေးမှာ ပါလာတဲ့ သကောင့်သားကို မျက်မှောင်ကုပ်ကုပ်နှင့် ကြည့်မိပါတော့၏။

အရပ်က မြင့်မားသလို၊ ဘော်ဒီကလည်း ကျစ်လစ် အချိုးကျသည်။

ယောကျ်ားပီသ ခန့်ညားသော အဆင်းသဏ္ဌာန်ဟာ လူအများကြားမှာ ထင်းခနဲ ပေါ်လွင်နေပါသည်။

ရှပ်အင်္ကျီလက်ရှည် အနက်မှာ မသိသာလှသော ကွမ်းရိုး စင်းသေးသေးလေးတွေသာ ပါပြီး စတိုင်လ်ပင်န် အနက်ရောင်ပွပွ နှင့် အင်မတန် သားနားအဆင့်မြင့်သော ပုံစံနှင့် ဖြစ်သည်။

မျက်မှန်အနက်ကို ငယ်ထိပ်ပေါ် ပင့်တင်ကာ သူ့ထံ ခပ်ပြုံး ပြုံး လှမ်းကြည့်လိုက်တဲ့ ဒီပုဂ္ဂိုလ်လေးဟာ လုံလုံနှင့် ဘယ်လိုများ ပတ်သက်ပါလိမ့်။

မြန်မာပြည် ခြေချမှာပဲ သူ့မှာ ရင်ခုန်စရာ အနေအထား နှင့် အလန့်တကြား စိုးရိမ်သွားရသည်။

“လုံလုံ ... နေကောင်းလား”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်"

ချစ်သူထံ မေးရင်း မင်းဇံ့မျက်လုံးက လုံလုံ့ဘေးက ကောင်လေးထံ စူးစူးစမ်းစမ်း ကျရောက်နေသည်။

"မင်းဇံ့…ရှင် အသားတွေတောင် ဝိုဖြူလာတယ်နော်"

လုံလုံ့စကားကို သူ သိပ်သဘောမတွေ့။ မင်းဇံ့တဲ့… ဘာလို့ မောင်လို့ မခေါ်တာလဲ။

သူစိမ်းရှေ့မို့လို့လား။

ဒီသူစိမ်းကရော…

သူများစုံတွဲတွေ အခုမှ ပြန်တွေ့ရတဲ့ အချိန်… ဘာလို့ အလိုက်မသိ ကပ်ပါလာရတာလဲ။

မင်းဇံ့စိတ်ထဲ အလိုမကျ။

"မင်းဇံ့ရေ…ဒါ ကိုအာကာတဲ့၊ လုံလုံတို့ မီဒီယာအုပ်စုထဲကပဲ"

"ဟုတ်လား‥မောင်က လုံလုံတို့ကုမ္ပဏီက ကားဒရိုင်ဘာ မှတ်လို့ကွ၊ ဆောရီးနော်…ညီလေး"

လက်ခွဲနှုတ်ဆက်ရင်း ခပ်ရိရိပြုးကာ မင်းဇံ့က တွေ့တွေ့ချင်း ချိုးလိုက်ပါသည်။ လုံလုံ မသိမသာ မျက်နှာလေး ပျက်သွားရရှင်း–





"အို…မင်းဇံ့ကလည်း အားနာစရာ၊ လုံလုံက မင်းဇံ့ကို လာကြိုဖို့ သူ့ကို အကူအညီတောင်းထားတာ သိရဲ့လား"

အာထက်ကတော့ လုံလုံတို့နှစ်ဦးရဲ့ ပြောဆိုဆက်ဆံရေးကို သာ အပြုံးမပျက် ကြည့်နေသည်။

"ဟုတ်လား…ကျေးဇူးပဲ၊ လုံလုံတို့ကတော့ တွေ့တဲ့လူ ချောဆွဲလာတာပေါ့လေ၊ ဟား…ဟား"

"ရပါတယ် ကိုမင်းဇံ့၊ ကျွန်တော်က လုံလုံ့အတွက်ဆို ဘာမဆို ကူညီချင်ပါတယ်"

မြွေမြွေချင်း ခြေမြင်သော မင်းဇံ့ဟာ ဒီကောင်လေးရဲ့ မဆင်မခြင် အပြောအဆိုကြောင့် ပိုပြီး တင်းသွားရသည်။

"သင့်ခ်ယူ…ညီလေး၊ အခုတော့ ကိုယ် ရောက်လာပြီ၊ ဘာမှ မလိုတော့ဘူး"

မင်းဇံ့က မဏ္ဍပ်တိုင်တက်ကာ သူ့ချစ်သူကို ပိုင်ပိုင်နိုင်နိုင် ပုခုံးဖက်ထားလိုက်၏။

လုံလုံ့မျက်နှာလေးမှာ ရှက်ရွံ့အနေခက်ဟန်။

ယောကျ်ားလေးနှစ်ယောက်ရဲ့ အားပြိုင်သောအကြည့်နှင့် ရိုလုံးထွေလုံးတွေကိုလည်း သူမ မျက်နှာပူမိသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံပေးမိတာပင် မှားပြီလား မပြောတတ်ပါဘူး။

မင်းဖုံသည် ပါးစပ်ကသာ သင့်ခ်ယူလုပ်နေသော်လည်း မျက်လုံးတွေမှာ မလိုလားဟန်နှင့် တင်းမာအေးစက်နေသည်။

အာထက်ကလည်း တွေ့တွေ့ချင်းပင် လုံလုံ့ရဲ့ချစ်သူကို သဘောမကျနိုင်ဘဲ ဖြစ်မိသည်။

ဒီလူဟာ လုံလုံနှင့် မတန်ပါဘူးလို့သာ သူ တွက်မိသည်။

သို့သော် အပြင်ပန်းမှာတော့ သူတို့ တစ်ဦးနှင့်တစ်ဦး ဟန်ဆောင်ကာ ဖော်ရွေပြကြသည်။

အာထက်က သူတို့နှစ်ဦးကို အိမ်သို့ လိုက်ပို့ပေးရင်း စိတ်တွေက တင်းကျပ်နေသည်။

သူ နောက်ဆုတ်မယ်လို့ တွေးထားပြီးသားပါ။

သို့သော် မင်းဖုံရဲ့ မထိတထိ စိန်ခေါ်သော မျက်လုံးတွေနှင့် ရင်ဆိုင်ရစဉ်မှာ အရှုံးမပေးလိုသော ဆန္ဒတွေက တဖွားဖွား ပေါ်လာရသည်။

သူ ချစ်ရသော နွေနွေလုံကို ဒီလူရင်ခွင်ထဲ လုံးဝ မရောက်စေချင်။ ဒီလူဟာ အထင်ကြီးစရာ မရှိဟု အကြောင်းပြချက်မဲ့ သူ ထင်သည်။





အလိုလို စိတ်ချဉ်ပေါက်စေသည်။

ပြိုင်ဘက်တစ်ယောက်၊ အားသာချက်ရှိသူတစ်ယောက်ကို ဒီလိုသာ သဘောထားမိမှာပေါ့ဟု လွယ်လွယ်လေး ထင်ကြေးပေးလျှင် မှားလိမ့်မည်။

မနာလိုခြင်းသက်သက် မဟုတ်ပါ။

သူ့ရင်မှာ နွေနွေလုံကို ဒီလူရင်ခွင်ထဲ ထည့်ပေးဖို့ စိတ်မချဖြစ်နေသည်။

သူမကိုယ်တိုင်က ရွေးချယ်ထားပြီးသားမို့ ဘာမှဝင်မစွက်လိုသော်လည်း သူ မချင့်မရဲ ဖြစ်နေမိသည်။

သူ့ကိုမှ သွားချစ်ရလား နွေနွေလုံရယ်...။

သူ လူကောင်းလို့ ကျွန်တော် မယုံကြည်နိုင်ဘူး ဖြစ်နေတယ်။ ဒါ ကျွန်တော် မှားလားဗျာ...။

ဒီပွဲမှာ ဖောင်းနေတဲ့ ကျွန်တော်ကပဲ အလကားကောင်လား။

ကျွန်တော်ဟာ မချစ်သင့်တဲ့ မိန်းမတစ်ယောက်ကို ချစ်နေမိ တဲ့အတွက် မိုက်မဲတယ်လို့ ပြောနိုင်ပါတယ်။

ဒါပေမယ့် နွေနွေလုံ...။



www.burmeseclassic.com

ခင်ဗျားကလည်း မရွေးချယ်သင့်တဲ့ ချစ်သူတစ်ယောက်ကို ရွေးချယ်ထားမိတယ်လို့ ကျွန်တော် မြင်တယ်။

ခင်ဗျားက ကျွန်တော့်ထက် ပိုမိုက်မဲတဲ့သူပဲ…။

မင်းနုကိုသာ တကယ်တမ်း လက်ထပ်မိခဲ့ရင် ခင်ဗျား မှားလိမ့်မယ်ဆိုတာ ကျွန်တော် ကြိုတင်ဟောကိန်းထုတ်နိုင်တယ်။

ဒါဟာ မနာလို မရှုစိမ့်တဲ့သဘောမျိုးနဲ့ မဟုတ်ဘူးဆိုတာ ယုံပေးပါလား…နွေနွေလုံ…။



"ဝဏ္ဏ…မင်းပြောတာ တကယ်လား"

"မယုံရင် စုံစမ်းကြည့်လိုက် မင်းနု၊ အဲဒီကောင် နွေနွေလုံ ...ဲ့ အသေအလဲ ကြိုက်နေတာ၊ သူတို့ တစ်ရုံးလုံး သိနေတာပဲ၊ ...ကာချမ်းထက်က ပေါ့သေးသေးကောင်တော့ မဟုတ်ဘူးနော်၊ ...ကမ္ဘာမြေ ကွန်စထရပ်ရှင်ပိုင်ရှင် ဦးထက်ရွှေရဲ့သားကွ၊ သူ့ ...ချိန်အခါကို မင်းစဉ်းစားကြည့်၊ နွေနွေလုံက သူနဲ့ တစ်ချိန်လုံး ...တွဲတွဲပဲ၊ မင်းကို သတင်းပေးရင် မင်း စိတ်ဆင်းရဲမှာစိုးလို့ ငြိမ်နေ ...တာကွ၊ ငါတို့ကို အပြစ်မတင်နဲ့ဦး၊ ဒီကောင်က လေဆိပ်တောင် ...တွေ့လိုက်လာတယ်ဆိုတာတော့ ဒါ သက်သက်ရင့်တာပဲကွ၊ ...င်းနော်…မင်း၊ ကျန်ရစ်ဖြစ်မှ ငိုမနေနဲ့၊ အခုကတည်းက ပွဲသိမ်းလိုက် ...ိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏတို့လို ဇာတ်ပို့တွေက ဆီးကြိုပို့လိုက်တဲ့အခါမှာ
မင်းဖုံ ဒေါသတွေက ပို၍ ပေါက်ကွဲလာရပါသည်။

ရည်းစားလူလုတော့ မခံနိုင်။

သူမချူးရက် မချွေရက် အလှကြည့်ပြီး မြတ်နိုးတန်ဖိုးထား
တဲ့ ပန်းကလေးတစ်ပွင့်ကို တစ်ပါးသူက အလစ်သုတ် ဆွတ်ချူး
မှာကိုတော့ ဘယ်နည်းနှင့်မှ လက်ပိုက် ကြည့်မနေနိုင်။

နွေနွေလုံကို သူပဲ ပိုင်ဆိုင်သင့်တာပါ။

အာကာချမ်းထက်ကို ဘယ်ဘက်ကမှ သွားယှဉ်လို့မ
သိစေမယ့် တကယ့်အညာကတော့ သူ့လက်ထဲမှာပါ။

နွေနွေလုံ့အချစ်တွေ သူ့ဘက်မှာ ရှိနေသေးတာပဲ။ ဒါ
အဆိုးထဲက အကောင်းဆုံး အချက်တစ်ချက်။

အာကာချမ်းထက်ပုံစံကြည့်ရတာလည်း သိပ်တော့
ကျမည်မထင်။

ပထမဆုံးတွေ့တဲ့နေ့က သူတို့နှစ်ယောက်ကို ဒင်နာ
ကျွေးခဲ့သေးသည်။

လူသာယေ်သော်လည်း လူကြီးလူကောင်းပုံ ဖမ်းတတ်
ဒီကောင့်ကို မင်းဖုံ နည်းနည်းပါးပါးတော့ ပညာပေးရဦးမည်





"ဟက်လို…မင်းဖုံ၊ ငါပြောတာ ကြားရဲ့လား"

"အေးပါ…ကြားပါတယ်"

"မင်း သိပ်အမနေနဲ့ ငတုံးရ၊ အခြေအနေတွေက အရင်နဲ့
တာမဟုတ်ဘူး၊ ဒီကောင် မင်းကို မကြောစေနဲ့"

"အေးပါ…သိပါတယ်"

"မင်းလိုတဲ့ အကူအညီရှိရင် ပြော၊ ငါတို့အားလုံး မင်း
က်မှာ ရှိတယ်…ရယ်ဒီပဲ"

"ကျေးဇူးပါပဲ ဝဏ္ဏရာ"

မင်းဖုံက မျက်မှောင်ကုပ်ကုပ်နှင့် ခပ်တွေတွေ စဉ်းစားနေမိ
ည်။ ခက်တာက သူ့မှာ အချိန်များများစားစား ရှိမနေတာပါဘဲ။

အချိန်လေးရခိုက်မှာ နွေနွေလုံလေးရဲ့ နှလုံးသားကို သူ
ယ်လို ဆွဲဆောင်စည်းရုံးသိမ်းပိုက်ရပါ့မလဲ။ ဘာပဲဖြစ်ဖြစ်
လုံ့ကို ရင်ခွင်ထဲ သိမ်းပိုက်ဝှက်ထားဖို့က သူ့တာဝန်ပဲ။

လက်လွှတ်ဆုံးရှုံး မခံနိုင်။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်း
ရယူပိုင်ဆိုင်တဲ့သူကသာ အနိုင်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း...အိမ်မှာ ဘယ်သူမှ မရှိဘူးလား"

နှစ်ဦးသား တိုက်လှေကားပေါ် စကားတပြောပြော[illegible] တက်လာမိပြီးမှ အခန်းရှေ့ရောက်တော့ သံပန်းတံခါးကြီး သော့[illegible] ထားတာ မြင်ရ၍ လုံလုံက မောဟိုက်သံလေးနှင့် မေးလိုက်သ[illegible]

"မေမေတို့ အပြင်ခဏသွားတာ ဖြစ်မှာပေါ့"

"ဒါဆိုရင် ဘယ်လိုလုပ်မလဲ၊ မောင့်မှာ သော့ပါလို့လား"

မေးခွန်းမဆုံးမီပင် မောင်က သူ့ဆီပါလာတဲ့ သော့[illegible]ပေါ့" အဖိုနှင့် သော့ခလောက်ကို ဖျတ်ခနဲ ဖွင့်ပြီးသွားပါပြီ။

တော်သေးတာပေါ့ဟု လုံလုံက ရီးရီးလေးသာ တွေး[illegible] လည်း မင်းနှုတ်ခမ်းတွေက မလုံမလဲ ပြုံးကျဲကျဲလေး ဖြစ်နေပါ[illegible]





ချစ်သူပုခုံးကို ခပ်ဖွဖွဖက်ကာ အိမ်ထဲ လှမ်းဝင်လိုက်မိ၏။

မင်းနဲ့တို့ တိုက်ခန်းလေးမှာ ရှင်းလင်းတိတ်ဆိတ်ပြီး ပရိဘောဂတွေ နေသားတကျနှင့် လှပနေပါသည်။

ဧည့်ခန်းမှာ မွေးပွကော်ဇော အနီရောင်အပြည့် ခင်းထားပြီး ဆယ်သာဆက်တီ အနက်ရောင်မှိုင်းမှိုင်းကို ချထားတာမို့ ကြည့်ကောင်းလှသည်။

"လာ...ဒီမှာထိုင်ဦး၊ မောင် အအေးသွားယူလာမယ်"

လုံလုံ ဆက်တီမှာ ထိုင်လိုက်စဉ် မောင်က ဧည့်ခန်းနောက်[illegible] အကန့်လေးဘက် လှမ်းဝင်သွားပြီး ရေခဲသေတ္တာဖွင့်ကာ ကုတ်[illegible]ဗူး ထုတ်ယူလာသည်။

"အေးပါသေးတယ်...တော်သေးတာပေါ့"

"ဒီတိုင်းမော့မှာလား...ဖန်ခွက်ယူဦးလေ"

"ဟုတ်တာပေါ့...လုံလုံလေးအတွက် ဖန်ခွက်လိုသေးတာ"

ယွန်းဗန်းထဲ ကုတ်နှစ်ဗူးနှင့် တစ်သျှူးဗူးသာ ထည့်ခဲ့သော [illegible]မောင်က ဖန်ခွက်တစ်ခေါက် သွားဝင်ယူပြန်တာမို့ လုံလုံက မောင့်[illegible]ကို ချစ်မြတ်နိုးစွာ ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် နည်းနည်း ပိုပြည့်လာတယ်၊ ဟိုမှာ ဘီယာ
တအားသောက်တယ် ထင်တယ်"

"မဟုတ်ပါဘူးကွာ"

"ရည်းစားကို လွမ်းရင် ပိန်ရမယ့်ဥစ္စာ"

"အထင်သေးလိုက်တာကွာ၊ ဝလာတာပဲ တစ်ပြစ်

မောင်က နှစ်ယောက်ထိုင် ဆက်တီပေါ် လုံလုံ့အ
လာကပ်ထိုင်ရင်း ပါးပြင်လေးကို ဖျတ်ခနဲ နမ်းလိုက်သည်။

လုံလုံက လက်ထဲက ဖန်ခွက်လေးကို မှန်စားပွဲပေါ်
ဗန်းကလေးထဲ ပြန်ချထားလိုက်သည်။

မင်းဇံက ချစ်သူလေးရဲ့ သဏ္ဌာန်ကို မွတ်သိပ်ပြင်းပြ
စူးစူးစိုက်စိုက် ကြည့်နေမိသည်။

ဂုတ်သိုင်းကြိုးလေးသာပါတဲ့ ချစ်စရာအင်္ကျီ ရင်ပြ
အဝါနုလေးပေါ်ကနေ ဆွယ်တာအင်္ကျီလက်စက ခဲရောင်လေး
ဝတ်ထားတဲ့ပုံမှာ နူးနူးညံ့ညံ့ ဝင်းဝင်းပပနှင့် မိန်းမဆန်ဆန်
လှနေသည်။

ထမီစကဒ်ကလေးကလည်း ခဲရောင်မို့ သူမရဲ့အသား
ဖွေးလေးနှင့် လိုက်ဖက်ကြည့်ကောင်းနေသည်။





"ဘာလို့ ကြည့်နေတာလဲ"

"မောင့်အချစ်ကလေး ပိုလှလာလို့ပါ"

"မလှပါဘူးနော်"

သူက လုံလုံ့ဆံနွယ်လေးတွေကို ဖွဖွမွှတ်သပ်ရင်း အသာ
ယာ ရင်ခွင်ထဲ ဆွဲယူသည်။ လုံလုံကလည်း အလိုက်သင့်လေး
ရင်ဘတ်မှာ မှီလိုက်၏။

ခွဲနေရတာ ကြာပြီဖြစ်သော ချစ်သူရင်ခွင်မှာ ကြည်နူးစွာ
လုံချင်မိတာပဲလေ။

သို့သော် အခုလို လွတ်လပ်အေးဆေးနေသော အချိန်လေး
မောင်က နည်းနည်းပိုကဲကာ သူမကို မချင့်မရဲ တို့ဖက်လိုက်
သည်။

ပြီးတော့ မျက်နှာလေးကို မော့ယူပြီး အားပါးတရ နမ်းရှိုက်
သည်။

စွဲမက်စရာကောင်းသော အယုအယတို့ကြောင့် လုံလုံ
သည်း ငြိမ်သက် မိန်းမောသွားရသည်။

"ချစ်တယ် လုံလုံရယ်၊ မောင်တို့ အတူတူနေရရင် ကောင်း
ယ်ကွာ . . နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…နေရမှာပေါ့ မောင်ရယ်"

"ဘာလဲ…အခုလား"

မောင်က တီးတိုးလေး ကပ်စသည်။

"ဟွန်း…မောင်နော်"

"လုံလုံ မောင့်ကို မချစ်ဘူးလား"

"ချစ်တာပေါ့"

"တကယ် အရမ်းချစ်လား"

"အင်း"

"သေချာတယ်နော်"

"အင်းပါဆို"

သူက ကျေနပ်သွားသလို အထပ်ထပ် နမ်းသည်။ နှုတ်ခမ်းလေးမှတစ်ဆင့် လည်တိုင်လေးဆီသို့ သူ့နှုတ်ခမ်းနွေးနွေးတို့ ကျ ရောက်လာသည်။

လုံလုံက သူ့ရင်ခွင်ထဲမှာ အနည်းငယ် လူးလွန့် ရုန်းလိုက်မိ၏။

အိမ်မှာ ဘယ်သူမှ မရှိဘူးဆိုတာ သတိရသွားမိလို့ပါ။ သို့သော် မောင်က မလွှတ်ဘဲ ပိုတိုးဖက်ထားသည်။





သူ့အထွေးအဖွေး အယုအယတို့က ပိုပြင်းပြလာလျှင် လုံလုံ့ အလန့်တဖျပ်လေး ကြိတ်ရုန်းမိ၏။

"ဟင့်အင်း…ဖယ်တော့ကွာ"

"ချစ်လေးပဲ ချစ်တယ်ဆို"

"ချစ်တာက ချစ်တာပဲလေ"

"တကယ်ချစ်တယ်ဆိုရင် ဒီလောက်လေးတောင် မလိုက်လျောနိုင်ဘူးလား"

"ဟင့်အင်း"

မောင် တောင်းဆိုတာကို လုံလုံ ခေါင်းယမ်းမိသည်။

အထိအတွေ့တွေကြားမှာ ချို့မြိန်ယစ်မူးသွားမိမှာ လုံလုံကိုယ်တိုင်လည်း စိုးရိမ်မိတာအမှန်။

အခုပင် သွေးလည်ပတ်မှုတွေ မြန်ဆန်ပူနွေးလာသလို လိုက်ဖို ညွှတ်နူးလာမိပြီ မဟုတ်လား။

တစ်စထက်တစ်စ ပိုမိုပြင်းပြ နက်ရှိုင်းလာသော သူ့ရင်ခွင်ထဲမှ လုံလုံက အတင်းရုန်းထွက်လိုက်သည်။

"ဘာဖြစ်လို့လဲကွာ…မောင်တို့ လက်ထပ်မှာပဲဟာ"

"ဟင့်အင်း…မောင်၊ လွှတ်ကွာ…တော်ကြာ မောင့်မေမေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အစ်မနဲ့ ပြန်လာရင် တစ်မျိုးထင်နေပါမယ်၊ လုံလုံတို့ ပြန်ကြပါစို့နော်"

"မရဘူးကွာ"

"ဖယ်ဆို..မောင်ကလဲ၊ ဒီမှာ ဆံပင်တွေလည်း ပွကုန်ပြီ"

လုံလုံက ဖရိုဖရဲဖြစ်သွားတာတွေ ပြန်ပြုပြင်ရင်း သူ့ရင်ခွင်မှ ရုန်းထွက်ပြန်၏။

မင်းဇံက နွေနွေလုံ့ပုခုံးကလေးကို ပြန်ဖိချကာ...

"ဘာမှ မစိုးရိမ်နဲ့၊ မေမေတို့ လာဦးမှာ မဟုတ်ဘူး"

"ဟင်"

"ပဲခူးက အဘွားအိမ်သွားတာ၊ မနက်ဖြန်မှ ပြန်လာမှာ"

"ဟယ်...ဒါဖြင့် မောင် တမင်သိသားနဲ့ လုံလုံ့ကို ခေါ်လာတယ်၊ မောင် မကောင်းဘူးကွာ...ကြည့်စမ်း"

နွေနွေလုံက မကျေမနပ် ရေရွတ်ပြစ်တင်ရင်း မင်းဇံ့ရင်ဘတ်ကို လက်သီးဆုပ်နှင့် ထုလေသည်။

သူက လက်ကလေးကိုဆွဲကာ တဟဲဟဲ ရယ်ရင်း ရင်ခွင်ထဲ ပြန်ဆွဲသွင်းဖို့ ကြိုးစားသည်။

လုံလုံက လက်မခံဘဲ ဆောင့်ရုန်းသည်။





ပထမတော့ မင်းဇံက ဟန်ဆောင်ရုန်းနေတာဟု ထင်မိသည်။ နွေနွေလုံ စိတ်ထား နူးညံ့တာ...သူ့ကို မငြင်းဆန်နိုင်ဘူးဆိုတာ သူ ယုံကြည်ပြီးသားပါ။

သို့သော် ဒီတစ်ခါ သူ့အထင် မှားနေသည်။

"ချစ်လေးကလည်းကွာ...ဒီလောက် စိတ်မဆိုးနဲ့လေ"

"ဖယ်...ဖယ်...လုံလုံ ပြန်တော့မယ်"

"မပြန်ပါနဲ့ဦး"

"ကိုမင်းဇံ...ရှင့်ကို ယုံလို့ လုံလုံ လိုက်ခဲ့တာနော်၊ လူကို ဘယ်လိုများ ထင်နေလဲ မသိဘူး...လွှတ်"

"ချစ်သူချင်းပဲ...မင်း ဘာဖြစ်တာလဲ"

"ရှင်ကရော...လုံလုံ မကြိုက်ပါဘူး ပြောနေတဲ့ဟာကို"

"အေးအေးဆေးဆေးပြောမယ်...ခဏလေး ပြန်ထိုင်..ပလိစ်"

နွေနွေလုံက ချက်ချင်း ထပြန်ဖို့ပြင်ကာ ဝုန်းခနဲ ထရပ်တော့ မင်းဇံ အောင့်သီးအောင့်သက် ရှက်သွားမိသည်။

လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေးက သူ့ကို လူကြမ်းထင်မှာတော့ သူ မလိုလား။



www.burmeseclassic.com

www.burmeseclassic.com



"အကြာကြီး ခွဲနေရတဲ့ မောင့်ကို မသနားဘူးလား"

"မသနားပါဘူး…ညာခေါ်တာကို မုန်းတာ"

"အဲဒါတော့ ဟုတ်တယ်၊ ခွင့်လွှတ်ကွာ…လုံလုံနဲ့ ကြိုတိုင်ပင်ရမှာနော်"

သူ့စကားကြောင့် လုံလုံ့မျက်နှာလေး နီမြန်းသွားသည်။

"ကြိုတိုင်ပင်ရင် လိုက်ကို မလိုက်လာဘူး မှတ်"

"လုံလုံကွာ…အဲလောက်ကြီး ဟဲဗီးမတွေးပါနဲ့"

သူ ဘာကို ဆိုလိုတာလဲ။

ဟဲဗီးမတွေးတော့ ပေါ့ပေါ့ဆဆ ပစ်စလက်ခတ် သဘောထားရမှာလား။

မဖြစ်နိုင်…။

လုံလုံ ကိုယ့်ဘဝကို တန်ဖိုးထားသည်။

ထို့ကြောင့် သူလည်း လုံလုံ့လိုပဲ တန်ဖိုးထားစေချင်သည်။

သူ့ရဲ့အတွင်းစိတ်သဏ္ဌာန်ကို ဒီနေ့မှပဲ ကွက်ကွက်ကွင်းကွင်း သိလိုက်ရသည်။

နွေနွေလုံ့ရဲ့ မျက်နှာလေးက မှုန်တင်းတင်း ခက်ထန်နေပါသည်။





မင်းဇံက နွေနွေလုံထံ မကျေမချမ်း ရှက်ကိုးရှက်ကန်းကြီး စိုက်ကြည့်ရင်း…

"မောင့်ကို လုံလုံ ဘယ်လိုထင်နေလဲ"

"ဘယ်လိုမှ မထင်ဘူး၊ ကဲ…ပြန်မယ်၊ လိုက်ပို့မှာလား…မပို့လည်းနေ၊ ကျွန်မဘာသာပဲ ပြန်တော့မယ်"

လုံလုံက ပုခုံးလွယ်အိတ်ကို ဆတ်ခနဲ ကောက်လွယ်ကာ ဒေါသနှင့် တံခါးဝဆီ ထွက်သွားလျှင် မင်းဇံ ပျာယီးပျာယာ လက်ကို အတင်းလိုက်ဆွဲထားသည်။

နွေနွေလုံက သူ့လက်မှ ရုန်းထွက်ကာ တံခါးဖွင့်ပြေးဆင်းသွား၏။ မင်းဇံ ကမန်းကတမ်း အိမ်သော့ခတ်ပြီး နောက်မှ လိုက်ချော့သည်။

"လုံလုံ…မောင် တောင်းပန်ပါတယ်"

လုံလုံက သူ့ကို ဘာမှ ခွန်းမတုန့်ဘဲ နှုတ်ခမ်းလေးသာ စူထား၏။

အာကာချမ်းထက် ကားရပ်ကာ မှန်တစ်ဝက်ချရင်း စီးကရက်သောက်နေရာမှ ရှေ့ဆင့်နောက်ဆင့် လှေကားမှ ဆင်းလာသော စုံတွဲကို ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော အချိန်မှာ နွေနွေလုံနှင့် သူ့ကောင်လေးကို တွေ့လိုက်ရတာမို့ သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

ဒါ နွေနွေလုံ ရည်စားရဲ့အိမ်ပဲလား။

သူတို့နှစ်ယောက် ဘာပြဿနာ ဖြစ်နေကြပါလိမ့်။

တစ်ခုခု ဖြစ်ထားတာတော့ သေချာသည်။

လုံလုံ့ပုံစံက ဆံပင်တွေ ပွနေပြီး၊ မျက်နှာလေးကလည်း နီရဲခက်ထန်နေသည်။

လုံလုံက စိတ်ဆိုးနေဟန်ရှိပြီး၊ မင်းဖုံက တကောက်ကောက် လိုက်လံချော့မော့နေတဲ့ပုံစံကို သူ မမှိတ်မသုန် ကြည့်နေမိသည်။

ဒါက ဘယ်လိုသမီးရည်းစားလဲ။

မင်းဖုံ သူမလက်ကောက်ဝတ်ကို ဖျတ်ခနဲ ဆုပ်ကိုင်လျှင် နွေနွေလုံက ထိုလက်ကို အထိမခံနိုင်သလို ခပ်ဆတ်ဆတ် ပုတ်ထုတ်ပစ်၏။

လုံလုံ ဒီလို ဆတ်ဆတ်ထိမခံ စိတ်ဆိုးဒေါသဖြစ်နေတာကို သူ တစ်ခါမှ မမြင်ဘူးခဲ့။ ဟိုလူက လုံလုံ ဒီလောက်စိတ်ဆိုးအောင် ဘာများ အမှားလုပ်မိလို့ပါလဲ။





အာထက် သိချင်စိတ် ပြင်းပြမိလေသည်။

သူ ကြည့်နေတုန်းမှာပဲ နွေနွေလုံက တက္ကစီတစ်စီးကို လက်တားငှားသည်။

ကားက ဘေးကပ်ရပ်လိုက်တာနှင့် သူမက ကားပေါ် အလျင်စလို တက်သွားလေသည်။

မင်းဖုံကို လှည့်ပင်မကြည့်။

မင်းဖုံက လက်လျှော့လိုက်ပုံဖြင့် ထွက်သွားသော ကားကို ခြေစုံရပ်ကြည့် ကျန်ခဲ့လေသည်။

အာကာချမ်းထက်မှာ ထိုမြင်ကွင်း၌ ငြိမ်သက်၍သာ ငေးကြည့်နေမိသည်။

ဘယ်လိုဖြစ်ကြတာလဲကွာ…။



www.burmeseclassic.com

www.burmeseclassic.com

*ရင်မှာပူနေသော အလွမ်းတွေ…*
*မိုးစက်များ နှစ်သိမ့်ပေးတောင်…*
*ပျယ်လွင့်မသွားဘူး…*
*မလိုချင်သော ဒီအလွမ်းတွေ…*
*မိုးများထဲ နှုတ်ဆက်ခွဲခွာချန်ရစ်သွားသူ…*
*ဒီဘဝ..ဒီဘဝ..ဒီဘဝ…*
*အို…ဆုံတွေ့ဖူးတဲ့ အတိတ်မှာ အင်အားနဲ့…*
*နွေးထွေးလွန်းသော အချစ်တွေ..နှင်ပေးခဲ့…*
*ပျောက်ပျက်သွားမယ်…မသိအောင်ရင်ခုန်ရင်း…*





*မိုးသည်ထဲ လှည့်ကြည့်လိုက်…အချစ်ရေ ဒီမိုးထဲ…*
*ရက်စက်သော အိပ်မက်တွေ…နှင်ပေးတယ်…*

အာကာချမ်းထက်က ကားထဲ သီချင်းတိုးတိုး ခပ်ငြိမ့်ငြိမ့်
ထား ဖွင့်လျက် ကားကို ညင်ညင်သာသာလေး မောင်းနေသည်။

နွေနွေလုံက သူ့နံဘေး ကားကူရှင်မှာ ခပ်ငေးငေးလေး
ထိုင်သက်ပါလာသည်။

ဒီဆန်းဒေး ညနေမှာ လုံလုံတို့မဂ္ဂဇင်းရဲ့ (Distribution
Manager) လေးဖြစ်တဲ့ ညီညီသူဟာ သူ့ရဲ့မွေးနေ့ကို မင်္ဂလာဒုံ
ဘက်မှာရှိတဲ့ ရက်စတောရင့်လေးတစ်ခုမှာ ကျင်းပခဲ့တာကြောင့်
ဝန်ထမ်းတော် သားတွေ အကုန်လုံး တက်ရောက်အားပေး ချီးမြှင့်ကြ
သည်။

ပျော်ပျော်ပါးပါး စားသောက်နွဲပျော်ကြသည်။

ဘတ်ဒေးပွဲက အပြန်မှာ နွေနွေလုံက အာထက်ကားနှင့်
လိုက်ပြန်ခဲ့သည်။

'ကျွန်တော် ပြန်ပို့ပေးမယ်လေ' ဆိုတဲ့ သူ့ရဲ့ဖိတ်ခေါ်စကား
ကို လူတွေကြားထဲ မငြင်းပယ်ချင်တာကတစ်ကြောင်း၊ သူနှင့်
အေးအေးလူလူ စကားမပြောဖြစ်တာမို့ တစ်ကြောင်း၊ နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အခုလို ခင်မင်မှု ရ,မရ မသေချာတော့တာမို့ နှစ်သိမ့်မှုပေးချင်က တစ်ကြောင်းနှင့် လုံလုံ သူ့ကားပေါ် ပါလာခဲ့ရတာ။

မောင် မကြိုက်မှန်းသိပေမယ့် တစ်ခါတစ်ရံတော့ လုံလုံက စိတ်အလိုကို လိုက်ချင်မိပါသေးသည်။

လုံလုံ့အပေါ်မှာ သက်ဝင်နူးညံ့လှတဲ့ သူ့မျက်လုံး လေးတွေကို ဒီတိုင်း ဥပေက္ခာ မပြုရက်တာလည်း ပါသည်။

လုံလုံဟာ ထင်တာထက် ပျော့ညံ့သူလည်း ဖြစ်နိုင်ပါသည်။

တစ်ခါတစ်ရံမှာ ကိုယ့်စိတ်ထဲမှာ ကိုယ်ဘာဖြစ်ချင် တယ်ဆိုတာ ကိုယ့်ဘာသာ အတည်မပြုရဲတာမျိုးလည်း ရှိ ကြောင်း နားလည်လာမိပါသည်။

အချစ်ရေးမှာ ခိုင်မာပြတ်သားသူ…သစ္စာရှိသူသာ ဖြစ် မိတဲ့စိတ်ကြောင့် လုံလုံ မွန်းကျပ်နေမိတာပါ။

အာကာချမ်းထက်က မင်္ဂလာဒုံလမ်းချိုးလေးတစ်ခု လမ်းမပေါ် ပြန်အတက်မှာ ဘယ်ဘက်ကို မထွက်ဘဲ ညာ ယာဉ်ကြောကို ယူသဖြင့်…

"အာကာ…ဘယ်ကိုဝင်ဦးမှာလဲ"

သူမက ခပ်တိုးတိုး မေးသည်။





"မြို့ထဲမှာ ဆူညံရှုပ်ထွေးလို့"

အမယ်…မြို့ထဲက ဆူညံတယ်ဆိုရင် သင်းက ဘယ်များ သွားချင်သေးလို့လဲ။

လုံလုံက နှုတ်ခမ်းလေး မဲ့လျက် သူ့ဘက် ဟန်ပါပါ ကြည့်သည်။

သူက ယစ်မူးဖွယ်သော ညှို့ပြုံးလေးတစ်ချက် လှစ်ခနဲ ပြုံးပြကာ လုံလုံ့စိတ်ကို ညှို့ငင်ဆွဲဆောင်သည်။

"အချိန်စောသေးတာပဲ လုံလုံရာ…ကျွန်တော်တို့ ခဏ တဖြုတ် လေညှင်းခံရအောင်"

"လေညှင်းခံတာက အရေးမကြီးဘူး၊ အပြန်နောက်ကျရင် ဒေါ်လေး စိတ်ပူနေဦးမယ်"

"ဖုန်းဆက်ထားလိုက်ပေါ့"

"မဆက်ချင်ပါဘူး"

ဆက်ရင် ဘယ်မှာလဲလို့ မေးဦးမယ်လေ…။

လုံလုံက မင်္ဂလာဒုံမှာလို့ အမှန်အတိုင်း ဖြေတယ်ထား။

ဒေါ်လေးက အဲဒီစကားကို မင်းနဲ့ဖုန်းဆက်ရင် ပြောလိုက် မှာ…

www.burmeseclassic.com



မင်းဖုံက စိတ်မချလက်မချနှင့် သူမကို စစ်ဆေးမေးမြန်း ဆုံးမှာမဟုတ်။

နားတွေလည်း ညည်းလှပြီ···။

ခုတလော သူ ဖုန်းနှင့် လှမ်းလှမ်းထောက်စစ်ဆေးလွန်း လုံလုံ စိတ်တိုပြီး ဖုန်းပိတ်ထားပစ်မိသည်။

အခုလည်း လက်ထဲကဖုန်းကို ပါဝါပိတ်ထားဆဲပါပဲ

"ဘာလို့လဲ လုံလုံရဲ့"

လုံလုံက မဖြေ။

တကယ်တော့ မင်းဖုံ ဘယ်လောက်ထိ သဝန်တိုတ တယ်ဆိုတာလည်း အာကာ သိသင့်သလောက် သိနေပါပြီ။

သူမလည်း ထပ်မံရှင်းပြချင်တော့တဲ့အထိ စိတ်ပျက် မိသည်။

"မင်းဖုံသိမှာ စိုးလို့လား"

လုံလုံ နှုတ်ဆိတ်နေတာမို့ အာကာက သူမဘက် တစ်ချက် စောင်းငဲ့ကြည့်ပြီး···

"လုံလုံက သူ့ကို ချစ်ရုံတင်မကဘူး၊ ကြောက်လည်း ကြောက်ရတယ်နော်"





"ပြဿနာ မဖြစ်ချင်တာပါ"

ခပ်တိုးတိုး စောဒကတက်လိုက်သည်။

တကယ်လည်း သူ ပြန်ရောက်နေတဲ့အချိန်လေးမှာ သက်သာင်းရ···ပြဿနာတက်ရ···နားလည်မှုတွေ လွဲရနှင့် လုံလုံတို့ အဆင်ကို မပြေသေးချေ။

မောင်ကတော့ ဒါတွေဟာ အာကာချမ်းထက်ကြောင့် ဖြစ် နေရတာဟု စွပ်စွဲခဲ့သည်။

လုံလုံကတော့ ဒီလိုမထင်။

မောင့်ဘက်က ပြောင်းလဲလာတဲ့ စိတ်သဘောထားတွေက သာ အဓိကကျသည်ဟု ထင်မိသည်။

ဒီတစ်ခေါက် မောင့်အပြုအမူတွေ···မောင့်အယူအဆတွေ က သူမကို စိတ်ပျက်စေသည်။

ဟိုတစ်ရက်ကလို အဖြစ်အပျက်မျိုး ထပ်မကြုံချင်တာ လည်း အမှန်···။

လုံလုံ မောင့်ကို အရင်လိုပဲ လေးစားစိတ်နှင့်သာ အားကိုး တွယ်တာချင်သည်။ အထင်သေး စိတ်ပျက်စရာ မကြုံချင်ပါ။

ချစ်သူနှစ်ဦးကြား နားလည်မှုလွဲနေတာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်သူမ အယူအဆ မတူ၊ ထပ်တူမကျပေ။

"သူက ပြဿနာ ရှာနေတယ် မဟုတ်လား"

"အဲလိုတော့လည်း မဟုတ်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲ၊ လုံလုံ့ကိုယ်ကျင့်တရားကို [illegible] ထိခိုက် ညှိုးနွမ်းအောင် လုပ်နေတာ၊ ဟိုနေ့က ကျွန်တော့်ဆီလာပြီး စုန်းခိုင်း ကျဲသွားသေးတယ်"

"ဟင်...ဘယ်နေ့ကလဲ"

"လုံလုံ အန်တီကြည်နဲ့ ဟိုက်ပါမတ်ကို လိုက်သွားတဲ့နေ့ ကလေ"

"ဪ..."

လုံလုံ မျက်နှာလေး ပျက်သွားရသည်။

အဲဒီနေ့က ဒေါ်လေးသိန်းထံ အိမ်ပြန်နောက်ကျမည် ဖြစ်[illegible] ကြောင်း ဖုန်းဆက်ပြီးတာနှင့် လုံလုံက ကားပေါ် ညှော်သည်တွေပါ[illegible] တာကြောင့် ဖုန်းကို တုန်ခါအောင်သာ ဗာမ်ရေးရှင်း ပြောင်းထား[illegible] လက်ကိုင်အိတ်ကလေးထဲ ထည့်ထားလိုက်မိတာ။

ထို့ကြောင့် (ကက်ပီတယ်လ်) ဟိုက်ပါမတ်မှာ ပတ်နေ[illegible] အချိန် မောင် ဖုန်းခေါ်နေတာကို မသိခဲ့။





မင်းဇံ့က ဖုန်းခေါ်မရ၍ ဒေါသတွေ တလိပ်လိပ်တက်ကာ [illegible]မိကိုမေးသည်။

ဒေါ်လေးကလည်း နောက်ကျမယ်ဆိုတာသာ ပြော၍ [illegible]င်းဇံ့ နေမထိထိုင်မသာ ပျာလောင်ခတ်နေခဲ့သည်။

ဒီကောင် အာကာဟာ ဝဏ္ဏတို့ ပြောသလိုပဲ သူ့ချစ်သူကို [illegible]ား ဖြတ်အလစ်သုတ်ဖို့ ကြံနေတာ သေချာပြီဟု တွက်မိသည်။

အာကာချမ်းထက်ဆီ ညကြီးမင်းကြီး လိုက်ချလာ[illegible]သည်။

ဆက်မပတ်သက်ဖို့ သူ့ကို ချလင်းလုပ်သွားသည်။ ဘီယာ[illegible]တွေ မူးပြီး ပွဲကြမ်းသွားသည်။

အာကာချမ်းထက်မှာ ကိုယ့်ဘက်က ကောင်းအောင်နေပေ[illegible]ယ့် တစ်ဖက်က ရန်စတော့လည်း မခံချင်။

စွန့်လွှတ်ဖို့ထက် ရင်ဆိုင်အနိုင်ယူဖို့ သူ့စိတ်ကူးတွေ ပြောင်း[illegible]်လိုက်သည်။

မင်းဇံ့က စိန်ခေါ်သွားပြီလေ။

ဒီတော့ ရောက်တဲ့နေရာမှာ ရပ်ပြီး အရှုံးပေးဖို့ မဖြစ်နိုင်[illegible]တော့။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနှင့် စွပ်စွဲခံရသဖြင့် သူ့စိတ်တွေက အ
ပေါက်ကွဲမိသည်။

ထိုအကြောင်းကို မင်းဇံုက မပြောသဖြင့် လုံလုံလည်း
မသိခဲ့။ သူ့စိတ်ထဲက မကျေနပ်ချက်ကို မြိုသိပ်ထားပုံရ၏။

"ကျွန်တော့်ကို ကြိမ်းသွားတယ်၊ လုံလုံနဲ့ ဆက်ပြီး မေ
သက်နဲ့တဲ့"

"ဟုတ်လား…လုံလုံတောင် မသိဘူး၊ မင်းဇံု တစ်ယော
ဘယ်လိုဖြစ်နေသလဲကို မသိပါဘူး၊ မျက်နှာပူ အားနာစရာတွေ
အောင် သိပ်လုပ်တာပဲ၊ လုံလုံ တောင်းပန်ပါတယ် အာကာ
သူက လူမှုရေး သိပ်နားမလည်တဲ့သူမို့ပါ"

"လူမှုရေး နားမလည်တာ မဟုတ်ဘူးဗျ၊ ဒါ ဂရုမစိုက်
စော်ကားတာ၊ ကျွန်တော့်ကို ပွဲတင်စိန်ခေါ်တာ"

"အို…ရှင်ကလည်း တစ်မျိုး"

လုံလုံ တကယ်ပဲ စိတ်ညစ်မိပါသည်။

အာကာ့ပုံစံကြည့်ရတာလည်း အတော်မခံချိမခံသာ
ခံပြင်းနာကျည်းနေပုံရသည်။ သူမလည်း မဖြေရှင်းတတ်တော့
ယောကျ်ားတွေရဲ့ သဘောကလည်း နားလည်ရခက်သ





တစ်ယောက်နှင့်တစ်ယောက် အနိုင်မခံ၊ အရှုံးမပေး
ပြိုင်ဆိုင်ချင်စိတ်တွေ ရှိနေကြတာ စိတ်ပျက်စရာပါပဲ။

အာကာဟာ နားလည်မှုရှိပြီး၊ စိတ်ရှည် သဘောကောင်းသူ
လို့ သူမ ထင်ထားတာလည်း ရာနှုန်းပြည့် မဟုတ်ပြန်။

မင်းဇံုရဲ့ စိန်ခေါ်ရန်စမှုဟာ အာကာ့ရဲ့ တည်ငြိမ်သောစိတ်
ကို လှုံ့ဆော်ပေါက်ကွဲစေခဲ့ပုံရသည်။

"လုံလုံ…အဲဒီကောင်ကို ဖြတ်လိုက်စမ်းပါ"

ရုတ်တရက် သူမ လန့်ဖျပ်သွားကာ…

"အို…ဘယ်ဖြစ်မလဲ၊ ရှင် ဘယ်လို ပြောလိုက်တာလဲ"

"ရည်းစားပဲဗျ…၊ ဖြတ်ရင် အလွယ်လေးပဲဟာ"

"အာကာ"

"ဖြတ်ပြီးတော့ ကျွန်တော့်ကို လက်ခံလိုက်"

"သူ့မှာ အပြစ်မရှိဘူး"

"အပြစ်မရှိရင် ဖြတ်လို့မရဘူးလို့ ဘယ်သူပြောလဲ"

"အာကာနော်…ရှင့်စကားတွေ ဘောင်ကျော်မလာနဲ့"

လုံလုံက မယုံနိုင်သလို မင်သက်သွားရာမှ သူ့ဘက် ငိုင်းခနဲ
မျက်စောင်းရွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လုံလုံ့ကို ချစ်တယ်ဗျာ"

"မချစ်နဲ့"

"မရဘူး…ချစ်မှာပဲ"

"တော်ပြီ…ဆက်မပြောင်းနဲ့တော့၊ ပြန်မယ်"

"စိတ်မဆိုးပါနဲ့"

"ရှင်တို့ယောကျ်ားလေးတွေ အတူတူပဲ၊ မိန်းကလေးတစ်ယောက်ကို ဆော့ကစားစရာအရုပ်လိုပဲ သဘောထားချင်ကြတယ်"

"မဟုတ်ပါဘူး…လုံလုံရယ်၊ အရုပ်လိုသာ သဘောထားရင် ဒီလောက် ဘယ်ခံစားရမလဲ၊ အစတုန်းကတော့ ကျွန်တော်က ရင်ကွဲခံပြီး စွန့်လွှတ်မလို့ဘဲ၊ ဒါပေမယ့် ဒီကောင် အောင်ပွဲခံနေမှာကို ကြည့်နေလို့ မဖြစ်တော့ဘူး"

"ဘုရားရေ…ကြည့်နေလို့မဖြစ်ရင် ရှင်က ဘာများလုပ်ချင်သေးလို့လဲ"

သူက မခိုးမခန့်လေး တစ်ချက်ရယ်လျက်…

"လုံလုံ့ကို ခိုးပြေးချင်တယ်"

"ဘာရယ်…"

"တကယ် ခိုးပြေးချင်တာ"





"အာကာနော်…ကျွန်မရဲ့ခင်မင်မှုကို အခွင့်ကောင်းယူပြီး အဲလိုစကားမျိုး မပြောသင့်ပါဘူး"

"ရှင်ထဲမှာ ဖြစ်ချင်တာကို ပြောတာပါ"

သူ့စကားကြောင့် လုံလုံ့ရင်ထဲ ဖြောင်းဆန်တုန်လှုပ်သွားရသည်။ ဟန်ဆောင်ထားပေမယ့် သူမစိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

တကယ်များ ခိုးပြေးရင် ဘယ်လိုလုပ်ရပါ့မလဲဟုလည်း အလန့်တကြား တွေးမိ၏။

သူ့ပုံစံက အေးအေးဆေးဆေးလေးသာ။

ကားက မြို့ပြင်ကိုပင် ထွက်လာပြီ။

လုံလုံသည် အာကာ့အပေါ် အမြဲတမ်း ယုံကြည်နေမိသည်။ အခုလည်း ယုံနေတာန်းပါပဲ။

စိတ်ဆိုတာလည်း ဆန်းကြယ်သည်။

ချစ်သူဖြစ်တဲ့ မင်းခုံထက်ပင် သူ့ကို ပိုယုံမိသေးသည်။

"အာကာ"

"ဘာဖြစ်လို့လဲ လုံလုံ၊ ကျွန်တော့်ကို ကြောက်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်…ဘာလို့ကြောက်ရမှာလဲ"

"ဒါဆိုရင် ချစ်လား"

"ရှင်ဘာတွေ လာမေးနေတာလဲ"

"လုံလုံ ကျွန်တော့်ကို ချစ်ပါတယ်ဗျာ၊ မညာနဲ့"

"ကျွန်မမှာ ချစ်သူရှိတယ်လေ"

"လာမပြောနဲ့၊ ဒီကောင့်ကို ဂရုမစိုက်ဘူး"

"အို…"

အာကာ့တုန့်ပြန်ပုံကြောင့် သူမ မျက်လုံးလေး ဝိုင်းသွားသည်။

ဒါဟာ သူမ မမြင်ဘူးသေးတဲ့ အာကာ့ပုံစံအသစ်ပါပဲ။

လုံလုံက မယုံနိုင်သလိုပင် သူ့မျက်နှာကို အံ့ဩတကြီး ကြည့်မိသည်။

အရင်က သူ ဒီလို လက်လွှတ်စပယ် ပစ်စလက်ခတ် တစ်ခါမှ မပြောခဲ့ဘူးပေ။

"တော်ပြီ…အာကာ၊ ကားရပ်လိုက်တော့၊ ကျွန်မ ရှင်နဲ့ ဆက်မလိုက်နိုင်တော့ဘူး၊ ရှင်က ကျွန်မရဲ့ ခင်မင်လိုက်လျောမှုတွေကို တန်ဖိုးမထားတဲ့သူဘဲ"





သူမ ခပ်ဆတ်ဆတ် တားမြစ်သဖြင့် အာကာချမ်းထက်က လမ်းဘေးတစ်နေရာမှာ ကားကို ဘေးသို့ ကပ်ချ၍ ရပ်လိုက်ပါသည်။

အချိန်က ညနေစောင်း ,နေဝင်ရီတရော အချိန်လေး။

ဟိုက်ဝေးလမ်းရဲ့ တစ်နေရာမှာမို့ ခပ်ကျဲကျဲ ဖြတ်သန်းသွားလာတဲ့ ကားကြီးတွေကလွဲလျှင် အရာအားလုံး ဆိတ်ငြိမ်နေသည်။

ကတ္တရာလမ်းမကြီးရဲ့ ဘယ်ဘက်ရော၊ ညာဘက်ရောမှာ လူနေအိမ်ခြေ မရှိ။

ရိုးပြတ်တောတွေ၊ လယ်ကွင်းကျယ်ကြီးတွေသာ တမျှော် တခေါ် ရှိသည်။

မြို့ပြနှင့် မတူသော ကျေးလက်အငွေ့အသက်လေးကပင် လူကို တစ်မျိုးတစ်ဖုံ ဆွတ်ပျံ့နေစေသည်။

သဘာဝပတ်ဝန်းကျင် မြင်ကွင်းကို ခါတိုင်းလို မခံစားနိုင်ဘဲ စိတ်တိုနေတဲ့ ချစ်သူလေးဘက်ကိုသာ အာထက်က အရင် ကြည့်ရပါသည်။

"လုံလုံ…စိတ်ဆိုးသွားရင် တောင်းပန်ပါတယ်"

"စိတ်မဆိုးဘဲ နေမလား"



www.burmeseclassic.com

www.burmeseclassic.com



"လုံလုံ မင်းဇော်ကို ဒီလောက်ထိ အလေးအနက်ထား

ထည့်တွက် ဂရုစိုက်နေတာ ကျွန်တော် မကြိုက်ဘူး"

"ရှင်မကြိုက်လည်း မတတ်နိုင်ဘူးလေ၊ သူက ရှင့်နဲ့မ

ခင် ဟိုးအစောကြီးကတည်းက ကျွန်မချစ်သူပဲ အာကာရဲ့"

"အဲဒါတွေ မကြားချင်ဘူးဗျာ"

အာထက်လည်း ဒီကောင့်အကြောင်း ကြားရတာ

စိတ်တိုတတ်သူပါပဲ။

သူ့အရင် လုံလုံ့နားကို ကပ်ခွင့်ရခဲ့တဲ့သူဖြစ်တာကြော

မင်းဇော်ကို သူ အင်မတန် မုန်းတီးသည်။

သူကလွဲရင် လုံလုံ့နားသို့ မည်သူမျှ မကပ်စေချင်။

အာကာချမ်းထက်သည်သာ နွေနွေလုံ၏ ခင်ပွန်းဖြစ်ချ

သည်။ သူသည် အစတုန်းကနှင့် မတူအောင် အချစ်ရေးမှာ

လောဘကြီးသူတစ်ယောက် ဖြစ်ခဲ့ရပြီ။

သူ့သဘောထားတွေ ပြောင်းလဲသွားအောင် မင်းဇော်ပဲ ဒွ

ခဲ့တာ။

သတ္တိကောင်းတယ် ခေါ်မလား...စိတ်ရိုင်းဝင်တယ် ခေါ်

မလားတော့ သူ မသိ။





ဒါပေမယ့် လုံလုံနှင့်ပတ်သက်ပြီး လွယ်လွယ်ကူကူ နောက်ဆုတ် အရှုံးပေးဖို့ သူ စိတ်မကူးတော့ပါ။

မင်းဇော်ကရော ဘာမို့လို့လဲ။

ယှဉ်ပြိုင်အနိုင်ရဖို့ ဘာကြောင့် မကြိုးစားရမှာလဲ။

သူ့မှာ ကြိုးစားခွင့် ရှိနေတာပဲ။

လုံလုံကလည်း သူ့အပေါ် တွယ်တာရိပ်ကလေး ရှိတာပဲ။

လက်မလျှော့နိုင်ပါဘူးကွာ။

ကိုယ် သိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်ပိုင် ဆိုင်ဖို့ အားထုတ်တာဟာ အပြစ်တစ်ခု မဟုတ်ဘူးလေ။

စွန့်စားရမှာပဲပေါ့။ မယုံနိုင်လောက်အောင် သတ္တိတွေက သူ့နှလုံးသားမှာ တိုးဝှေ့လာသည်။ သူ့ရဲ့စိတ်အာရုံတွေဟာ သူမနား တိုးကပ်သွားဖို့ကိုပဲ လှုံ့ ဆော်နေသည်။

"လုံလုံ"

သူမရဲ့ပုခုံးကလေးကို သူ ဆုပ်ကိုင်လိုက်မိသည်။

"အို...ဖယ်ပါ"

လုံလုံက ဆတ်ကနဲ သူ့လက်ကို ဖယ်ချကာ ကားတံခါးဖွင့် ၍ အောက်ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီနေရာ၊ ဒီဝန်းကျင်မှာ ဘယ်မှလည်း သွားစရာရှိတာ မဟုတ်ပါ။

လေက တဟူးဟူး တိုက်ခတ်နေသဖြင့် ဝတ်ထားတဲ့ ဂါဝန်လေးရော…အပေါ်က အိုဗာကုတ်ကလေးပါ တဖျပ်ဖျပ် လွင့်သွားသည်။

ဆံနွယ်လေးတွေ လေမှာလွင့်မျောနေသဖြင့် လုံလုံက လက်ဖျားလေးနှင့် နားရွက်ကြားထဲ အသာညှပ်မိသည်။

အာကာ သူမပုခုံးလေးကို ထိကိုင်လိုက်တာနှင့် လူက ဓာတ်လိုက်သလို ရင်ဖိုပြီး ကတုန်ကယင် ဖြစ်သွားတော့တာပင်။

ထို့ကြောင့်ပင် ဦးတည်ချက်မဲ့ ကားပေါ်က ဆင်းရပ်လိုက်တာ။ သူမရင်ထဲလည်း ငြိမ်သက်သွားရအောင်ပါ။

နောက်ထပ် တံခါးတစ်ချပ် ဖွင့်သံပိတ်သံနှင့်အတူ အာကာ ချမ်းထက်လည်း ဆင်းလာသည်။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်သာယာ၍ ငှက်ကလေးတွေ အော်သံသာ ကြားရသည်။

ကောင်းကင်ပြင်ကျယ်ကျယ်နှင့် ရိုးပြတ်တောများသည်ပင် ရှုမျှော်မဆုံးအောင် လှပသက်ဝင်နေသည်။





တချို့သော ငှက်ကလေးတွေ အုပ်စုဖွဲ့၍ အိပ်တန်းပြန်သွားကြတာ တွေ့ရသည်။

အာကာက သူမဘေးနားသို့ အသာကပ်လာရင်း လက်ကို ပေါ်သို့ လွှဲကာ အေးမြသော လေကောင်းလေသန့်ကို တဝကြီး အားပါးတရ ရှူရှိုက်လိုက်သည်။

စိတ်တွေက အလိုလို လွတ်လပ်ပေါ့ပါးသွားရ၏။

"သာယာတယ်နော်…လုံလုံ"

သူက ဘာမှဖြစ်မထားသလိုပင် စကားစလိုက်သည်။

"ကျွန်တော် တစ်ခါတလေ လတ်ဆတ်တဲ့ လေပြေညှင်းလေးကို ရှူရှိုက်ချင်ရင် ဒီဟိုင်းဝေးလမ်းကို တစ်ယောက်တည်း မောင်းထွက်လာခဲ့တယ်၊ ဒီနေရာရောက်လို့ ကားရပ်ပြီး ဆင်းလိုက်ရင် ထူးဆန်းတဲ့ အရသာတစ်မျိုးကို ခံစားရတယ်ဗျ၊ အချိန်တစ်ခုရောက်လာရင် ကိုယ်နဲ့အတူတူ သဘာဝလောကကြီးရဲ့ အဖော်ဖြစ်နေမယ်၊ အတူတူရှိနေမယ်ဆိုတဲ့ အသိတရားတစ်ခုကို ခေါင်းထဲဝင်လာစေတယ်၊ ကိုယ့်မှာ ကပ်ငြိနေတဲ့ မာန်မာနတွေလည်း ရုတ်တရက် ကွာကျသွားသလို ခံစားရတယ်၊ ဒါကြောင့် အခုလို လူသူတိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်အနေအထားလေးကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ်၊ ရှင်းလင်းပြီး အေးမြတိတ်ဆိတ်နေတော့ လွမ်း
ဆွတ်ပုံ့သလိုလေး ခံစားရတယ်···

···ပြီးတော့ အထီးကျန်ခြင်းက ဘာလဲဆိုတာလည်း
တယ်၊ ဘဝမှာ အဖော်ရဲ့ အရေးပါမှုကိုလည်း ကွက်ကွက်ကွင်း
နားလည်လာရတယ်"

လုံ့လုံ့သည် ခံစားမှု ပျော်ဝင်နေသော သူ့မျက်
တည်တည်လေးနှင့် ပြောနေသော စကားသံတို့ကို တအံ့တသြ
နားထောင်နေမိသည်။

ပေါ့ပေါ့ပါးပါး စတိုင်လ်လေးနှင့် ဘာမှ အလေးအ
မထားတတ်တဲ့ သူဌေးသားလေးတစ်ဦးဆီက ဒီလို ဒဿန
စကားလုံးတို့ကို ကြားရမည်ဟု သူမ မထင်။

စိတ်ဆိုးနေတာပင် မေ့သွားပြီး သူ့မျက်နှာကို ငေးကြည့်
မိသည်။

သူက···

ဟိုးအဝေးက ကောင်းကင်ကို မော့ကြည့်ရင်း ဆိုနေ
ချောမောရှင်းသန့်ခန့်ညားသော သူ့မျက်နှာအေးတိုက်ပုံစံလေး
စွဲမက်စရာကောင်းနေတာ လုံ့လုံ့ မငြင်းနိုင်ပါ။





ယောက်ျားပီသသော သဏ္ဌာန်ရှိသလို ခွန်အားနှင့် အကြင်
ပါသော စကားသံကိုလည်း ပိုင်ဆိုင်သည်။

လုံ့လုံ့ရော···သူရော သဘာဝပတ်ဝန်းကျင်ရဲ့ ကျေးလက်
လေးကို ရှုရှိုက်ရင်း အကြာကြီး ငေးမောနေမိကြသည်။

ထိုအချိန်မှာပဲ လေတစ်ချက်က ခပ်ပြင်းပြင်း တိုးဝှေ့သွား
၊ ထိုလေပြေထဲမှာ မိုးငွေ့မိုးသက်ကို ခံစားမိသည်။

"မိုးရွာတော့မယ် ထင်တယ်ဗျ၊ ကားပေါ်ပြန်တက်လေ
လို့"

"မတက်ချင်ပါဘူး"

"ဗျာ···ဘာဖြစ်လို့လဲ"

"ရှင် ရည်းစားစကားပြောနေတာတွေ မကြားချင်လို့ပေါ့"

"အိုကေ···ဒါဆို ထပ်မပြောဘူး"

တကယ်တော့ မကြားချင်တာလား···မကြားရဲအောင်
လှုပ်ရှင်ဖိုနေတာလား၊ သူမ မဝေခွဲတတ်တော့။

လုံ့လုံ့သည် ကိုယ့်သဘောနှင့်ကိုယ် သူ့ကားပေါ်က ဆင်း
ခဲ့တာမို့ ချက်ချင်းကြီး ပြန်မတက်ချင်ဘဲ ဒီတိုင်းလေးသာ
တပ်ကပ် ရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဒီနေရာကနေ ကားငှားပြန်ဖို့ဆိုတာလည်း လမ်းခုလတ်ကြီးမှာ ဘယ်လွယ်မလဲ။

တော်ကြာဆို နေဝင်မိုးချုပ်ဖြစ်တော့မှာ။

သိပေမယ့်လည်း လုံလုံ ခေါင်းမာမာနှင့် ရပ်မြဲတိုင်း ရပ်နေမိသည်။

သိပ်မကြာခင်မှာပဲ သူ ထင်တဲ့အတိုင်း မိုးဖွဲလေးတွေ တဖျောက်ဖျောက် ကျလာပါသည်။

"ခင်ဗျားက မိုးမင်းသမီး လုပ်မလို့လား"

သူ အဲလိုမေးတော့ ပိုပြီးတော့ပင် အရွဲ့တိုက်ချင်မိသည်။ မိုးရွာထဲ ဒီတိုင်းပဲ ဆက်ရပ်နေမိသည်။

မိုးက ခပ်ဖွဲဖွဲကနေ ပိုမိုအားကောင်းပြီး မိုးပေါက်ကြီးတွေ ကြီးမားလာသည်။

"ဟိတ်...ဒါ စိတ်ကောက်တာလား၊ စိုကုန်လိမ့်မယ်"

"စို..စို"

"လာပါ...လုံလုံရယ်"

သူက ချော့ချော့မော့မော့လေးနှင့် လုံလုံရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ဆွဲခေါ်သည်။





လုံလုံက သူမလက်ကို ရုန်းဖယ်လျှင် အာထက်က ပိုမို တင်းကြပ်အောင် ဆုပ်ကိုင်၍ ကားဆီ အတင်းအကြပ် ဆွဲခေါ်သည်။

တကယ် မာနကြီးတဲ့ကောင်မလေးပဲ။

လုံလုံ စိတ်ကောက်တတ်တာ သူ အခုမှပဲ သိသည်။

ကားထဲ သူမကို ရအောင်တွန်းတက်စေပြီးလျှင် အာထက် က မောင်းသူဘက် ကွေ့ပတ်ပြေးလာသည်။

မိုးက ခဏလေးမှာ ကြမ်းလာသဖြင့် သူ့ဆံပင်တွေ အင်္ကျီတွေပင် စိုစွတ်သွားရသည်။ အာကာချမ်းထက်က ကားကို စက်နှိုးမောင်းထွက်ပြီးနောက် ပြန်ဖို့ ဒီဘက်သို့ ပြန်ကွေ့လေသည်။

မိုးစက်မိုးပေါက်တွေက ကားရှေ့မှန်ပေါ် ခပ်ပြင်းပြင်း ကျ ရောက်လာသည်။

အာကာသည် ရေသုတ်တံခလုတ်ကို ဖွင့်မလို့ပြင်ရင်းက သူမဘက်သို့ စောင်းငဲ့ကြည့်မိလျှင် ရင်ထဲ ရုတ်တရက် ဘာဖြစ်သွား မှန်း မသိ။ မိုးရေ မစိုတစိုနှင့် သူမဟန်ပန်လေးက အရမ်းပင် ဆွဲဆောင်မှု ရှိနေသည်။

သူ ချက်ချင်းပဲ ကားကို ဘေးသို့ ဆွဲချရပ်ပစ်လိုက်သည်။

"ဟင်...ကား ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

သူ့အဖြေကို သိပ်မယုံလှပုံဖြင့် လုံလုံက သူ့မျက်လုံး…
ဖွေရှာကြည့်လျှင် အာထက်စိတ်တွေ ဆက်လက် တင်းမထားနိုင်…

မျက်နက်ဝန်း ရီရီလဲ့လဲ့လေးနဲ့ ကြည့်နေတဲ့ သူမကို …
ပြန်နီးခနဲ ရင်ခွင်ထဲ ဆွဲသွင်းလိုက်မိသည်။

"အို..."

လုံလုံ အမှတ်မထင် အဝိုက်မိသွားရ၏။ အလန့်တဖျပ်…
ပြန်ရုန်းရင်း ရင်ထဲမှာ ပေါက်ကွဲဆူညံ ဝုန်းဒိုင်းကျဲသွားရသည်…

"အာကာ...ရှင်..."

"လုံလုံ့ကို ချစ်တယ်"

သူက ဒါပဲပြောပြီး တင်းတင်းကြပ်ကြပ် တအားဖက်ထ…
လိုက်သည်။ နွေးထွေးသော သူ့ရင်ငွေ့မှာ လုံလုံ မရုန်းသာ…
သူ့ ထွက်သက်ငွေ့ငွေ့က ပါးပြင်လေးပေါ်ကို ရိုက်ခတ်နေသည်…

"ဟင့်အင်း"

ငြင်းဆိုသံဖွဖွနှင့် သူ့မျက်နှာ ငုံ့ချလိုက်ချိန်ဟာ တစ်ပြိုင်…
တည်းလိုပင်။ မွှတ်သိပ်သော သူ့နှုတ်ခမ်းတွေ လုံလုံ့ထံ ကျရော…
လာချိန်မှာ နှလုံးသားက တသိမ့်သိမ့် လှုပ်ခါသွားရသည်။





ရုတ်တရက်မှာ မချင့်မရဲနှင့် သူ အထပ်ထပ် နမ်းရှိုက်နေ
သည်။

လုံလုံ့ကိုယ်လုံးလေးမှာ မလှုပ်သာမလွန့်သာနှင့် သူ့ရင်ခွင်ထဲ
…နစ်မြုပ်နေသည်။

သိမ်းဖက်ထားသော သူ့လက်မောင်းများက မြဲမြဲခိုင်ခိုင်လွန်း
သည်မို့ ရှက်လန့်ရင်ဖိုသွားမိ၏။

လုံလုံ ရုန်းလည်း သူက မလွှတ်။

ပြင်းပြသော အနမ်းတွေအောက်မှာ လူက မိန်းမိန်းမူးမူး
ဖြစ်လာသည်။ သူမရင်ခုန်သံတွေက ပေါက်ကွဲတော့မလို ဆူညံ
ပြည့်ပြီးနေသည်။

ပူနွေးသော သူ့နှုတ်ခမ်းတွေက လုံလုံ့ရဲ့လည်တိုင် ကြော့
ကြော့ဆီသို့ပင် တယုတယလေး ထိကပ်လာသည်။

မောင် မဟုတ်သော သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့
…က်ရှိုင်းသော အထိအတွေ့ အယုအယမှာ သူမရင်ကို ဖြောင်းဆန်
…ုန်လှုပ်စေသည်။

အာကာ ဒီလောက်အတင့်ရဲလိမ့်မည်ဟု သူမ ဘယ်တုန်းက
…မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



တင်းကြပ်သော အထွေးအပွေ့မှာ လုံလုံ အသက်ရှူ မှား
သည်။

သူက အတန်ကြာတဲ့အထိ ဖြေလွှတ်မပေးသလို လုံလုံ့
ရှန်းကန်လှုပ်ရှားမှုလေးတွေမှာလည်း တစ်စတစ်စ ငြိမ်သ
အားပျော့သွားရသည်။

လူက စိတ်ဆိုးမိသော်လည်း လုံလုံ့နှလုံးသားကမူ သူ့အ
ကြည်ဖြူလက်ခံ တုန့်ပြန်နေမိသည်။

အချစ်ဆိုသော အရာဟာ အလွန်ပင် ဆန်းကြယ်လှပါ
သူမဟာ အာကာရဲ့ ညို့ယူဆွဲငင်မှုမှာ ပျော်ဝင်သွားမိ၏။

သူ့ရဲ့အကြင်နာ အယုအယတို့ကြောင့် ကြည်နူးရ
ရင်ဖို ရတယ်ဆိုတာ ဘယ်တော့မှ ဝန်မခံချင်ပါ။

မိုးသည်းထန်သော ခပ်မှောင်မှောင် ညနေမှာ သူ လုံလုံ
ရင်ခွင်ထဲ တိုးဖက်ကာ ဖွဖွငြင်သာ ထိတွေ့နမ်းရှိုက်နေဆဲ။

ပြင်းထန်စူးရှသော သူ့အချစ်တွေကို လုံလုံ ရှောင်ဖယ်
စွမ်း မရှိဘဲ ရင်တုန်ပန်းတုန် ငြိမ်သက်နေမိခဲ့သည်။



"တီ...တီ...တီ"

ဖုန်းသံမြည်လာတာနှင့် လုံလုံက စိတ်ရှုပ်စွာ ကျိတ်ကာ
ရေရွတ်မိ၏။

အချိန်က ညဆယ်နာရီခန့်ပင် ရှိနေပြီ။

ဒီဖုန်းဟာ အာကာကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဟု သူမ
ထင်သည်။

လုံလုံနှင့် မင်းခိုလည်း ပြဿနာ အကြီးအကျယ် တက်နေ
သည်။

တနင်္ဂနွေညဦးပိုင်းက လုံလုံ့ကို မိုးရွာထဲ အိမ်အထိ ပြန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပို့တဲ့ အာကာ့ကို အိမ်မှာ အန်တီသိန်းနဲ့ ထွက်ကြိုစောင့်ဆိုင်းနေတဲ့ မင်းခိုက ပက်ပင်းကြီး တွေ့သွားခဲ့သဖြင့် ခုထိ ဖြေရှင်းလို့မရ။

လုံလုံက မျက်နှာများသည်...ဖြောင်ကျသည်။ ရည်းစား နှစ်ယောက် တစ်ပြိုင်နက် ထားသည်ဟု မောင်က ဒေါသတကြီး စွပ်စွဲခဲ့သည်။

ဒီလိုတွေ ဖြစ်လာလိမ့်မည်ဟု လုံလုံကိုယ်တိုင်လည်း မထင်မိပါ။

မင်းခိုကို စိတ်ပျက်သလို၊ အာကာ့အပြုအမူကိုလည်း သူမ ခုထိ ပြန်မတွေးရဲ။

သူဟာ လုံလုံ ခွင့်မပြုပါဘဲ လုံလုံ့ကို ချစ်သူတစ်ယောက် လိုပင် ပိုင်စိုးပိုင်နင်း ပြုမူဆက်ဆံခဲ့သည် မဟုတ်လား။

ထိုအဖြစ်အပျက်ဟာ သူမတို့သုံးဦးကြားမှာ မုန်တိုင်းတစ်ခု လို မွှေနှောက်သွားခဲ့ရပြီ။

အရင်လို ဘယ်တော့မှ ပြန်မဖြစ်နိုင်။

နွေနွေလုံက ထိုညမှစ၍ အာကာချမ်းထက်ကို နောက်ထပ် အတွေ့မခံ။

ရုံးကိုပင် မသွား။





အန်တီကြည်ထံ ဖုန်းဆက်ပြီး နေမကောင်းဘူးဟု ညာပြော ထားမိသည်။

ဘာကို ဘယ်လိုဆုံးဖြတ်ရမလဲ၊ ဘာတွေကို ရင်ဆိုင်ဖြတ် ကျော်ရမလဲဆိုတာ သူမ တွေးမရသေးပေ။

ထို့ကြောင့် အိမ်ထဲအောင်းကာ အိပ်ရာပေါ်မှာသာ ခွေနေမိ သည်။

နှလုံးသားရေးရာမှာ သူမ မပြတ်မသား တွေဝေပျော့ညံ့နေ တာ ဘာကြောင့်များပါလဲ။

မောင့်အပေါ်မှာ သူမဘက်က စတင် သစ္စာပျက်ရာများ ကျခဲ့ပြီလား။

မေးခွန်းများနှင့် မှုန်းကြပ်နေဆဲမှာ အာကာချမ်းထက်ဆီက ဖုန်းဝင်လာတာ ဖြစ်သည်။

သူမ မကိုင်သောအခါ နောက်တစ်ကြိမ် နောက်တစ်ကြိမ် အထပ်ထပ် ခေါ်နေသည်။

နွေနွေလုံသည် မြည်လာပြန်သော ဖုန်းကို စိတ်တိုစွာ ကောက်ထူးလိုက်၏။

"ဟက်လို..."



www.burmeseclassic.com

www.burmeseclassic.com



သူမအသံက ခပ်ဆတ်ဆတ်…။

"လုံလုံ"

"ရှင့်ကို ဖုန်းမဆက်ပါနဲ့လို့ ပြောထားတယ် မဟုတ်လား"

အာကာက တိုးလျှိုးတောင်းပန်သံနှင့်…

"ခဏလေး နားထောင်ပါ လုံလုံရယ်… ပြောစရာ ရှိလို့ပါ"

"ရှင့်အသံကို မကြားချင်ဘူး"

"ကျွန်တော် တောင်းပန်ပါတယ် လုံလုံရယ်၊ ကျွန်တော် စိတ်မထိန်းနိုင်လို့…ချစ်လွန်းလို့…"

"အို…တော်ပြီ၊ ထပ်မပြောနဲ့"

ရှက်စိတ်မွန်မွန်နှင့် နွေနွေလုံက ဖြတ်အော်ပစ်လိုက်၏။

သူက သက်ပြင်းတစ်ချက်နှင့်…

"ခင်ဗျား မုန်းသွားမှာ တစ်ချိန်လုံး ကြောက်နေခဲ့တယ်၊ အခု ခင်ဗျားက မုန်းနေပြီ၊ ကိစ္စမရှိဘူး…ရှေ့ဆက်လည်း မုန်းပစ်လိုက်ဦး"

"ရှင်ပြောမှာ ဒါပဲ မဟုတ်လား"

"လုံလုံ့ကို အရမ်းတွေ့ချင်တယ်ဗျာ"





"တွေ့စရာအကြောင်း မရှိတော့ဘူး"

"ရုံးမတက်တာ ကျွန်တော့်ကြောင့် မဟုတ်လား"

"ရှင်သိရင် ပြီးတာပဲ"

"ကျွန်တော်က စောင့်နေမိတယ်၊ လုံလုံ့ကို ပြောချင်တာတွေလည်း ရှိလို့ပါ"

"နားမထောင်ချင်ဘူး…ကျွန်မ အိပ်ငိုက်နေပြီ"

"အဲဒီကိစ္စသာ ပြောလိုက်ရင် လုံလုံ ညတောင် အိပ်ပျော်မယ် မထင်ဘူးဗျာ၊ ဒါကြောင့် ပြောသင့်မပြောသင့် စဉ်းစားနေတာ"

လုံလုံက သူ့စကားကြောင့် မျက်မှောင်လေး ကုပ်သွားမိကာ…

"ရှင် အပိုတွေ လျှောက်ပြောမနေနဲ့၊ ရှင့်ကြောင့် ကျွန်မကို မောင် အထင်လွဲနေပြီ"

"မောင်…ဟုတ်လား"

သူက နားကြားပြင်းကပ်ဟန်နှင့် မခံချိမခံသာ ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့မောင်က သိပ်ကောင်းတယ် ထင်နေလား၊ ခင်ဗျားကသာ အထင်ကြီး ကိုးကွယ်နေတာ"

"ရှင် သူ့ကို မစော်ဖော်နဲ့"

"ခင်ဗျားက သူ့ဘက်က ရပ်တည်မှာလား၊ ကျွန်တော် ရင်နာတယ် လုံလုံ၊ တကယ်ဆိုရင် ခင်ဗျားအချစ်နဲ့ သူနဲ့ လုံးဝမတန် ဘူး"

သူက မင်းဖုံကို မနာလိုပြီး တိုက်ခိုက်ချင်နေတာဟု လုံလုံ ယူဆသည်။

သူမကို ယောကျ်ားလေးနှစ်ဦးက လွန်ဆွဲသလို၊ သူ့ဘက် ကိုယ့်ဘက် အနိုင်မခံ အရှုံးမပေး ဆွဲယူချည်နှောင်နေကြတာ လုံလုံ ခံပြင်းသည်။

သူမဟာ ရုပ်ဝတ္ထုပစ္စည်းမှ မဟုတ်ဘဲ။

နှစ်ယောက်အပြိုင် လုနေကြတာ သိပ်ရှက်စရာ ကောင်း သည်။

ရင်ထဲမှာ ဝမ်းပန်းတနည်းလည်း ခံစားနာကျင်မိသည်။

"မင်းဖုံက ခင်ဗျားရဲ့ မျက်စိကွယ်ရာမှာ ထင်ရာလုပ်နေတဲ့ သူပဲ၊ ခင်ဗျားကသာ ကျွန်တော့်အချစ်ကို နင်းချေပြီး သူ့ကို မျက်နှာ





သာပေးဖို့ ဆုံးဖြတ်ရက်တာ၊ ခင်ဗျားက ဟန်ဆောင်ကောင်းတဲ့ မိန်းမပဲ လုံလုံ၊ ကိုယ့်နှလုံးသားကို စတေးပြီးတော့တောင် ဒီကောင့် ကို သစ္စာရှိတယ်··ဟုတ်လား···ကျွန်တော် မယုံချင်ဘူးဗျာ၊ တယူသန်လွန်းတယ်ဗျာ၊ ခင်ဗျားရဲ့စိတ်ကို နားမလည်တော့ဘူး"

"ရှင် နားလည်စရာလည်း မလိုပါဘူး အာကာရဲ့၊ ဒါက ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာပဲ"

"အဟက်···ဟက်··ဟုတ်ပါတယ်ဗျာ၊ သီးသန့် ကိုယ်ရေး ကိုယ်တာပါ၊ ဒါဆိုရင်လည်း ခင်ဗျားသိအောင် တစ်ခုပြောလိုက် မယ်၊ မင်းဖုံဟာ စက်ရုံမှာ ခင်ဗျားမသိအောင် မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ထားတယ်"

"ဘာ···ရှင် ဘာပြောတယ်"

"သူ လက်ထပ်ထားတယ်လို့ ကျွန်တော် သိရတယ် လုံလုံ"

"ရှင် ဒီလောက်အောက်တန်း မကျပါနဲ့၊ ကျွန်မတို့နှစ် ယောက် ကွဲစေချင်တာနဲ့ မဟုတ်တမ်းတရားတွေ လုပ်ကြံ မပြောပါနဲ့ အာကာ၊ ရှင့်ရဲ့ကိုယ်ကျင့်သိက္ခာကို ထည့်တွက်ပါဦး"

"ကွဲစေချင်တာတော့ မှန်တယ်၊ ဒါပေမယ့် လုပ်ကြံ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ မဟုတ်ဘူး လုံလုံ၊ ကျွန်တော် အမှန်အတိုင်း ပြောပြတာပါ''

''ဘာအမှန်လဲ…ရှင့်ကို ဘယ်သူပြောတာလဲ၊ မဟုတ်တာနဲ့ စွပ်စွဲပုတ်ခတ် စော်ကားရင် လူတစ်ဖက်သား ဂုဏ်သိက္ခာ ထိခိုက်ရင် ရှင် ဘာနဲ့လျော်ကြေးပေးမှာလဲ''

''ဩော်…လုံလုံ…လုံလုံ၊ ခင်ဗျားက မင်းဇံကို မျက်စိမှိတ်ပြီး ယုံကြည်ထားတာကိုး၊ ခင်ဗျား ဖြူစင်ပုံက သနားစရာတောင် ကောင်းနေပြီဗျာ…သိရဲ့လား''

သူပြောပုံကလည်း ခိုင်မာပြတ်သားနေသဖြင့် လုံလုံ့ရင်ထဲ ဇဝေဇဝါ အခုန်မြန်လာခဲ့သည်။

မင်းဇံ လက်ထပ်ထားတယ်…။

အို…မဖြစ်နိုင်ပါဘူး။

မောင် ဒီလောက်ထိ သူမအပေါ် လှည့်စားလိမ်ညာ ရက်စက်မည် မထင်။

လုံလုံ ဘယ်လိုမှ လက်မခံနိုင်။

သို့သော် အနည်းငယ်တော့ တုန်လှုပ်သွားမိတာ ဝန်ခံပါသည်။





''ခင်ဗျားရဲ့ အသိမိတ်ဆွေထဲမှာ ညိုမီလွင်ဆိုတာ ရှိလား''

''ရှင်''

''သူ လက်ထပ်ထားတာ ညိုမီလွင်ဆိုတဲ့ မိန်းကလေးတဲ့၊ အသားညိုညိုနဲ့ ခေတ်ဆန်တဲ့ ကောင်မလေးပဲလို့ ပြောတယ်၊ သူတို့ရဲ့ လက်ထပ်စာချုပ်ကော်ပီကို လှမ်းပို့ပေးဖို့ ကျွန်တော် မှာထားတယ်၊ ရောက်ဖြစ်ဆိုရင် လုံလုံ့ရှေ့မှာ သက်သေနဲ့ ပြနိုင်မှာပါ၊ ဒါဟာ လို့ ကျွန်တော့်ကို လက်ခံတာ လက်မခံတာနဲ့ မဆိုင်ဘူး၊ ကိုယ် အရမ်းချစ်တဲ့သူ လှည့်စားခံနေရတာ မကြည့်ရက်လို့ ဖော်ထုတ်မှာဗျ၊ နားလည်လား''

သူ့စကားသံတွေ နားထောင်ရင်း လုံလုံ မင်သက်ငြိမ်တွေ သွားရသည်။

ညိုမီလွင်…။

သူမ ညိုမီကို ကောင်းကောင်းသိသည်။

မောင်နှင့် တစ်ဖွဲ့တည်း ဟိုကိုထွက်သွားတာလည်း အမှန်ပါ။

ဒီနာမည်ကို အာကာက ဘယ်လိုလုပ်ပြီး သိနေပါလိမ့်။

ဘုရား…ဘုရား…။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောသလို တကယ်များ…

လုံလုံ ဆက်မတွေးရဲ၊ သူမတစ်ကိုယ်လုံးပင် ကြ ဖျန်းခနဲ ထ,သွားမိသည်။

"ညို…ညိုမီဟာ မောင့်သူငယ်ချင်းပါ"

"ဒါဆို ပိုတောင် သေချာသွားပြီ"

အာကာက အပိုင်ပြောသည်။

"မဖြစ်နိုင်ဘူး အာကာ၊ မောင် ဒီလိုလူစား မဟုတ်

"မဖြစ်နိုင်ဘူးဆိုရင် ဒီကောင့်ကို လက်ထပ် ကျွန်တော် ကျေကျေနပ်နပ်ပဲ နောက်ဆုတ်ပေးမယ်"

"ရှင်နော်…သူများချစ်သူစုံတွဲကို ပျက်စီးရာပျက်စီး သိပ်ဖြစ်စေချင်တယ်မို့လား"

အာကာက မျက်နှာတစ်ချက် မဲ့လိုက်မိသည်။

မင်းဇံ့ သူမကို သိမ်းပိုက်သွားမှာတော့ သူ ဘယ်နည် မကြည်ဖြူနိုင်တာ အမှန်ပင်။

သို့သော် အခုကိစ္စမှာတော့ သူ-လုပ်ကြံပြောတာ မ ဇော်ထွန်း သူငယ်ချင်းတစ်ယောက်ဆီကနေ ကြား တာမို့ သူကိုယ်တိုင် အံ့သြနေမိတာ။





ဘာအတွက်ပဲ လက်ထပ်လက်ထပ် မင်းဇံ့ ဒီလို ဖုံးကွယ် သိမ်ညာထားဖို့တော့ မသင့်ပေဘူး မဟုတ်လား။

ချစ်သူအတွက် ဂုဏ်ယူချင်သော နွေးနွေးလုံကို သူ သနားပင် သနားမိလေသည်။

မင်းဇံ့ဟာ သူမထင်သလို သူမအပေါ် အကောင်းဆုံး လူတစ်ယောက် မဟုတ်ဘူးဆိုတာ သိစေချင်သည်။

ထို့အတူ…

ဘယ်သူတစ်ဦးတစ်ယောက်မှလည်း အကာချမ်းထက် ထက် ပိုပြီး မချစ်နိုင်ဘူးဆိုတာ နွေးနွေးလုံ နားလည်သဘောပေါက် စေချင်သည်။

သူကတော့ လုံလုံ သိမ်းဝှက်ထားတဲ့ အချစ်တစ်ခုကို လှစ် ဟာ ရာဖွေတွေ့ရှိခဲ့ပြီမို့ သူ့ကိုယ်သူ အနည်းငယ် ကျေနပ်နှစ်သိမ့်နိုင် ပါပြီ။

သူမနှုတ်က ဖွင့်မပြောတဲ့ စကားကို သူ့နှလုံးသားဖြင့် ကြားခွင့်ရခဲ့တာကို သူ ဘယ်သောအခါမှ မေ့လိမ့်မည် မဟုတ်ပါ။

နွေးထွေးမွေးပျံ့သော လုံလုံ့ကိုယ်သင်းရနံ့လေးက သူ့ထံ ခုထက်ထိ စွဲကျန်ရစ်နေသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့တဲ့ အထိအတွေ့လေးတွေက သူ့ကို ပိုမို၍ ဖွဲ့ယ
ယစ်မူးစေသည်။

ဒါပေမယ့် လုံလုံက ထိုအဖြစ်အပျက်တို့ကို ဂရုမထားသ
ပင်၊ သူ့ကို ရှောင်ပုန်း၍ မင်းဇံ့ကိုသာ ဦးစားပေးသဖြင့် သူ့ရင်ထဲ
မချိမဆန့် ခံစားနာကျင်နေရသည်။

နွေနွေလုံကို သူ လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူးဆိုတာလ
သူ့ကိုယ်သူ သေချာလာခဲ့သည်။

ထိုအချိန်မှာပင် ကံတရားက သူ့ကို မျှော်လင့်ချက်ကြီး
မားမားတစ်ခု ဖြုန်းဆိုလာပေးခဲ့တာ။

မင်းဇံ့ ဖုံးကွယ်ထားတဲ့ သတင်းတွေက သူ့နားထဲ ကြံ
ရောက်လာခဲ့သည်။

ဒါဟာ အချစ်ကြီးတဲ့ သူ့ကို နတ်သိကြားတွေက သနား
ဝင်ကူညီတာလို့ပင် သူ ထင်သည်။

ဖြူစင်ရိုးသားလွန်းတဲ့ ချစ်သူလေးဘက်ကနေလ
တစ်စုံတစ်ရာက အကာအကွယ်ပေးတာ ဖြစ်နိုင်ပါသည်။

အာကာ တုန်လှုပ်အံ့ဩမိတာ အမှန်။

ထိုအကြောင်းသာ လုံလုံ သိသွားလျှင်…





"ဒီမှာ လုံလုံ၊ ကျွန်တော်ပြောတာ မယုံဘူးဆိုရင် ခင်ဗျား
ကိုယ်တိုင်လည်း စုံစမ်းကြည့်လိုက်ဦးပေါ့၊ ခင်ဗျားရဲ့ 'မောင်'
ကို လည်း သတ္တိရှိရင် မြောင်မေးကြည့်လိုက်၊ ဘယ်သူပြောတာ
ည်း ဘာညာနဲ့ ဖြူးဖြဲလုပ်ရင် ဒီကောင့်ကို ကျွန်တော့်ဆီသာ
တ်လိုက်၊ ကိစ္စမရှိဘူး…ကျွန်တော် ရှင်းနိုင်တယ်၊ ခင်ဗျားတော့
သူ့အလိမ်အညာတွေကို ဆက်ပြီး နားမယောင်စေနဲ့ပေါ့၊ နားယောင်
ဦးမယ်ဆိုလည်း ခင်ဗျားသဘောပါ၊ နွေနွေလုံဆိုတာ အချစ်
သူရဲကောင်းမကြီးအဖြစ်နဲ့ ရာဇဝင်မှာ ကျန်ရစ်ခဲ့မှာပါ၊ စိတ်ချ…
ကျွန်တော့်ဘက်ကတော့ ပြောစရာရှိတာ ပြောလိုက်ပြီ"

"ကျေးဇူးတင်ပါတယ်…ဦးအာကာချမ်းထက်ရေ"

သူမက ခနိုးခနဲ့ ဆိုသည်။

ဒီတော့လည်း သူ ပြုံးမိပြန်၏။

"ကျေးဇူးတင်ရမယ်လေ၊ နောက်ဆို ဒီထက်တောင်
သိတတ်ပြီး ကျေးဇူးဆပ်ချင်စိတ်တောင် ပေါက်သွားဦးမယ်"

"အံမယ်…"

"ခင်ဗျားက ထူးဆန်းတယ်၊ ခင်ဗျားခေါင်းထဲမှာ အချစ်
သစ် မရှာဘူး၊ ရည်းစားဟောင်းကိုပဲ သစ္စာရှိရှိ စောင့်စားမယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်ကြီးက အရိုးစွဲနေတယ်၊ အဲဒါကြီးကို ဖျောက်ပစ်လိုက်
တော့၊ အသစ်က ပိုကောင်းနေရင်လည်း ပြောင်းပြီးတော့ စဉ်းစား
ပေးရမှာပေါ့ဗျာ… မဟုတ်ဘူးလား၊ ခင်ဗျားရင်ထဲက အယူအဆ
ဟောင်းတွေကို လိုအပ်ရင် ဆန့်ကျင်ရမယ်၊ ကျော်ခိုင်းရမယ်ဆို
သိရဲ့လား”

“ဟုတ်ကဲ့ပါရှင်…အခုလို သဘောပေါက်နားလည်
အောင် ရှင်းပြပြီး အကြံကောင်းပေးနိုင်တဲ့အတွက် ရှင့်ကို
ချီးမွမ်းပါတယ်”

“ဟား…ဟား…ဟား”

လုံလုံ ရွှဲပြောပုံလေးကို သူ မရယ်ဘဲ မနေနိုင်…

“ဒါဆိုလည်း ဆက်ပြီးတော့ အကြံပေးလိုက်ဦးမယ်
ခင်ဗျားရင်ထဲမှာရှိတဲ့ အချစ်စစ်စစ်ကို လွတ်လပ်ခွင့် ပျော်ခွင့်ပေး
လိုက်ပါ၊ ကျွန်တော့်ကို မညာနဲ့တော့၊ လုံလုံ့ရင်ခုန်သံကို ကျွန်တော်
ကြားခဲ့တယ်လေ၊ ခုထိလည်း ပြန်စဉ်းစားမိရင် ပျော်နေတုန်းပဲ
တစ်သက်လုံးလည်း မေ့မှာ မဟုတ်တော့ဘူးဗျ…သိလား”

“ကဲ…ဒါပဲ မဟုတ်လား”

လုံလုံ့အသံလေးက ရှက်စနိုး…။





အာထက် မျက်နှာလေးက ရယ်ကျဲကျဲ ဖြစ်နေရသည်။

ပွဲလန့်တုန်း ဖျာခင်းတယ်လို့ပဲထင်ထင်…။

ထင်ချင်ရာသာ ထင်ပစေ…။

သူကတော့ နွေနွေလုံကို ချစ်တယ်ဆိုတာ ထပ်ခါ ဖွင့်
ဟပြချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညကတည်းက ဟိုတွေးဒီတွေးနှင့် စိတ်လှုပ်ရှားပြီး ကောင်း ကောင်း အိပ်မပျော်ခဲ့။

မောင်နှင့် မျက်နှာချင်းဆိုင် ဖြေရှင်းရမည်။

မောင့်ကို အိမ်လာခဲ့ပါဟု ခေါ်ထားသည်။

မနက်စောစော သူ လာခဲ့မည်ဟု မောင်က ဆိုသည်။

လုံလုံက ဖြုန်းခနဲ ချမေးဖို့ ရည်ရွယ်သည်။

ဖုန်းထဲက မေးလိုက်လျှင် ငြင်းကွယ်ဖုံးဖိလိုက်တဲ့ မျက်နှာ…သူ့မျက်လုံး အပြောင်းအလဲကို လုံလုံ မြင်တွေ့ မဟုတ်ဘူးလေ…။





ညိုမီလွင်ကို တိတ်တဆိတ် လက်ထပ်ထားတာ ဟုတ်သလားဟု မောင့်မျက်နှာကို စေ့စေ့ကြည့်ကာ မေးခွန်းထုတ်ချင်သည်။

ထို့ကြောင့် သူမက နံနက်အစောကြီးကပင် အိပ်ရာနိုးပြီး ကြိုတင် စောင့်မျှော်နေခဲ့သည်။

မောင်ကတော့ ဘာမှ မသိသေးပုံဖြင့်…

"အိပ်ရာ နိုးနိုးချင်း ချစ်လေးဆီ လာခဲ့ရမယ် ဟုတ်လား၊ မောင့်ကို သတိရလို့လား၊ ချစ်လေး စိမ်းကားရက်စက်တာတွေ တောင်းပန်မလို့လား၊ ရပါတယ်ကွာ…ချစ်သူချင်းပဲ၊ နားလည် ခွင့်လွှတ်ရမှာပေါ့"

"တောင်းပန်မလို့ မဟုတ်ပါဘူး၊ လုံလုံမှာ ဘာအပြစ်ရှိလို့ တောင်းပန်ရမှာလဲ၊ အခုဟာက စကားပြောချင်လို့ပါ"

"အိုကေ…စကားပြောချင်ရင် တဝကြီးပြော၊ မောင်တို့ ပြေလည်ငြိမ်းချမ်းရေး ရသွားပြီနော်…ဒါပဲ၊ မောင် ချစ်လေး အတွက် မုန့်ဟင်းခါး ဝယ်ခဲ့မယ်…ဟုတ်ပြီလား၊ စောင့်နေနော်… ရှတ်"

သူက ဘာမှမဖြစ်လေဟန်ပင် ဟန်မပျက် ခါတိုင်းလိုပဲ ဖုန်းထဲကပင် အနမ်းပေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေနွေလုံကတော့ မျက်မှောင်လေး ခပ်ကုပ်ကုပ်နှင့် မပြုံးနိုင် မရယ်နိုင် ငြိမ်သက်တွေးတောနေမိသည်။

မနက်လင်းတော့ မျက်နှာသစ် အဝတ်အစားလဲပြီး ဧည့်ခန်းမှာ ထိုင်လိုက်၊ အပြင်ဘက် လှမ်းမျှော်လိုက် လုပ်နေမိသည်။

လုံလုံ့ရင်မှာ ဘယ်လိုမှ မငြိမ်သက်နိုင်ပေ။

မောင် ဝန်ခံမလား…ငြင်းဆိုမလား…။

သူမ အရမ်းသိချင်နေမိသည်။

တထိတ်ထိတ် ဖြစ်နေသော ရင်မှာ တုန်ရီလှုပ်ရှားလျက်ရှိ၏။

ထိုအချိန်မှာပင် ဧည့်ခန်းက တယ်လီဖုန်းက တီခနဲ မြည်လာခဲ့သည်။

လုံလုံက ဖုန်းခွက်ကို ဖျတ်ခနဲ ကောက်ကိုင်ရင်း…

"ဟက်လို…"

သူမ ထူးသံပေးသော်လည်း ဟိုဘက်က ဘာမှ မတုန့်ပြန်ဘဲ ငြိမ်သက်တိတ်ဆိတ်နေ၏။

"ဟက်လို…ဘယ်သူလဲ မသိဘူး"

"အခုပြောတာ နွေနွေလုံလား"





တစ်ဖက်က ပြန်မေးသဖြင့်…

"ဟုတ်ပါတယ်"

"နွေနွေလုံ…တို့ပါ၊ ညိုမြီပါ"

"ဟင်"

မထင်မှတ်ဘဲ ညိုမြို့ထံက ဖုန်းကဝင်လာရာ သူမရင်ထဲ ဒိန်းခနဲ မြည်သွားရပါသည်။

"တို့နဲ့ မင်းခုံကိစ္စ နွေနွေလုံ သိသွားပြီဆို၊ တို့ အရင်ကတည်းက မင်းခုံကို ပြောပါတယ်၊ နင့်ချစ်သူကို ဖွင့်ပြောပြပြီး တိုင်ပင်ဦးလို့၊ ခွင့်ပြုမှ လက်မှတ်ထိုးမယ်လို့"

ညိုမြို့စကားကြောင့် သူမရင်ထဲမှာ ဝုန်းခနဲ မြည်သံတစ်ခုနှင့်အတူ ခေါင်းထဲပင် မိုက်ခနဲလိုလို ဖြစ်သွားမိသည်။

ဘုရားရေ…ဒါဖြင့် ဒီကိစ္စဟာ တ…တကယ်။

မယုံနိုင်အောင် အံ့အားတသင့် မင်သက်လွင့်မျောသွားရ၏။

"တို့မှာ မလွဲသာမရှောင်သာတဲ့ အကြောင်းရှိနေလို့ မင်းခုံက တို့ကို သနားစိတ်နဲ့ ကူညီတာပါ၊ တို့လည်း သူ့ကို အရမ်းကျေးဇူးတင်တယ်၊ တို့အပေါ် ဘဝနဲ့ရင်းပြီး ကူညီဝံ့တာ သူတစ်ယောက်ပဲ ရှိတယ်၊ တို့ အရမ်းလည်း လေးစားတယ်၊ သူ တို့အပေါ် ကောင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



လွှန်းလို ကြည်နူးပြီး မျက်ရည်တောင် ကျမိပါတယ် နွေနွေလုံ ရယ်… မင်းဖုံက တကယ် ရိုးရိုးသားသား ကူညီတာပါ၊ တို့ရဲ့ ကယ်တင်ရှင်ပါ၊ အခု တို့ကြောင့် နွေနွေလုံတို့ ပြဿနာဖြစ်နေတယ် ကြားတော့ တို့ အရမ်း စိတ်မကောင်းဖြစ်မိတယ်၊ ဒါကြောင့် ရှင်းပြ မယ်ဆိုပြီး နွေနွေလုံ့ဆီ ဖုန်းဆက်တာပါ၊ ဟက်လို… ဟက်လို… ကြားရဲ့လားဟင်"

"သြော်…အဟင်း၊ ကြားပါတယ် ညိုမီလွင်၊ အားလုံး ကြားရပါတယ်"

"ညိုမီ တောင်းပန်ပါတယ် နွေနွေရယ်…နွေနွေ့ဆီကနေ လုယူတာ မဟုတ်ဘူးနော်၊ တို့ အဲလိုသဘောထားမျိုး လုံးဝမရှိဘူးဆို တာ ယုံပါ၊ တို့နဲ့ မင်းဖုံက သိပ်သံယောဇဉ်ကြီးတဲ့ သူငယ်ချင်းတွေ ပါ၊ တကယ် လင်မယားအစစ် မဟုတ်ပါဘူး၊ တို့ပြောတာ နွေနွေ ယုံရဲ့လားဟင်"

နွေနွေလုံသည် နှုတ်ခမ်းလေးမဲ့ကာ နားထောင်နေမိရာက စကားပြန်မပြောနိုင်ပေ။

မင်းဖုံ…မင်းဖုံ…

ကြည့်ပါဦး…လုံလုံ့အပေါ် သူ ရက်စက်လိုက်တာ။





ချစ်သူကို လွမ်းလွမ်းလို့ သေရတော့မယ်ပြောပြီး ဟိုမှာ တခြား မိန်းကလေးနှင့် လက်ထပ်ရသတဲ့။

သူမ အံ့ဩတုန်လှုပ်မိကာ ကတုန်ကယင်ပင် ဖြစ်နေ သည်။

သိချင်နေသော အရာကို အခုတော့ သိလိုက်ရပြီ။

ကဲ…နင် အခု ဘာတတ်နိုင်သေးလဲ နွေနွေလုံ…

သူ့မိန်းမကိုယ်တိုင်က နင့်ဆီ ဖုန်းဆက်ခဲ့ပြီလေ။

သိခွင့်ရလိုက်တာကိုပဲ ကံကောင်းတယ် မှတ်ယူရမလား။

"ဟက်လို…နွေနွေ"

တစ်ဖက်က အသံပြုနေ၏။

ထိုအချိန်မှာပင် မင်းဖုံက အသင့်ဖွင့်ထားသော ခြံဝင်းတံခါး ကနေ မုန့်ဟင်းခါးချိုင့်လေး ဆွဲလျက် လှမ်းဝင်လာနေတာ တွေ့ရ သည်။

"ကျွန်မမှာ ပြောစရာမရှိပါဘူး ညိုမီ၊ ဟော…အတော်ပဲ မင်းဖုံလည်း ရောက်လာပြီ၊ ညိုမီ သူနဲ့ပဲပြောလိုက်ပါ၊ ခဏလေး…"

နွေနွေလုံက ဖုန်းခွက်ကို ဘေးချလျက် မင်းဖုံနှင့် ရင်ဆိုင် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးပေါ် လက်ထောက်လျက် သူ့ကို စူးစူးရဲရဲ ကြည့်နေ

သော နွေနွေလုံ့ရဲ့ ပုံစံကိုမြင်လျှင်…

"လုံလုံ…ဘာဖြစ်လို့လဲ၊ မောင် နောက်ကျလို့လား

မုန့်ဟင်းခါး ဝင်ဝယ်…"

"မုန့်ဟင်းခါးက အရေးမကြီးဘူး ဦးမင်းဖုံ၊ ဟိုမှာ ရှင့်မိန်း

ဖုန်းဆက်နေတယ်၊ သွားပြောလိုက်ပါဦး"

"ဘာ…မောင့်မိန်းမ"

"ဟုတ်ပါ့…ရှင့်မိန်းမ ညိုမီလွင်လေ"

"ဟာ"

ဒီတော့မှ မင်းဖုံ ချောက်ချားတုန်လှုပ်ခေါင်းနပန်း ကြီးသွား

ရသည်။ ဒီမှာ အာကာ့ကြောင့် ပြဿနာတွေ ရှုပ်နေရတဲ့အထဲ

ညိုမီတို့က ရှင်းမရအောင် လုပ်ချလိုက်ပြီ။

လိုက်ကာလေးဖယ်ပြီး ဧည့်ခန်းသို့ ထွက်လာသော

ဒေါ်လေးသိန်းမှာလည်း နွေနွေလုံ့တို့နှစ်ဦးရဲ့ ပဋိပက္ခနှင့် 'ရှင့်မိန်းမ'

ဆိုသော အသုံးအနှုန်းကြောင့် အံ့အားသင့်ပြီး ခြေစုံရပ် ကြောင်ငေး

သွားရသည်။

မင်းဖုံက ကယောင်ကတမ်း ဖုန်းကို သွားကောက်ကိုင်





နားနှင့်ကပ်ပြီးမှ အယောင်ယောင်အမှားမှား ပုခက်ပေါ် ပြန်လွှတ်ချ

လိုက်သည်။

သူ့အမူအရာကို ကြည့်တာနှင့် နွေနွေလုံ သဘောပေါက်

သွားရပြီ။ ထပ်မံ မေးမြန်းစရာပင် မလိုတော့ပါ။

ရုက်ဒေါသနှင့် နာကျင်ဝမ်းနည်း မျက်ရည်တွေဟာ

ဘယ်လိုက ဘယ်လို ပါးပြင်ပေါ် စီးကျလာရသလဲ မသိတော့ပါ။

"လုံလုံ…မောင် ရှင်းပြပါရစေကွာ"

"ဟင့်အင်း…ဘာမှ မရှင်းနဲ့တော့၊ ရှင် အခု ကျွန်မမျက်စိ

ရှေ့က ထွက်သွား၊ ထွက်မသွားရင် ရှင့်ကို ကျွန်မ တစ်ခုခု လုပ်မိလိမ့်

မယ်နော်"

"လုံလုံ…သမီး"

ဒေါသတကြီးနှင့် မျက်ရည်လည်ရွဲ အော်ဟစ်လိုက်သော

လုံလုံ့ကို ဒေါ်လေးသိန်းက ပျာယီးပျာယာ သွားဆွဲထားရသည်။

သူ့ကို ထုရိုက်ကုတ်ဖဲ့ပစ်လိုက်ချင်စိတ်တွေဟာ တဖွားဖွား

နှင့် ထိန်းမရ။

မုန်းတီးခါးသီး နာကြည်းသော မျက်လုံးတွေနှင့်သူ့ကို

စူးစူးဝါးဝါး ကြည့်နေသော လုံလုံ့မျက်ဝန်းတွေကြောင့် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မဟာန်တာသိသော မင်းဖုံက နောက်တစ်လှမ်း အသာဆုတ်လိုက်ပါသည်။

"ရှင့်ကို မုန်းတယ်...သိပ်မုန်းတယ် သိလား"

လုံလုံက ထိုတစ်ခွန်းသာ ဗလုံးဗထွေး ရေရွတ်လျက် ချာခနဲ လှည့်ဝင်သွားပါသည်။

မင်းဖုံက ညှော့ခန်းမှာ မျက်စိပျက် မျက်နှာပျက်နှင့် ကျန်ခဲ့သည်။



ဘဲဥပုံ ကြွေပန်းကန်ပြားလေးတွေကို လက်သုတ်ပုဝါနှင့် တ်တိုက်၍ ရေစင်အောင် သုတ်ပြီးနောက် နွေနွေလုံက ကျွန်းစားပွဲ ေး‌ပေါ် အသာထပ်၍ တင်လိုက်သည်။

ဒီညနေမှာတော့ ညီအစ်မတွေ လုံလုံတို့အိမ်မှာ စုစည်း၍ ညစာ သုံးဆောင်ကြမှာ ဖြစ်တာကြောင့် မမသုန်နှင့် ဖူးဖူးတို့က ညနေကတည်းက ရောက်နေကြပါသည်။

ကော်ကေလေးတော့ ရောက်မလာသေး...။

လုံလုံက ဘယ်သူ့နှင့်မှ စကားသိပ်မပြောဘဲ သူမဘာသာ ခုမ်စရာလေးတွေ လုပ်နေကာ နှုတ်ဆိတ်ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမှာလည်း ခပ်ညှိုးညှိုးလေး ဖြစ်နေ၏။

မင်းဇုံအကြောင်းကို သိသွားကြပြီဖြစ်ပေမယ့် ဘယ်သူ့ကမှ ထိုအကြောင်းကို စကား မစ,ပေ။

လုံလုံ့ပုံစံလေးကိုသာ အသာခိုးကြည့်နေမိကြသည်။

နွေနွေလုံက မျက်လွှာလေးချလျက်သား ပန်းကန်ကိုသာ ပွတ်တိုက်နေသည်။

ထိုအချိန်မှာပင် ခြံဝင်းထဲသို့ ကားတစ်စီးက ဝင်လာသည်။

ကားပေါ်မှ အာကာ၊ မျိုးကိုနှင့် ကေကေတို့ သုံးဦးသား အတူဆင်းလိုက်၏။

ဖူးဖူးက မျိုးကို,ကို ဆီးကြိုသည်။

ကေကေလည်း အတွင်းခန်းဖက် လှစ်ခနဲ ဝင်သွားလေသည်။

"မောင်အာကာတို့ ရောက်လာပြီဟေ့"

မမသုန်က လုံလုံကြားအောင် အော်လိုက်သည်။

ရင်ထဲ ဒုတ်ခနဲ မြည်လျက် စိတ်လှုပ်ရှားသွားရသော်လည်း လုံလုံက ဘာမှမဖြစ်သယောင် ထမင်းစားပွဲနား ရပ်လျက်သာရှိ၏။

အာကာချမ်းထက်က နွေနွေလုံကို မတွေ့ရသဖြင့် ဟိုမျက်လုံးဝေ့ကာ ရှာဖွေရင်း ထမင်းစားခန်းဘက်သို့ လျှောက်လာသည်။





မြီးရှေစားဖို့ ပြင်ဆင်နေတာမို့ မွှေးကြိုင်နေပါသည်။

"ဒေါ်လေးသိန်း...ဒီနေ့ ဘယ်သူ့လက်ရာ စားရမှာလဲဗျ၊ မွှေးနေတာပဲ"

အာထက်က လုံလုံ့နားလို့ မယောင်မလည် ကပ်လာပါသည်။

"ဒီနေ့ကတော့ ပေါင်းစပ်လက်ရာဟေ့"

ဒေါ်လေးက လှမ်းဖြေသည်။

အာကာက ခုထိ သူ့ကို မော့မကြည့်သေးတဲ့ လုံလုံ့ပုံစံလေးကိုသာ အသည်းယားနေမိသည်။

ချစ်သူကြောင့် မျက်နှာပန်းမလှ ဂုဏ်ငယ်ရှာရတဲ့ လုံလုံ့ကို သူ့ရင်မှာ ပိုလို့ပင် ကရုဏာသက်ဝင် မြတ်နိုးရပါသေးသည်။

အားမငယ်ပါနဲ့ လုံလုံရယ်...။

ခင်ဗျားအနားမှာ ကျွန်တော် တစ်သက်လုံး ရှိနေပါ့မယ်။

"ဒေါ်လေးရေ..."

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ လုံလုံနဲ့ စီးတီးမတ်ဘက် ခဏသွားမ
နော်၊ သစ်သီးလေးဘာလေး သွားဝယ်ရအောင်"

"ဩော်…အေး…အေး"

ဒီတော့မှ နွေနွေလုံက သူ့ကို ဖျတ်ခနဲ မော့ကြည့်ပြီး

"ရှင့်ဘာသာ သွားပါလား"

"ဟာ…လုံလုံလိုက်ခဲ့မှ ဖြစ်မှာပေါ့"

"ဘာကြောင့် ကျွန်မက လိုက်ရမှာလဲ"

"လာစမ်းပါကွာ"

သူက လူအလစ်မှာ ဖျတ်ခနဲ လက်ဆွဲခေါ်သည်။ အ
ဒီနားမှာရှိတဲ့ သူတွေကလည်း တစ်ယောက်မှ မရှိတော့
ကိုယ်ရောင် ဖျောက်သွားပြီ။

နွေနွေလုံက နှုတ်ခမ်းလေးကိုက်ကာ သူ့ဘက် မျက်စေ
တစ်ချက် ရွယ်ပြီးမှ အင်တင်တင်လေး ပါလာပါသည်။

လုံလုံ့ကိုခေါ်ပြီး ကားပေါ် တက်ခါနီးမှာ…

"အကြီး…မင်းအကြံ ငါသိတယ်နော်"

"ဟား…ဟား…ဘာလဲဗျ"

မျိုးကိုက လှမ်းနောက်သဖြင့် လုံလုံ့မျက်နှာလေး နီ





ပြေးသွားရသည်။ မကြားယောင်ဆောင်ကာ ကားပေါ် ဖျတ်ခနဲ
တက်ထိုင်လိုက်ရသည်။

"ဟော့ကောင်…ထမင်းစားချိန်အမီလည်း ပြန်လာဦး
နော်"

"လာမှာပါဗျာ"

အာကာက စပ်ဖြီးဖြီးလေး မှိုရသောမျက်နှာမျိုးနှင့် လုံလုံ့
ဘက်သို့ ချိုမြိန်ကြည်နူးစွာ လှည့်ကြည့်သည်။

လမ်းမပေါ်သို့ ရောက်တာနှင့် ဆက်ပြီး မအောင့်နိုင်တော့
သလို…

"မင်းဖုံ ပြန်သွားပြီ မဟုတ်လား၊ ခင်ဗျား လေဆိပ်လိုက်ပို့
သေးလား"

"ဘာလို့ လိုက်ပို့ရမှာလဲ"

"တကယ် ပြတ်သွားပြီပေါ့…သေချာပြီပေါ့"

"သိပ်လည်း ဝမ်းသာမနေနဲ့"

"ဟာ…ဝမ်းသာတာပေါ့၊ ကျွန်တော် အရမ်းပျော်နေတာ
ကျွန်တော်တို့ ချစ်လိုက်စို့နော်၊ လုံလုံ…အဖြေပေးတော့လေဗျာ"

"ဘာအဖြေမှ မပေးနိုင်ဘူး၊ စိတ်ကူးလည်း မယဉ်နဲ့၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အချစ် အကြောင်းလည်း မစဉ်းစားချင်ဘူး၊ ဘယ်သူ့ကိုမှလည်း မချစ်ချင်တော့ဘူး၊ တော်ပြီ. . .ယောကျ်ားတွေကို စိတ်နာတယ်"

"ဟာဗျာ. . .ဒီလိုစိတ်ကုန်တဲ့ လေသံကြီးတော့ မလုပ်ပါနဲ့ဒါ ကျွန်တော်တို့နှစ်ယောက် အစွမ်းကုန် ချစ်ရမယ့်အချိန်၊ ပျော်ရမယ့်အချိန်ဗျာ"

သူ့စကားကြောင့် လုံလုံက မနေနိုင်ဘဲ မျက်စောင်းရှယ်မိပြန်သည်။

အစွမ်းကုန်ပဲ ချစ်ရဦးမယ်. . .။

လာလာချည်သေး. . .။ ဟွန်း. . .။

"အင်း. . .မိန်းမစောစောလေး ကောက်ယူထားတဲ့ မင်းခုံကို ကျေးဇူးတင်ရမယ်နော်၊ ကံကောင်းလို့သာ လုံလုံ့ကို ပိုင်ဆိုင်ခွင့်ရမှာ"

"အံမယ်. . .ရှင့်ကို ဘယ်သူက ပိုင်ဆိုင်ခွင့်ပေးမယ်ပြောလို့လဲ"

သူက တောက်ပရွှန်းရီသော မျက်လုံးကလေးနှင့် လုံလုံ့ဘက် တစ်ချက်စွေစောင်းကြည့်ကာ ပိုင်နိုင်သေချာသော ပြုံးတုံ့တုံ့အမူအရာနှင့် ကားကို မီးပွိုင့်မှာ ခပ်ဖြေးဖြေး ရပ်သည်။





ပြီးလျှင်. . .သူမ ဘာပြောပြော စိတ်ထဲက သူ့ကိုချစ်နေတာ သေချာပါတယ်ဆိုသော ပုံစံနှင့် ကျေနပ်ဝမ်းမြောက်စွာ လုံလုံ့ဘက် ယိုင်ပြီး ပုခုံးကလေးကို ဖွဖွဖက်လိုက်သည်။

လုံလုံ့ရင်ထဲမှာ နွေးခနဲဖိုက်ာ ရှက်သွားရလျှင် သူက တီးတိုးလေး ကပ်ပြောသည်။

အရမ်းချစ်တာပဲ လုံမရယ်. . .တဲ့။

ဆုလေးနွယ်



www.burmeseclassic.com